


www.burmeseclassic.com
မင်းမြတ်သူရ
ကမ်ဘ်ကောင်ဘွား
BURMESE CLASSIC
လျှို့ဝှက်ဆန်းကြယ် စာပေမှာယနေ့နှုန်းပါတ် (၂)
www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ၊မေလ၊ ပထမအကြိမ် အုပ်ရေ ၅၀၀အုပ်။
တန်ဘိုး(၅၀၀)ကျပ် ဖြင့်ရောင်းချပြီး
ဦးသက်လွင်(သစ္စါမွန်စာပေ)(၀၀၇၇၃)
ကျောက်မြောင်း၊တာမွေမြို့နယ်၊ရန်ကုန်မြို့မှ ထုတ်ဝေပါသည်။
အတွင်းနှင့် မျက်နှာဖုံးကို ဦးသက်လွင်(၀၀၆၅၁)သစ္စါမွန်
ပုံနှိပ်တိုက်၊အမှတ်(၁၀၆)၊
တာမွေလမ်း၊တာမွေကြီး(က+ဂ)ရပ်ကွက်၊
တာမွေမြို့နယ်၊ရန်ကုန်မြို့ မှရိုက်နှိပ်ပါသည်။ ကွန်ပျူတာစာစီကို
ပန်းအိစံ မှ တာဝန်ယူပါသည်။ ရန်မျိုးအောင် စာပေမှ ဖြန့်ချိပြီး
အတွင်းဖလင် အီးဂဲလ်၊ စာအုပ်ချုပ် သစ္စါမွန်

မင်းမြတ်သူရ ၈၉၅.၈၃

တစ်ကောင်ဘွား/မင်းမြတ်သူရ၊ရန်ကုန်

သစ္စါမွန်စာပေ၊၂၀၁၆

၂၂၄-စာ၊၁၂×၁၈ စင်တီ

(၁) တစ်ကောင်ဘွား

www.burmeseclassic.com

www.burmeseclassic.com

မြေလတ်ပိုင်း ဒေသရှိ အင်္ဂလိပ် အစိုးရကို ပုန်ကန်သူများ စုပေါင်းနေထိုင် ကြသော စခန်း၌ လူကြီးတစ်ဦးသည် ဖျင်လွယ်အိတ်ကြီးကို စလွယ်သိုင်း လွယ်ထားသော ငုံ့လူငယ်၏ ပခုံးကို ဖက်ပြီး``စံပယ်တောင်ကို ခွဲခွါပြီး သွားပေတော့ ငါ့သား၊ မဲခေါင်နဲ့ တွေ့ရင် အဖေရေးတဲ့ စာကို ပေးပြီး အကြောင်းစုံ ပြောပြလိုက်ပါ။ အားလုံး အဆင်ပြေသွားမယ်၊ အဖေကတော့


www.burmeseclassic.com

www.burmeseclassic.com

စံပယ်တောင်က မခွါဘဲ ပုလိပ်တွေကို ဆက်တိုက် နေရဦးမှာပဲ`` ဟုပြောလိုက်လေ၏။ ထိုအခါ လှငယ်က လှကြီး မျက်နှာကို နားမလည်ဟန်ဖြင့် ကြည့်ရင်း``စံပယ်တောင်ကြီး ကျသွားမယ် ဆိုတာ ကြိုသိနေရက်နဲ့ အဖေတို့ ဘာကြောင့် ဆက်တိုက် နေတာလဲ ``ဟုမေးမြန်းလိုက်ရာ လှကြီးက အတန်ကြာအောင် ငြိမ်သက်နေပြီး``မျိုးချစ်စိတ်နဲ့ ဂုဏ်သိက္ခာ ကြောင့် ပေါ့ကွာ၊ မြန်မာဆိုတာ ဘယ်တော့မှ မရှုံးမပေးဘူးကွ၊ နယ်ချဲ့ကို ဒူးမထောက် လက်မမြှောက်ဘူး၊ မြန်မာဖြစ်နေသရွေ့ အဖေတို့ အရှုံးပေးလို့ မရဘူး။ အဖေတို့ အသက်မဆုံးရှုံးသရွေ့ စံပယ်တောင်ကို အကျခံလို့မရဘူး၊ ဒီလိုပဲ ဆက်တိုက်နေရဦးမှာပဲ ဗိုလ်မင်းရောင် နဲ့ ဗိုလ်ချိုလဲ ဒီလိုပဲ၊ ဗိုလ်ခေါင်းကြီးလဲ ဒီလိုပဲ၊ ဆက်တိုက်နေကြတာပဲ၊ မြန်မာ့သွေးက နီတယ်ငါ့သား`` ဟုဆိုလိုက်ရာ သားဖြစ်သူ လှငယ်က သက်ပြင်းချပြီး ``အဖေတို့က မိုက်ရူးရဲ ဆန်နေတာဗျ၊ တကယ်တော့ စံပယ်တောင် ကျသွားလဲ ဘာအရေးလဲ၊ ကိုယ့်ထက် လက်နက် အင်အား လူအင်အားသာတဲ့ စစ်ပုလိပ်တွေကို နည်းချူဟာ

တစ်နည်းကောင်းသွား


www.burmeseclassic.com

www.burmeseclassic.com

ပြောင်းပြီး တိုက်ပွဲဝင်သင့်တယ်`` ဟုမှတ်ချက်ချလိုက်၏။

လူငယ်၏ မှတ်ချက်ကြောင့် ဖခင်ဖြစ်သူက ခေါင်းခါယမ်းလိုက်ပြီး

``မိုက်ရူးရဲဆန်တယ်လို့ မပြောပါနဲ့ကွာ၊ ငါ့သားမှာ '

ပြောခွင့်မရှိဘူး၊ ဘာကြောင့်လဲဆိုတော့ ငါ့သားက

မြန်မာတစ်ယောက် ဖြစ်နေလို့ပဲ၊ အဖေတို့ ဗျူဟာ မှားနေတာ

လက်ခံပါတယ်၊ ဒါပေမဲ့ အဖေတို့ တိုင်းရင်းသားတွေမှာ ဒီလို

ဗျူဟာသုံးဖို့ အသင့် မဖြစ်သေးဘူး၊ နောက်တော့ ငါ့သား

သိလိမ့်မယ်၊ ကဲ့..ငါ့သား သွားပေဦးတော့ ကံမကုန်သေးရင်တော့

ပြန်ဆုံကြသေးတာပေါ့ကွာ`` ဟုတိုးတိုးပြောလိုက် လေတော့၏။

လူငယ်က လူကြီး၏ပခုံးကို ဖက်လိုက်ပြီး ``သွားပြီအဖေ၊ သေကံ

မရောက်ရင်တော့ သက်မပျောက်ပါဘူး၊ ကျမ်းမာရေးကို

ဂရုစိုက်ပါ`` ဟုပြောပြီး ဖခင်ဖြစ်သူအား ကျောခိုင်းပြီး

စံပယ်တောင်မှ ခြေလှမ်းကြဲကြီးဖြင့် ဆင်းလာခဲ့၏။

ဤတစ်ကြိမ် ဖခင်နှင့် ခွဲခွာခဲ့ပြီး နောက်တစ်ကြိမ် ပြန်ဆုံ

တွေ့မည်ဆိုတာ မသေချာမှန်း လူငယ်ရိပ်စားမိ၏။ ဖခင်ကို


www.burmeseclassic.com

www.burmeseclassic.com

သက်ရှိထင်ရှား အနေဖြင့် နောက်ဆုံး မြင်တွေ့လိုက်ရခြင်းလည်း ဖြစ်နိုင်၏။ မည်သို့ပင်ဖြစ်စေ မိမိ ဘဝခရီးစပြီဟု လူငယ် နားလည်ထား လိုက်၏။ ဆူးခင်းလမ်းလေလား ပန်းခင်းလမ်း လေလားမသိ... ဖခင်ပေးအပ်သော တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရပေတော့မည်။


www.burmeseclassic.com

www.burmeseclassic.com

လှငယ်သည် ခရီးထွက်ရင်း ဖခင်၏ အကြောင်းကို စဉ်းစားလာမိ၏။ ဖခင်သည် မြန်မာပြည် အထက်ပိုင်းရှိ လယ်ပိုင်ရှင်မိဘများမှ မွေးဖွါးပြီး ဖခင်၏ ဆွေမျိုးရင်းချာများ တစ်ဦးမှာ ရွှေနန်းတော်အတွင်း ခံစားရသော ဗိုလ်မင်းတစ်ဦး ဖြစ်သည်ဆို၏။ ဖခင်သည် သူရသတ္တိနှင့် ပြည့်စုံသူ ဖြစ်သောကြောင့် အရွယ်ရောက်နေသည်နှင့် ဗိုလ်မင်းဟာန်၏ တပ်သို့ဝင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်မင်းဟန်သည် အရှင်နှစ်ပါး ပါတော်မူ ပြီးနောက် နယ်ချဲ့အစိုးရကို ကိုယ်နည်းကိုယ့်ဟန်ဖြင့် တွန်းလှန်နေသူ ဖြစ်၏။ ဖခင်သည် နှစ်အနည်းငယ်အတွင်း ဗိုလ်မင်းဟန်၏ လူယုံဖြစ်ပြီးနောက် ဗိုလ်မင်းဟန်၏ သမီး ဒေါ်အိမ်သူနှင့်ပင် အကြောင်းပါ ခဲ့လေ၏။ ဗိုလ်မင်းဟန် ကျဆုံး ပြီးနောက် တော်လှန်ရေးအဖွဲ့ကို ဖခင်ကပင် ဆက်ပြီး ဦးဆောင်ခဲ့လေ၏။ ဖခင်လက်ထက်တွင် တော်လှန်ရေး အင်အားစုများကို ပိုမိုချဲ့ထွင်နိုင်ခဲ့ပြီး နယ်ချဲ့ စစ်ပုလိပ်များ၏ အကြိမ်ကြိမ် တိုက်ခိုက်ခြင်းကို ခံရ၏။ ရှမ်းပြည်ဘက်တွင် ဖြစ်ပွါးသော စစ်ပွဲ၌ မိခင်ကိုယ်တိုင် ကျဆုံးခဲ့ရ၏။ မိခင်ကျဆုံးသောအချိန်၌ လှငယ်၏ အသက်သည် ၁၃ နှစ်အရွယ်သာ ရှိသေး၏။ ဗြိတိသျှအစိုးရသည် မြန်မာပြည်ကို သိမ်းပိုက်ပြီးနောက် နေရာအနှံ့ရှိ မျိုးချစ်တပ်ဖွဲ့ များကို နှစ်ပေါင်းများစွာ တွန်းလှန် တိုက်ခိုက်ခဲ့ရ၏။ ထိုသို့ တွန်းလှန် တိုက်ခိုက်ရာတွင် အိန္ဒိယရှိ စစ်ပုလိပ်များကို ခေါ်ယူ နှိမ်နင်းခဲ့ရ၏။ မည်သို့ပင် နှိမ်နင်းစေကာမူ မျိုးချစ်များက မြန်မာပြည်အနှံ့ ပုန်ကန်ထကြွလို့သာ နေသဖြင့် ဗြိတိသျှ အစိုးရ


www.burmeseclassic.com

www.burmeseclassic.com

များစွာ အခက်ကြုံရ၏။ ထိုကြောင့် ဗြိတိသျှအစိုးရသည် မျိုးချစ် ခေါင်းဆောင်များကို ရွေးချယ်ပြီး အမှည့်ခြွေပစ်ရန် စီမံကိန်း သစ်တစ်ခုကို ရေးဆွဲလေတော့၏။ ဤဇာတ်လမ်းတစ်ခုလုံးသည် ထိုစီမံကိန်းကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

လူငယ်၏ ဖခင် ဦးတိုက်မောင်းသည် အတွေ့အကြုံများသော တော်လှန်ရေး ခေါင်းဆောင် တစ်ဦးပီပီ မကြာမီ နယ်ချဲ့ စစ်ပုလိပ်များနှင့် ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပွါးတော့မည်ဟု ကြိုတင်ရိပ်စားမိ၏။ ထို့ကြောင့် သူ၏ တစ်ဦးတည်းသောသား သီဟကို စံပယ်တောင်နှင့် ပေးရာအရပ်သို့ ကြိုတင် ရှောင်တိမ်း နိုင်းခြင်းဖြစ်၏။ ထိုစဉ် သီဟက ``တိုက်ပွဲတွေ ပြင်းထန် တော့မှာကို သိရက်နဲ့ ကျွန်တော်က ရှောင် ထွက်ပြေးရမယ် ဟုတ်လား၊ ကျွန်တော့်နံမည် သီဟ ဆိုတာ ခြင်္သေ၊ ခြင်္သေ့ဖြစ်ပြီး

တစ်ကောင်ဘွား


www.burmeseclassic.com

www.burmeseclassic.com

ရှောင်တိမ်းပြေးရမယ် ဆိုရင် တော်လှန်းရေး ရဲဘော်တွေကို

ကျွန်တော် ဘယ်လို မျက်နှာပြရမှာလဲ`` ဟုမေးမြန်းခဲ့ဘူး၏။

ခင်ဖြစ်သူက ခေါင်းခါယမ်းပြီး``အဖေ သူ့ရဲဘောကြောင်ပြီး

ကိုယ့်ရင်သွေးကို နယ်ချဲ့လက်က ရှောင်တိမ်း နိုင်းတာ

မဟုတ်ဘူး။ ငါ့သား မှာ စွမ်းရည်တွေ ရှိတယ်။ ဒီ စွမ်းရည်တွေကို

အသုံးချပြီး စစ်ပုလိပ်တွေကို အဖေတို့ ကိုယ်စား လက်စားချေ

ပေးရမယ်။ ဒီလို လက်စားချေတဲ့ နေရာမှာ ငါ့သားရဲ့

လက်ရုံးရည်နဲ့ နှလုံးရည်ကို အသုံးပြုရမယ်၊ ငါ့သားဟာ

စစ်ပုလိပ်တွေကို ဓားတစ်စင်းနဲ့ တွန်းလှန် ဖြိုဖျက်မဲ့ အစား

နှလုံးရည်နဲ့ တိုက်ပွဲ ဆင်ရမယ်။ အဖေ့သွေး စစ်စစ် ဆိုရင်

နယ်ချဲ့စစ်ပုလိပ်တွေကို ကောင်းကောင်း ဒုက္ခပေးနိုင်သူ

ဖြစ်ရမယ်``ဟု လေးနက်စွာ မှာကြားလေ၏။ သီဟသည် ဖခင်

ဖြစ်သူ၏ စကားကို မြေဂယ်မကျ နားထောင်ပြီး နယ်ချဲ့ ကို

တွန်းလှန်ဖြိုဖျက်မည်ဟု ဆုံးဖြတ်ချက်ချထားလေ၏။


www.burmeseclassic.com

www.burmeseclassic.com

ရှမ်းပြည်ဘက်မှ လာသော မိုးရထားကြီးသည် သာစည်ဘူတာသို့ ဆိုက်ကပ်ပြီး ခဏအကြာတွင် ဘူတာမှပြန်လည် ထွက်ခွါ ခဲ့လေ၏။ သာစည်ဘူတာ၌ ခရီးသည်များ ဆင်းသွားကြသဖြင့် ရထားပေါ်တွင် ခရီးသည် နည်းပါးသွားလေ၏။

ရထားထွက်ပြီးနောက် ခရီးသည်များသည် ရထားပေါ်တွင် အိပ်ငိုက်ပြီး လိုက်ပါလာလေ၏။ ထိုအခိုက်မှာပင် မြက်ခမောက်

www.burmeseclassic.com

www.burmeseclassic.com

ဆောင်းထားသော လူနှစ်ဦး တက်လာပြီး လက်ထဲရှိ ဓားရှည်များကို ဝှေ့ယမ်းကာ တစ်ဦးက ``အိပ်ငိုက်နေတာတွေ ရပ်ပြီး အဘိုးတန် ပစ္စည်းတွေ အကုန်ထုတ်လိုက်စမ်း၊ အကုန် မထုတ်ဘဲ ဝှက် ထားလို့ရတော့ အသက်ပါပေးရမယ်၊ ဒီလမ်းပေါ်မှာ အိုက်ပန်နဲ့ အိုက်စံ ဆိုတာ ကြားဖူးတယ် မဟုတ်လား``ဟု ဆိုလိုက်ရာ အိုက်ပန်နှင့် အိုက်စံ ဆိုသည်မှာ နံမည်ကြီး ဓားပြညီနောင်ဖြစ်သဖြင့် ခရီးသည်များ တုန်လှုပ်ချောက်ချား သွားလေ၏။ အိုက်ပန်တို့သည် လက်နက်အားကိုးဖြင့် ခရီးသည်များထံမှ လက်ဝတ်ရတနာများကို လုယက်ယူငင်လေ၏။ ခရီးသည်များသည် အိုက်ပန်တို့ ညီအစ်ကို၏ ရက်စက် ကြမ်းကြုတ်ပုံကို သိနားလည်သဖြင့် ပါသမျှ ပစ္စည်းများကို နှမြောတသစွာဖြင့် ထုတ်ပေးကြလေ၏။ ဓားပြညီနောင်သည် ရထားတွဲပေါ်တွင် လိုက်ပါလာသူများ အားလုံး တစ်ယောက် မကျန် ဓားပြတိုက်ယူရင်း အသက် ၁၈နှစ်အရွယ် မိန်းမပျိုလေး တစ်ဦး၏ နားကပ်ကိုပင် အတင်းအဓမ္မ ချွတ်ယူရန်ကြိုးစားသဖြင့် ကလေးငယ်သည် ကြောက်ရွံ့စွာ ငိုကျွေးလေ၏။ ထိုအခိုက်တွင်ပင်


www.burmeseclassic.com

www.burmeseclassic.com

တွဲနောက်ဆုံးရှိ ခုံတန်းလျားတွင် အိပ်စက်နေသော လူငယ် တစ်ယောက်သည် အိပ်ယာက လန့်နိုးဟန်ဖြင့် ထရပ်လိုက်ပြီး ``ဒီမှာ..ခင်ဗျားတို့ လွှန်လွှန်းနေပြီ..ကလေးတစ်ယောက်ဆိက ပစ္စည်းကိုတောင် ခါးပြတိုက်တယ် ဆိုတော့ တော်တော်ကို အကြင်နာတရားမဲ့ပြီး ရိုင်းပြတဲ့လူတွေပါလား``ဟုပြောလိုက်ရာ ဓားပြညီနောင်သည် လူငယ်ကို အံ့သြဟန်ဖြင့် ကြည့်လိုက်ပြီး ``ငါတို့ ဘယ်သူလဲ မင်းသိရဲ့လား၊ အိပ်ချင်မူးတူးနဲ့ သေချင် လို့လား၊ ဒီလမ်းမှာ အိုက်ပန် အိုက်စံ ဆိုတာ မကြားဖူးဘူးလား၊ ဓားပြတိုက်နေတာကွ``ဟုဆိုလိုက်ရာ လူငယ်က ဂါးခန့် သမ်းလိုက်ပြီး``ခင်ဗျားတို့ ဓားပြတိုက်နေတာ သိပါတယ်။ ကျုပ်အိပ်နေပေမဲ့ နားက ကြားနေရတယ်၊ ကျုပ်သူတပါးကိစ္စမှာ ဝင်မရှုပ်ချင်လို့ နားထောင်နေတာ၊ ခင်ဗျားတို့ဟာက လူမမယ် ကလေးငယ်ရဲ့ ပစ္စည်းကိုတောင် အတင်းအဓမ္မ လုယက်ချင်တာ လွှန်လွှန်းအားကြီးနေပြီ၊ ကျုပ် မပါလို့ မရတော့ဘူး`` ဟုဆိုလိုက်လေ၏။ လူငယ်၏ စကားကြောင့် ဓားပြညီနောင်သည် စိတ်မထိန်းနိုင် တော့ဘဲ`` ရာရာစစ ငါတို့ကိစ္စမှာ ဝင်ပါဦးမတဲ့၊ တစ်ကောင်ဘွား


www.burmeseclassic.com

www.burmeseclassic.com

ခလောက်လေး မလောက်စား ကောင်လေးကများ၊ မင်းကို ဆုံးမရမယ်``ဟုဆိုကာ လှူငယ်ရှိရာသို့ လျှောက်လှမ်းလာပြီး လှူငယ်ကို လက်ပြန် လွဲရိုက်လိုက်၏။ လှူငယ်သည် ဓားပြ၏ နှိုက်ချက်ကို အသာအယာပင် တိမ်းရှောင်လိုက်ပြီး ဓားပြ၏ လက်ကို ချုပ်ကိုင်ကာ မြန်မာအချင်းချင်း ဘာလို့ ရန်ပြုနေတာလဲဗျာ၊ ခင်ဗျားတို့ သတ္တိ သိပ်ကောင်းနေလား၊ သတ္တိကောင်းရင်လဲ အကျိုး ရှိတဲ့ နေရာမှာ အသုံးချပါလား၊ စံပယ်တောင်မှာ နယ်ချဲ့စစ်ပုလိပ်တွေ ပိုင်းတိုက်လို့ မျိုးချစ်မြန်မာတွေ အထိနာနေပြီ၊ ခင်ဗျားတို့ သတ္တိကို နယ်ချဲ့ကို တွန်းလှန်တဲ့ နေရာမှာ အသုံးချပါလား``ဟုပြောလိုက်ရာ ဓားပြက လှူငယ်၏လက်မှ ရုန်းကန်ပြီး``ခွေးကောင်.. ဘာတွေ ပြောနေတာလဲ၊ ငါတို့ကို သူပုန်လုပ်ခိုင်းနေတာလား၊ မျက်နှာဖြူ သခင်ကြီးတွေကို ငါတို့ ဘယ်တော့မှ သစ္စာမဖောက်ဘူးကွ`` ဟုပြောဆိုလေ၏။ လှူငယ်သည် ဓားပြညီနောင်၏ မျိုးချစ်စိတ် ကင်းမဲ့သော စကားကြောင့် ထိုသူများကို ရွံ့ရှာသွားပြီး`` သစ္စာဖောက် လောက်ကောင်တွေ``ဟုဆိုကာ ဓားပြ၏ အစိုက်ကို တစ်ကောင့်သွား


www.burmeseclassic.com

www.burmeseclassic.com

လက်သီးဖြင့် ထိုးလိုက်ရာ ဓားပြ လဲကျသွားလေ၏။ ကျန်ဓားပြသည် လက်ထဲရှိ ဓားကို ဝေ့ယမ်းပြီး လူငယ်ကို ဝင်ရောက် တိုက်ခိုက်လေ၏။ လူငယ်က ဓားပြ၏ ဓားကို ရှောင်တိမ်းပြီး ခြေဖြင့်ဆောင့်ကန်လိုက်ရာ ဓားပြ နောက်ပြန်လဲကျလေ၏။ ဓားပြသည်လူးလဲထပြီး ဝင်ရောက်တိုက်ခိုက်ပြန်၏။ လူငယ်က ဓားပြ၏ပေါင်ကြားကို ခြေဖြင့်ဆောင့်ကန်လိုက်ရာ ဓားပြ အားခနဲအော်ပြီး လဲကျသွားလေ၏။ ဓားပြညီနောင် လဲကျသွားသောအခါ လူငယ်က ဓားပြများကို ရွံ့ရှာဟန်ဖြင့် ကြည့်ပြီး ``တိုင်းပြည် သူ့ကျွန်ဘဝ ရောက်နေတာတောင် မြန်မာအချင်းချင်း အနိုင်ကျင့် ချင်တဲ့သူတွေ၊ သူတို့ကို အနီးဆုံး ဘူတာကို ရောက်ရင် ပုလိပ် လက်သာ အပ်လိုက်ပါ´ ဟုဆိုလိုက်ပြီး ရထားခေါင်မိုး ပေါ်သို့ တွယ်တက်ပြီး နောက်တစ်တွဲသို့ ကူးသန်းသွားလေ၏။ ထိုအခါ ဓားပြတိုက်ခံရသော ခရီးသည်များက လူငယ်၏ အစွမ်းကို တစ်ယောက်တစ်ပေါက် ချီးမွမ်းကြပြီး ``ကယ်တင်ရှင်ကလေးကို

www.burmeseclassic.com

www.burmeseclassic.com

[illegible]ရုံးတင် စကားတောင် မပြောလိုက်ရဘူး``ဟုပြောဆိုပြီး [illegible]ရစ်ခဲ့လေ၏။


www.burmeseclassic.com

www.burmeseclassic.com

မြို့တစ်မြို့၏ စေတီငယ်လေး အရှေ့ရှိ မြေကွက်လပ်တွင် လူငယ်တစ်စု ဘောလုံးကန်နေလေ၏။ လူငယ်များ ဘောလုံးကန်နေသော နေရာသည် လူသွားလမ်းနှင့် နီးသဖြင့် ဘုရားဖူးလာသော လူအများကို လူငယ်များ၏ ဘောလုံးထိမှန်လေ၏။ သို့သော် ထိုလူငယ်များအနက် မြို့ပေါ်ရှိ လူမိုက်အုန်းဖေကြီး၏ သားသမီးများ ပါသဖြင့် လူငယ်များ၏ အပြုအမူကို မည်သူမျှ တားဆီးပုံခြင်း မရှိချေ။ လူငယ်များသည် အတင့်ရဲစွာဖြင့် ဘောလုံးကို စိတ်ရှိလက်ရှိ ကန်နေလေရာ အချိုးအိုကြီး တစ်ဦး တစ်ကောင်သွား

www.burmeseclassic.com

www.burmeseclassic.com

ဘောလုံးထိမှန်လေ၏။ သို့သော် လူမိုက် အုန်းဖေကြီးကို ကြောက်ရွံ့သဖြင့် အဘွါးအိုသည် ရေငုံနှုတ်ပိတ်ပြီး ထွက်ခွါသွားလေ၏။ ခဏအကြာတွင် ဆယ်ကျော်သက်အရွယ် မိန်းမပျိုတစ်ဦးသည် လူငယ်များကို ကျော်ဖြတ်ပြီး ဘုရားပေါ်သို့ တက်သွားလေ၏။ လူငယ်များ အနက် အုန်းဖေကြီး၏သား အုန်းမြင့်က ဘုရားပေါ်တက်သွားသော မိန်းကလေးကို မျက်ညိုးထိုး ပြုပြီး တီးတိုး တိုင်ပင်လေ၏။ အတန်ကြာသောအခါ မိန်းမပျိုသည် ဘုရားပေါ်မှ ပြန်ဆင်းလာလေ၏။ အုန်းမြင့်သည် မိန်းကလေး ပြန်ဆင်းလာသောအခါ လူငယ်တစ်ဦးကို မျက်ရိပ်ပြလိုက်၏။ ထိုအခါ လူငယ်က ဘောလုံးကို အုန်းမြင့် ရှေ့သို့ ကန်ချပေးလိုက်၏ ။ ထိုအခါ အုန်းမြင့်က မိန်းမပျို ရှိရာသို့ ဘောလုံးဖြင့် မှန်းကန်လိုက်လေ၏။ ဘောလုံးသည် အုန်းမြင့် ကန်လိုက်သည့် အတိုင်း ဆိုက်ဆိုက်မြိုက်မြိုက်ပင် မိန်းမပျို၏ တင်ပါးကို ထိမှန်သွားလေ၏။ မိန်းမပျိုသည် လူပုံအလယ်တွင် သူမ၏ တင်ပါးကို ထိခိုက်ခံရသဖြင့် ``ဟင်..နင်တို့ မိုက်ရိုင်း ကြချည်လား`` ဟု ဒေါသတကြီး ပြောဆိုလိုက်လေ၏။ မိန်းမပျို၏


www.burmeseclassic.com

www.burmeseclassic.com


အဝါနုရောင် ထဘီပေါ်တွင် ဘောလုံးရာ ထင်းထင်းကြီး ပေါ်နေသဖြင့် အုန်းမြင့် ခေါင်းဆောင်သော လူငယ်တစ်စုက ထိုနေရာကို လက်ညှိုးထိုးပြီး ဝိုင်းဝန်းဖဲလှောင်ပြောင်နေကြ၏။ မိန်းမပျိုသည် သူမ၏ အဖြစ်ကို ရိပ်စားမိသွားပြီး ရှက်လွန်းသဖြ မျက်နှာရဲရဲ နီသွားလေ၏။ ထိုအခိုက်မှာပင် မိန်းမပျို၏အရှေ့သို့ မျက်နှာစိမ်း လူငယ်တစ်ဦး ရောက်လာပြီး ``မင်းတို့ လုပ်ရပ်က အောက်တန်းကျလွန်းတယ်ကွာ၊ မြန်မာအချင်းချင်း ဒီလို အနိုင်ကျင့်တာ ယောကျ်ားရင့်မကြီးတွေ လုပ်ရမဲ့ အလုပ် မဟုတ်ဘူးကွ`` ဟုပြောလိုက်ရာ အုန်းမြင့်ဆိုသော လူရမ်းကားလေးက လက်သီးဆုပ်ပြီး ``မင်းနဲ့ ဘာဆိုင်လို့ ဝင်ပါရတာလဲ၊ မင်း ဘယ်ကကောင်လဲ ၊ နာချင်လို့လား`` ဟုမေးမြန်းလိုက်လေ၏။ မျက်နှာစိမ်းလူငယ်က ``ငါက မြန်မာ မြန်မာ မိန်းကလေးတစ်ယောက် အရှက်ရနေတဲ့ ကိစ္စမှာ ဝင်ပါ ဝတ္တရားရှိတယ်`` ဟုဆိုလိုက်ရာ အုန်းမြင့်သည် လူမိုက်သ မခံမရပ်နိုင်ဖြစ်သွားပြီး ``အုန်းမြင့်တဲ့ တစ်မြို့လုံးလှည့်ပြီး ပါးရိုက်လာတဲ့ကောင် မင်းနာဖို့သာပြင်တော့`` ဟုဆိုကာ

တစ်ကောင်ဘွား

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာစိမ်းလူငယ်ကို ဂင်ရောက် ထိုးကြိတ်လေ၏။ လူငယ်က အုန်းမြင့်၏ လက်သီးကို လွယ်ကူစွာ ရှောင်တိမ်းလိုက်ပြီး

``ဒီမြို့ကို ရောက်ရောက်ချင်း ငါရန်မဖြစ်ချင်ဘူးကွာ၊ အေးအေးနေ`` ဟုပြောလိုက်လေ၏။သို့သော် အုန်းမြင့်သည် အမိုက်သားပီပီ ခေါင်းမာစွာဖြင့် ဆက်လက် ထိုးကြိတ်ရန် ကြိုးစားလေ၏။ လူငယ်သည် လူမိုက်၏ လက်သီးချက်ကို ရှောင်တိမ်းနေရုံဖြင့် မရတော့သဖြင့် အုန်းမြင့်၏ နံကြားကို ခြေဖြင့် ဆောင့်ကန်လိုက်ရာ အုန်းမြင့် မြေပေါ်သို့ ခွေခေါက်လဲလေ၏။ အုန်းမြင့်က နာကျင်စွာ ညည်းညူရင်း လူရမ်းကားများအား

``ဒီကောင်ကို ဂင်ချကြ`` ဟုအော်ဟစ် ခိုင်းစေလိုက်ရာ လူငယ်များသည် မျက်နှာစိမ်း လူငယ်ကို ဝိုင်းဝန်း ထိုးကြိတ်ကြလေ၏။ သို့သော် မျက်နှာစိမ်း လူငယ်သည် သတ်ပုတ်ရေး ပညာပိုင်းတွင် အလွန်ကျွမ်းကျင်သူဖြစ်သဖြင့် လူရမ်းကားလေးများ တစ်ယောက်ပြီး တစ်ယောက် လဲပြိုလေ၏။ နောက်ဆုံးတွင် လူရမ်းကားလေးများသည် လက်သန်ပြောင်သော လူငယ်ကို ယှဉ်ဂုံ့တော့ဘဲ လူငယ်နှင့် ဝေးရာသို့ ပြေးလေ၏။ထိုအခါမှပင်


www.burmeseclassic.com

www.burmeseclassic.com

ရှက်ရွံ့နေသော မိန်းမပျိုက လူငယ်အနီးသို့ ရောက်ရှိ လာပြီး``ကျေးဇူးတင်ပါတယ်ရှင်၊ ဒါနဲ့ ရှင်က ဧည့်သည်လား၊ ဒီမြို့မှာ တခါမှမတွေ့ဘူးလို့ပါ`` ဟုမေးမြန်းလေ၏။ လူငယ်က ခေါင်းညိတ်ပြီး``ကျုပ်က ဒီမြို့က မဟုတ်ပါဘူး၊ ဧည့်သည်ပါ၊ ဆေးဆရာကြီး ဦးမဲခေါင်ဆီကို သွားမလို့ပါ``ဟုပြောလိုက်ရာ မိန်းမပျိုက မျက်မှောင်ကြုတ်ပြီး``ဟင်..ဆေးဆရာကြီး ဦးမဲခေါင်က ကျွန်မအဖေပဲရှင်၊ ရှင်က အဖေ ဧည့်သည်လား`` ဟုမေးမြန်းလိုက်လေ၏။လူငယ်က ခေါင်းညိတ်လိုက်ပြီး ``ကျုပ်နံမည် သီဟလို့ခေါ်တယ်၊ ကျုပ်ဖခင်က ဦးမဲခေါင်ဆီကို လွှတ်လိုက်လို့ပါ၊ စာတစ်စောင်လဲ ပေးလိုက်ပါတယ်`` ဟုပြောလေရာ မိန်းမပျိုက ခေါင်းညိတ်ပြီး``ဒါဆိုရင်လဲ ကိုသီဟ ကျွန်မနောက်ကို လိုက်ခဲ့ပါ``ဟုဆိုကာ သီဟအား သူမ၏ နေအိမ်သို့ ခေါ်ဆောင်သွားလေ၏။ မိန်းမပျိုသည် သီဟအား မြို့စွန်ရှိ ခြံကြီးတစ်ခြံသို့ ခေါ်ဆောင်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ မြို့ကြီးထဲရှိ အရိပ်ကောင်းစွာ ရရှိသော သစ်ပင်ကြီး အောက်တွင် ဆေးထောင်းနေသော လူကြီးတစ်ဦးကို မြင်တွေ့ရ၏။ လူကြီးသည် မိန်းမပျိုနှင့် အတူ လိုက်ပါလာသော သီဟကို မြင်သည်နှင့် မျက်လုံးပြူးသွားပြီး ထိုင်ရာမှ ထရပ်ကာ ``ထူးဆန်းလိုက်တာကွာ၊ မင်းဟာ ငါ့အချစ်ဆုံးမိတ်ဆွေ တိုက်မောင်းနဲ့ ရုပ်ချင်း ခွဲမရအောင်တူတယ်၊ ``ဟုတအံ့တသြ ရေရွတ်လေရာ မိန်းမပျိုက ``သမီးတို့ အိမ်ကို လိုက်ရှာနေလို့ သမီးခေါ် လာတာပါ``ဟုပြောလေ၏။ ထိုအခါ သီဟက ``ကျွန်တော့်နံမည် သီဟပါ၊ ကျွန်တော့်ဖခင်က ဦးကြီးဆီကို ပေးဒီ စာလေး ပေးလိုက်ပါတယ်``ဟုဆိုကာ ဦးမဲခေါင် လက်ထဲသို့ ဖခင်၏ စာကို အပ်နှံလိုက်လေ၏။ ဦးမဲခေါင်က သီဟ လက်ထဲရှိ စာကိုအဆုံးထိ ဖတ်ရှုပြီး မျက်မှောင်ကြုတ်ကာ ``ဪ ..တိုက်မောင်း..တိုက်မောင်း အရှင်နစ်ပါး ပါတော်မူ ပြီးတဲ့နောက် နယ်ချဲ့ကျွန်သဘောက် အရောက် မခံနိုင်ဘူးဆိုပြီး မျက်နှာဖြူတွေကို သည်းကြီးမည်းကြီး တော်လှန်နေလိုက်တာ တိုက်မောင်းရဲ့ မျိုးချစ်စိတ်ကိုတော့ ငါချီးကျူးတယ်ကွာ ငါတို့မှာ


www.burmeseclassic.com

www.burmeseclassic.com

ဘူလို အရည်အချင်း မရှိဘူးကွ၊ မင်းအဖေနဲ့ ငါဟာ
ပခုံးဖက်ကြီးလာတဲ့ သူငယ်ချင်းတွေ၊ နောက်ပြီး မင်းဟာ
ငါ့အချစ်ဆုံး သူငယ်ချင်းနဲ့ ရုပ်ချင်း ခွဲမရအောင်တူတယ်။ ဒီတော့
မင်း ငါ့ဆီမှာ စိတ်အေးချမ်းသာ နေထိုင်ပါ၊ မင်းအတွက်
ငါ့အိမ်ဟာ တံခါးမရှိ ဓားမရှိဘူး``ဟုပြောရင်း သမီးဖြစ်သူ
ဘက်သို့ လှည့်ကာ``သူက ဦးကြီးသမီးကွ၊ သူ့နံမည်
မြည်ိုုလို့ခေါ်တယ်၊ သမီးရေ.. မောင်သီဟာက အဖေ့ငယ်ပေါင်း
တိုက်မောင်းရဲ့ သားကွယ်၊ မောင်သီဟာက အဖေတို့ဆီမှာ နေမှာ၊
သမီးသူ့ကို အနောက် အိမ်လေးကို သွားပို့လိုက်ပါ``
ဟုမှာကြားလိုက်ရာ မြည်ိုုဆိုသော မိန်းကလေးက သီဟာအား
ခြံအနောက်သို့ ခေါ်သွားလေ၏။ ခြံအနောက်၌ ရေနံချေး
သုတ်ထားသော အိမ်ငယ်လေး တစ်လုံး ရှိပြီး မြည်ိုုက
``ဒီအိမ်လေးမှာ ကျွန်မဖေဖေရဲ့ အရေးကြီး ဆေးကျမ်းတွေ
ရှိတယ်၊ ဆေးကျမ်းတွေကို မထိခိုက်အောင် ရှင် အတတ်နိုင်ဆုံး
ထိမ်းသိမ်းပါ``ဟုပြောလေရာ သီဟာက ခေါင်းညိတ်လိုက်ပြီး
``စိတ်ချပါဗျာ၊ ကျုပ်အတတ်နိုင်ဆုံး ထိမ်းသိမ်းပါ့မယ်``


www.burmeseclassic.com

www.burmeseclassic.com

ဟုပြောလိုက်လေ၏။ မြညိုက အိမ်ကလေး အတွင်းရှိ ဗီရိုထဲတွင် ရှိသော စောင်ခြင်ထောင်နှင့် အသုံးအဆောင်များကို ပြသပေးပြီး ရေချိုးရန် ခြံအနောက်ရှိ ရေတွင်းငယ်လေး ကိုလည်း ပြသလေ၏။ မြညို ထွက်သွားသောအခါ သိဟ တစ်ကိုယ်တည်း အခန်းလေးကို လေ့လာကြည့်သောအခါ အခန်းထဲတွင် မှန်ဗီရိုကြီးများကို တွေ့ရပြီး ဗီရိုထဲတွင် ဆေးကျမ်းများကို မြင်ရလေ၏။ ဆေးဗီရိုများကို သော့ခတ်ထားသဖြင့် ဆေးကျမ်းများ ပျက်ဆီးရန် မဖြစ်နိုင်ချေ။ သိဟသည် ခရီးပန်းလာသဖြင့် အိပ်ယာပေါ်တွင် လှဲချလိုက်ပြီး စံပယ်တောင်တွင် ကျန်ရစ်ခဲ့သော ဖခင် ဦးတိုက်မောင်းနှင့် မျိုးချစ်တပ်သားများကို စိုးရိမ်မိလေ၏။ စံပယ်တောင်ရှိ မျိုးချစ်များနှင့် စစ်ပုလိပ်များ တိုက်ပွဲဖြစ်နေပြီလား မသိ..သိဟသည် ဖခင်နှင့် မျိုးချစ်များအတွက် မိမိ၌တာဝန်များစွာ ကျန်ရှိကြောင်း တွေးမိပြီး ရင်ထဲတွင် လေးလံသွားလေ၏။ ဖခင်အတွက်လည်း အလွန်စိုးရိမ်မိလေ၏။


www.burmeseclassic.com

www.burmeseclassic.com

ညနေစောင်းသောအခါ သီဟသည် အိမ်ကလေး၏ အနောက်ဘက် မြေကွက်လပ်သို့ ထွက်ပြီး ကိုယ်လက်လှုပ်ရှား သိုင်းကစားလေ၏။ သူသည် ဖခင်သင်ကြားပေးသော မြန်မာ့ သိုင်းပညာကို ငယ်စဉ်ကပင် လိုက်စားခဲ့သဖြင့် အထူး ကျွမ်းကျင်လေ၏။ သီဟသည် အတန်ကြာအောင် သိုင်း ကစားပြီးနောက် တစ်ကိုယ်လုံး ချွေးများ ရွှဲရွှဲ စိုလာလေ၏။ ထိုအခါမှပင် အနီးရှိ ရေတွင်းလေးသို့ သွားကာ ရေကိုင်ငင်ပြီး ချိုးလေ၏။ သီဟ ရေချိုးပြီးနောက် ခဏအကြာတွင်


www.burmeseclassic.com

www.burmeseclassic.com

အိမ်တခါးဝသို့ မြည်းရောက်လာပြီး ညစာစားရန် လာရောက်ခေါ်လေ၏။ သီဟသည် မြည်းခေါ်ရာနောက်သို့ လိုက်သွားသောအခါ ညစာစားရန် အသင့်စောင့်နေသော ဦးမဲခေါင်ကို တွေ့ရလေ၏။ သီဟသည် ဗိုက်ထဲတွင် ဆာလောင် နေသဖြင့် ညစာကို မြိန်ရှက်စွာ စားသောက်လေ၏။ ညစာ စားပြီးနောက် ဦးမဲခေါင်က သီဟကို အိမ်ကြီး၏ ဂရန်တာသို့ ခေါ်ယူပြီး စံပယ်တောင်တွင် ကျန်ရစ်ခဲ့သော ဦးတိုက်မောင်း၏ အခြေအနေကို မေးမြန်းလေ၏။ သီဟက သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး စံပယ်တောင်၏ အခြေအနေကို ပြောပြလေ၏။ ဦးမဲခေါင်က စိတ်ဂင်တစား နားထောင်ပြီး ``ဒါဆိုရင်တော့ စံပယ်တောင်မှာ မကြာမီ တိုက်ပွဲ အပြင်းအထန် ဖြစ်ပွါးတော့မယ် ထင်တယ်`` ဟုဆိုလိုက်ရာ သီဟက သက်ပြင်းချပြီး ``ဟုတ်တယ် အဖေနဲ့ မျိုးချစ်တွေကို စိုးရိမ်မိတယ်၊ အဖေက သူတို့ အခြေမလှတော့ဘူး ထင်လို့ ကျုပ်ကို စံပယ်တောင်က ရှင်နှင့်ခွါ နိုင်းခဲ့တာပဲ၊ ကျုပ်အလိုအရတော့ တုံးတိုက်တိုက် ဘျားကိုက်ကိုက် စံပယ်တောင်က မခွါဘဲ စစ်ပုလိပ်တွေကို


www.burmeseclassic.com

www.burmeseclassic.com


ခုခံလိုက်ချင်တယ်`` ဟုဆိုလိုက်ရာ ဦးမဲခေါင်က သက်ပြင်းချပြီး

``လူလေးကို တိုက်မောင်းက

ဘယ်လိုမှာလိုက်သလဲ`` ဟုမေးမြန်းလေ၏။သိဟာက အဝေးဆီသို့

ငေးကြည့်ပြီး ``ကျုပ်ကို လက်ရုံးရည်အစား နှလုံးရည်ကို

အသုံးချပြီး နယ်ချဲ့တွေကို တွန်းလှန်ပါ၊ စံပယ်တောင်အတွက်

လက်စားချေပေးပါ လို့မှာလိုက်တယ်`` ဟုပြောလေ၏။

ဦးမဲခေါင်က ခေါင်းညိတ်ပြီး``တိုက်မောင်းက လူလေးရဲ့

စွမ်းရည်သတ္တိကို အကဲဖြတ်မိပုံရတယ်၊ ဒါကြောင့်

နယ်ချဲ့စစ်ပုလိပ်တွေရဲ့ လက်မှာ အချည်းနှီး အသေမခံ နိုင်းတာပဲ၊

လောကမှာ လက်ရုံးရည် ထူးချွန်တဲ့ လူတွေရှိသလို နှလုံးရည်

ထူးချွန်တဲ့ လူတွေလဲ ရှိတယ်၊ လူလေးဟာ နှလုံးရည် ထူးချွန်သူ

ဖြစ်တဲ့အတွက် တိုက်မောင်းက စံပယ်တောင်ကို စွန့်ခွါနိုင်းတာပဲ၊

ကိုယ်ရည်မှန်းချက်ကို မပျက်စေနဲ့၊ အမြဲ နှလုံးသွင်းထားပါ၊

ဘာပဲဖြစ်ဖြစ် လောကမှာ အရာရာဟာ သဗ္ဗေသတ္တာ ကမ္မသာကာ

ပါပဲ`` ဟုပြောပြီး ဦးမဲခေါင်က ဘုရားခန်းထဲသို့ ဝင်သွားလေ၏။

ဦးမဲခေါင် ထွက်ခွါသွားသောအခါ အနီးသို့ မြညို ရောက်လာပြီး

တစ်ကောင်ဘွား


www.burmeseclassic.com

www.burmeseclassic.com

``ရှင်..ပျင်းရင် ဓါတ်စက် ဖွင့်ပါလား၊ သီချင်းတွေလဲရှိတယ်။ အတ်တွေလဲ ရှိတယ်၊ ကြိုက်ရာ နားထောင်ပါ``ဟုပြောလေ၏။ သိဟာက စားပွဲပေါ်ရှိ ဓာတ်စက်ကို ကြည့်ပြီး ခေါင်းခါယမ်းကာ ``ကျုပ်တို့ ညီနောင်တွေ စံပယ်တောင်မှာ အသက်စွန့် ရှုန်းကန်နေချိန်မှာ ကျုပ်က ဓါတ်စက်ဖွင့်ပြီး ဇိမ်မခံနိုင်ဘူး၊ ကျုပ်သွားတော့မယ် မြညို``ဟုဆိုကာ အနောက်ဘက်ရှိ အိမ်ငယ်လေးသို့ ပြန်ခဲ့လေ၏။မြညိုက သိဟာ၏ နောက်ကျောကို ကြည့်ပြီး စိတ်မသက်သာဟန်ဖြင့် ခေါင်းခါယမ်းပြီး ကျန်ရစ်ခဲ့လေ၏။


www.burmeseclassic.com

www.burmeseclassic.com

သိဟသည် နောက်တစ်နေ့ နံနက်စောစော အိပ်ယာထပြီး ခြံအနောက်ရှိ မြေကွက်လပ်၌ သိုင်းလေ့ကျင့်ကာ တစ်ခြံလုံးကို အမှိုက်လှဲကျင်းလေ၏။ ပြီးနောက် မြင်မကောင်းသော ခြုံနွယ် ပိတ်ပေါင်းများကို ရှင်းလင်းလေ၏။ ထိုအခါမှပင် မြည်ညို အိပ်ယာမှ နိုးလာပြီး တစ်ခြံလုံး သန့်ရှင်းနေသဖြင့် အံ့ဩသွားပြီး ``ဟင်.. တစ်ခြံလုံး သန့်ရှင်းနေတာပဲ၊ ညည်သည်က ညည်သည်လို နေပါ အားနာဖို့ကောင်းလိုက်တာ``ဟုပြောလေရာ သိဟက ခေါင်းခါယမ်းပြီး ``ကျုပ်က ညည်သည်မှ မဟုတ်တော့၊ နောက်ပြီး

တော်ကောင်ဘွား

www.burmeseclassic.com

www.burmeseclassic.com

ကျွပ်လို ယောကျ်ားရင့်မကြီး တစ်ယောက်ရှိရက်နဲ့ တစ်ခြံလုံး ချုံနွယ် ပိတ်ပေါင်းတွေ ထူထပ်နေတာ ကျုပ်မနေတတ်ဘူး" ဟုပြောလေ၏။ သီဟာသည် နံနက်စာ စားပြီးနောက် မြညိုနှင့်အတူ ဦးမဲခေါင်၏ ဆေးတိုက်အတွက် ဆေးမြစ် ဆေးဥများကို ထုထောင်းခြင်း၊ အမှုန့်ကြိတ်ခြင်း တို့ကို ကူညီပေးလေ၏။ ပြီးနောက် ဦးမဲခေါင်၏ ဆေးပင်များကို ရေလောင်း ပေါင်းသင်ခြင်း ပြုလုပ်ပေးလေ၏။ ဦးမဲခေါင်က သီဟာ၏ ကူညီတတ်သော စိတ်ဓါတ်ကို ကြည့်ပြီး သဘောကျဟန်ဖြင့် ချီးမွမ်းလေ၏။

ညနေစောင်းသောအခါ မြညိုက သီဟာအား ပက်လက် မြင်းလှည်းလေးဖြင့် မြို့ပတ်ဂန်းကျင်ကို လှည့်လည် ပြသလေ၏။ မြို့လယ်ခေါင်တွင် ဘုရားကြီး ရှိပြီး ဘုရားကြီးသို့ မြညိုနှင့်အတူ ဖူးမျှော်ကြ၏။ သီဟာက ဘုရားဝတ်ပြုပြီး စံပယ်တောင်တွင် ကျန်ရစ်ခဲ့သော ဖခင်ကြီးနှင့်တော်လှန်ရေး တပ်သားများအတွက် ဆုတောင်းလေ၏။ ဘုရားပေါ်မှ ပြန်ဆင်းလာကြပြီး မြညိုက

www.burmeseclassic.com

ငှင်းတို့မြို့၌ နံမည်ကြီးသော တရုတ် စားသောက်ဆိုင်သို့ သွားကာ သီဟာအား ကျွေးမွေး ပြုစုလေ၏။ ပြီးနောက် ပက်လက် မြင်းလှည်းလေးကို မောင်းနှင်ပြီး ပြန်ခဲ့လေ၏။ အပြန်လမ်း၌ သီဟာက သတင်းစာ ဝယ်ယူလိုကြောင်း ပြောသဖြင့် မြည်ိုက ဈေးအနီးတွင် ရှိသော သတင်းစာ ရောင်းချသော ဆိုင်သို့ လိုက်ပို့ ပေးလေ၏။ သီဟာသည် သတင်းစာများကို တစ်ထပ်ကြီး ဝယ်ပြီး ပြန်ခဲ့လေ၏။ မြည်ိုက သီဟာလက်ထဲရှိ သတင်းစာများကို ကြည့်ပြီး ``သတင်းစာတွေ များလှချည်လား ကိုသီဟာ`` ဟုမေးမြန်း လိုက်သောအခါ သီဟာက သက်ပြင်းချပြီး ``စံပယ်တောင်မှာ ကျန်နေခဲ့တဲ့ အဖေတို့မျိုးချစ်တွေရဲ့ အခြေအနေကို သိချင်လို့ပါ`` ဟုပြောလေ၏။ မြည်ိုက သီဟာ၏ မျက်နှာကို ကရုဏာသက်ဟန်ဖြင့် ကြည့်ပြီး ``ကိုသီဟာ ရင်ထဲမှာ အမြဲတမ်း စံပယ်တောင် အရေးကိုပဲ တွေးနေတယ်နော် ``ဟု ဆိုလိုက်ရာ သီဟာက ခေါင်းညိတ်ပြီး ``စံပယ်တောင်ဟာ ကျုပ် ဘဝပဲလေ၊ ကျုပ်ဘဝက စံပယ်တောင်မှာပဲ ကုန်လွန်ခဲ့ရတယ်။ စံပယ်တောင်မှာ ဒီအချိန်ဆို ဘယ်ပန်းတွေ ပွင့်ပြီး ဘယ်ငှက်



www.burmeseclassic.com

www.burmeseclassic.com

လေးတွေ သီချင်းဆိုနေပြီ ဆိုတာကအစ ကျုပ်သိတယ်၊ အခုတော့ စံပယ်တောင်နဲ့ ခွဲခဲ့ရပြီ``ဟုဆိုလိုက်၏။ သီဟာ၏ စကားကြောင့် မြညိုက ရယ်မောလိုက်ပြီး``စံပယ်တောင်မှာ ကိုသီဟ အတွက် လွမ်းစရာများ ကျန်ခဲ့လို့လား`` ဟုမေးမြန်းလိုက်ရာ သီဟက ခေါင်းခါယမ်းပြီး``ကျုပ်ဘဝမှာ တစ်ခါမှ မတွေးဘူးတဲ့ အရာပါ၊ ကျုပ်တို့ ခေါင်းထဲမှာ အမြဲရှိနေတဲ့ အရာက နယ်ချဲ့လက်အောက်က လွတ်မြောက်ဖို့ပဲ``` ဟုတိုးတိုးပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ဖြင့် သီဟာသည် ဆေးဆရာကြီး ဦးမဲခေါင်၏ ဆေးတိုက်တွင် ကူညီလုပ်ကိုင်ပေးရင်း နိုလှုံ့ခဲ့လေ၏။ သူသည် ဦးမဲခေါင်၏ နေအိမ်တွင် နေထိုင်စဉ်အတွင်း ဦးမဲခေါင်၏ ဆေးတိုက်၌ မြည်းနှင့်အတူ ကူညီပြီး လူနာများကို ဖန်ရေဆေးပေးခြင်း။ ဆေးတိုက်ခြင်း၊ ဆေးလိမ်းခြင်း စသည့်အလုပ်များကို ကူညီရုံမက ဦးမဲခေါင်၏ ဆေးပင်များကိုလည်း အထူးဂရုစိုက်ပြီး ရေလောင်းခြင်း၊ မြေဩဇာလောင်းခြင်း ပြုလုပ်ပေးသဖြင့် ဦးမဲခေါင်သည် သီဟာကို တဖြည်းဖြည်း တူသားအရင်းကဲ့သို့

ဖြစ်ကောင်ဘွား

www.burmeseclassic.com

 www.burmeseclassic.com

ချင်းနိုးလာလေ၏။ တစ်လခန့်ကြာသောအခါ သိဟသည် ထုံးစံအတိုင်း ဈေးသို့ ပက်လက်မြင်းလှည်းဖြင့် သွားပြီး သတင်းစာများကို ဝယ်ယူလေ၏။ သတင်းစာများ ရလာသောအခါ အိမ်ငယ်လေးထဲသို့ ဝင်ပြီး သတင်းများကို ဖတ်ရှုလေ၏။ ထိုအခါ သတင်းစာထဲတွင် စံပယ်တောင်သို့ စစ်ပုလိပ်များ ဝိုင်းဝန်းပြီး ချေမှုန်းလိုက်ပြီ ဖြစ်ကြောင်း တော်လှန်ရေးခေါင်းဆောင် ဦးတိုက်မောင်းနှင့် မျိုးချစ်များ အားလုံး ကျဆုံးသောသတင်းကို ဖတ်ရှုလိုက်ရသဖြင့် ခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွားပြီး မဟာပထဝီမြေကြီး တစ်ခုလုံး အိုးထိမ်းစက်ကဲသို့ ချာချာလည် သွားသယောင် ခံစားလိုက်ရလေ၏။ ဖခင်နှင့် ကျဆုံးသွားသော မျိုးချစ်များအတွက် နယ်ချဲ့ စစ်ပုလိပ် များကို လက်စားချေရန် မိမိ တာဝန်ဖြစ်၏။ ဖခင်ကြီး ကိုယ်တိုင် နယ်ချဲ့စစ်ပုလိပ်များကို ငှင်းတို့ကိုယ်စား လက်စားချေရန် မှာကြားဖူးလေ၏။ သတင်းစာကို ဆက်လက်ဖတ်ရှုကြည့်သောအခါ ဖခင်နှင့် မျိုးချစ်တပ်သား များကို တိုက်ခိုက်ချေမှုန်းသူမှာ ဂန်ထောက်သန်းရွှေနှင့် ရာဇဝတ်အုပ် မြင့်ဆွေ ခေါင်းဆောင်သော စစ်ပုလိပ်အဖွဲ့မှ



www.burmeseclassic.com

www.burmeseclassic.com


သိချင်ပြီး ဝန်ထောက်သန်းရွှေသည် မျိုးချစ်တော်လှန်ရေး အဖွဲ့များစွာကို ခြေမှုန်းခဲ့ကြောင်း ရေးသား ထားလေ၏။ သတင်းစာထဲတွင် မျိုးချစ်များကို နှိမ်နင်းသော ဝန်ထောက်သန်းရွှေနှင့်နှင့် ရာဇဝတ်အုပ်မြင့်ဆွေ၏ပုံကို တခမ်းတနား ဖော်ပြထားလေ၏။သီဟက သစ္စါဖောက် နစ်ယောက်၏ ဓါတ်ပုံကိုကြည့်ပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ``သစ္စါဖောက် လောက်ကောင် နစ်ယောက်ကို အဖေတို့ ကိုယ်စား ကျုပ်လက်စားချေ ဖြစ်အောင် ချေပေးပါမယ်`` ဟုကြုံးဝါးလိုက်လေ၏။ ထိုအခိုက်မှာပင် သူ၏အခန်းနောက်သို့ ဆေးဆရာကြီး ဦးမဲခေါင် ရောက်လာပြီး ``စံပယ်တောင် အကြောင်းကို လူလေးသိပြီးရောပေါ့၊ ဒင်းတို့ မိုးကောင်းတုန်း ရွာထားဦးပေါ့ကွာ။ တစ်နေ့ ငါတို့အလှည့်ရောက်လာမှာပါ။ အလှည့်ကျရင်တော့ မနွဲ့စတမ်းပေါ့ကွာ``ဟုပြောလိုက်လေ၏။ သီဟက ခေါင်းညိတ်ပြီး ``အဖေနဲ့မျိုးချစ်တွေအတွက် ကျုပ်မှာ တာဝန်ရှိလာပြီ..ဦးကြီး``ဟုဆိုလိုက်ရာ ဦးမဲခေါင်က ခေါင်းညိတ်ပြီး`` တိုက်မောင်းဟာ သူတို့ အနာဂတ်ကို


www.burmeseclassic.com

www.burmeseclassic.com


ဆက်ပြီး ဖော်ဆောင်ရမယ်ဆိုတာ သူကြိုပြီး သိတယ်၊
ကြောင့်လဲ လူလေးကို ကျုပ်ဆီမှာ ခိုလှုံခိုင်းတာပေါ့၊
အခုအချိန်မှာ တော်လှန်ရေးဟာ လူလေးပခုံးပေါ် ရောက်လာပြီ၊
တ်အေးအေးထားပါ၊ အချိန်တန်ရင် လူလေးအလှည့်
ရောက်လာမှာပါ``ဟုပြောလေ၏။ သိဟာက အံကို
တင်းတင်းကြိတ်ပြီး ``ကျုပ်အလှည့် ရောက်ကို ရောက်ရမယ်
ကြီး၊ ဂန်ထောက်သန်းရွှေ နဲ့ ရာဇဂတ်အုပ် မြင့်ဆွေကို
ချုပ်လက်စားချေ ဖြစ်အောင်ချေမယ်``ဟုရေရွတ်လိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် သီဟသည် ဦးမဲခေါင်၏ ဆေးတိုက်တွင် ဝိုင်းလုပ်ဝိုင်းစား အဖြစ်နေထိုင်ခဲ့လေ၏။ ထိုသို့နေထိုင်ရင်း နယ်ချဲ့စစ်ပုလိပ်များကို လက်စားချေနိုင်မည့် နည်းလမ်းကို အစဉ်သဖြင့် ရှာဖွေနေလေ၏။ သူသည် နယ်ချဲ့ စစ်ပုလိပ်များကို မိုးကောင်းတုန်း ရွာထားကြဟု သဘောထားကာ ရင်ဆိုင်နိုင်မည့် အချိန်ကို စောင့်မျှော်နေလေ၏။ ထိုသို့ဖြင့် ဦးမဲခေါင်တို့ သားအဖနှင့် နေထိုင်ရင် ၃နှစ်တင်းတင်း ပြည့်သောညတွင် သီဟ၏ အိပ်မက်ထဲသို့ ဖခင်ကြီး ဦးတိုက်မောင်း ရောက်လာပြီး

ထယ်ကောင်ဘွား



www.burmeseclassic.com

www.burmeseclassic.com


``ရန်သူတွေကို လက်စားချေဖို့အချိန်ရောက်ပြီ လူလေး၊ တို့မျိုးချစ်တွေအတွက် နယ်ချဲ့သစ္စါဖောက်တွေကို လက်စားချေပေးပါ``ဟုပြောလေ၏။ သိဟာသည် အိပ်မက်ထဲတွင် နယ်ချဲ့သစ္စါဖောက်များကို လက်စားချေမည့်အကြောင်း တတိပြုခဲ့လေ၏။ သိဟာသည် အိပ်မက်မှ လန့်နိုးလာသောအခါ တစ်ကိုယ်လုံး ချွေးများ ရွှဲနှစ်နေလေ၏။ အိပ်မက်ထဲတွင် ဖခင်ကို တတိပေးသည့် အတိုင်း နယ်ချဲ့ သစ္စါဖောက်များကို လက်စားချေမည်ဟု ဆုံးဖြတ်လိုက်လေ၏။ ထိုကြောင့် မိမိ၏ အိပ်မက်ကို ကျေးရွာရှင် ဆေးဆရာကြီး ဦးမဲခေါင်အား ဖွင့်ပြောလိုက်လေ၏။ ဦးမဲခေါင်က လေးနက်စွာ နားထောင်ပြီး``လူလေး ဆုံးဖြတ်ပြီးပြီ ဆိုရင်တော့ မတားတော့ပါဘူး၊ လူလေး ကျုပ်အနောက်ကို လိုက်ခဲ့ပါဦး``ဟု ဆိုကာ ခြံကြီး အနောက်သို့ ခေါ်ဆောင်သွားလေ၏။


www.burmeseclassic.com

www.burmeseclassic.com



ဦးမဲခေါင်သည် ခြံကြီး၏ အနောက် စည်းရိုးသို့ ရောက်သောအခါ တံခါးချက်ကို ဖွင့်ပြီး အပြင်သို့ ထွက်လေ၏။ သိဟာသည် ဘုမသိဘမသိဖြင့် ဦးမဲခေါင် အနောက်သို့ လိုက်ခဲ့လေ၏။ ခြံအပြင်သို့ ရောက်သောအခါ လေတဟူးဟူး တိုက်နေသော ချောက်ကြီးကို တွေ့ရလေ၏။ ဦးမဲခေါင်က အရှေ့မှနေ၍ ချောက်ကြီး၏ အစပ်သို့ တွယ်ကပ်ပြီး ဆင်းလေရာ သိဟာ

www.burmeseclassic.com

www.burmeseclassic.com

အနောက်မှ လိုက်ခဲ့လေ၏။ ချောက်ကြီးသည် အလွန်
မတ်စောက်သော်လည်း အောက်သို့ တွယ်ကပ် ဆင်းနိုင်သော
လမ်းရှိ၏။ ထိုလမ်းမှ မတော်တဆ ခြေချော်ပြီး ပြုတ်ကျပါက
အရိုးတစ်ခြား အသားတစ်ခြား ဖြစ်သွားနိုင်၏။ သိဟာသည်
ဦးမဲခေါင်၌ အကြောင်း တစ်စုံတစ်ရာ ရှိမည်ဟု ယူဆကာ
မေးမြန်းခြင်း မရှိဘဲ အနောက်မှ တွယ်ကပ် ဆင်းခဲ့လေ၏။
ဦးမဲခေါင်သည် ချောက်သို့ တွယ်ကပ်ပြီး ဆင်းရင်း တစ်နေရာသို့
ရောက်သောအခါ ရပ်တန့်လိုက်၏။ ထိုနေရာ၌ ကွယ်လပ်တစ်ခု
ရှိနေပြီး အမှောင်ထဲတွင် လှိုဏ်ဂူငယ်တစ်လုံး ကိုမြင်ရ၏။
ထိုနေရာသည် ချောက်ကြီး၏ အလယ်ခန့်တွင် ရှိပြီး
ချောက်အောက်မှ ရေစီး သံသဲ့သဲ့ကိုလည်း ကြားရလေ၏။
ဦးမဲခေါင်က အောက်သို့ ငုံ့ကြည့်လိုက်ပြီး ``အောက်မှာ
စမ်းချောင်းလေးရှိတယ်`` ဟုပြောလေ၏။ပြောရင်း ဦးမဲခေါင်က
ရှေ့မှ ဦးဆောင်ပြီး လှိုဏ်ဂူငယ်လေး ထဲသို့ ဝင်လေ၏။
လှိုဏ်ဂူထဲရှိ ကျောက်တုံးကြီး တစ်တုံးရှေ့သို့ ရောက်သောအခါ
ဒူးညွှတ် ထိုင်ချလိုက်၏။ ထိုနောက် သိဟာဘက်သို့ လှည့်ကာ


www.burmeseclassic.com

www.burmeseclassic.com


``ထိုင်..လူလေး..ပြီးရင် ကျုပ်လုပ်သလို လိုက်ပြီး ဂါရဝပြုစမ်း`` ဟုဆိုပြီး ကျောက်တုံးကြီးကို ဂါရဝပြုလိုက်သဖြင့် သိဟလည်း အူကြောင်ကြောင် လိုက်လုပ်ရလေ၏။ ပြီးနောက် ဦးမဲခေါင်က သိဟဘက်သို့ လှည့်ပြီး လေးနက်သော အမူအယာဖြင့် ``ဒီကျောက်တုံးကြီးထဲမှာ တော်လှန်ရေး ခေါင်းဆောင် တစ်ကောင်ဘွါး၏ အရိုးအိုးရှိတယ်``ဟုဆိုလိုက်ရာ သိဟသည် အလွန်အံ့သြ သွားပြီး``ဟင်..တစ်ကောင်ဘွါးရဲ့ အရိုးအိုး ရှိတယ်.. ဟုတ်လား``ဟုမေးမြန်းလိုက်လေ၏။

တစ်ကောင်ဘွါး၏ အကြောင်းကို သူငယ်စဉ်ကပင် ကောင်းစွာကြားဖူး၏။ တစ်ကောင်ဘွါးသည် အရှင်နှစ်ပါး ပါတော်မူပြီးနောက် နယ်ချဲ့အစိုးရကို အပြင်းအထန် ပုန်ကန်ခဲ့သူဖြစ်၏။ တစ်ကောင်ဘွါးသည် လွန်စွာ အစွမ်းထက်ပြီး ဗြိတိသျှ အစိုးရကို ကောင်းစွာ ဒုက္ခပေးနိုင်ခဲ့သဖြင့် လန်ဒန်ရှိသတင်းစာ များကပင် တစ်ကောင်ဘွါး အကြောင်းကို တခမ်းတနား ရေးသားဖော်ပြခဲ့၏။ နောက်ဆုံးတွင် ဘုရင်ခံချုပ်၏ အမိန့်ဖြင့် တစ်ကောင်ဘွါး၏ တပ်ဖွဲ့များကို ပြင်းပြင်းထန်ထန်


www.burmeseclassic.com

www.burmeseclassic.com

နှိမ်နင်းခဲ့၏။ စစ်အင်အား အလွန်ကွာခြားသဖြင့် တပ်ဖွဲ့ဝင်များ
တွေ့ဆုံခဲ့သော်လည်း တစ်ကောင်ဘွါးကို ဖမ်းဆီးမမိဘဲ
နှစ်ပေါင်းများစွာ ပျောက်ဆုံးနေခဲ့၏။ ထိုစဉ်က
လင်းနို့တောင်ပေါ်တွင် တစ်ကောင်ဘွါးကို စစ်ပုလိပ်များ ဝိုင်းဝန်း
ပစ်ခတ်ခဲ့သော်လည်း ကျည်ဆံ ထိမှန်ခဲ့ခြင်း မရှိသည့် အတွက်
တစ်ကောင်ဘွါး၌ သေနတ်ပီးဓါးပီး အစွမ်းရှိမည်ဟု
နံမည်သတင်းကြီးခဲ့၏။ တစ်ကောင်ဘွါးသည် စစ်ပုလိပ်များကြားက
လင်းနို့တောင်ကမ်းပါး အောက်သို့ ခုန်ချပြီး ချောင်းရေစီးနှင့်
မျောပါသွားသဖြင့် တစ်ကောင်ဘွါး သေဆုံးသွားသလော
အသက်ရှင်နေသေး သလော မည်သူမျှ တပ်အပ် ပြောနိုင်
ခြင်းမရှိချေ။ တစ်ကောင်ဘွါး၏ သတင်းသည် လင်းနို့တောင်
ပေါ်မှ ခုန်ချပြီး စုံးစုံးမြုပ် ပျောက်ကွယ် သွားလေ၏။ အချို့လည်း
တစ်ကောင်ဘွါး သေနတ်ကျည်ဆံ ထိမှန်ပြီး သေဆုံးခဲ့သည်ဟု
ဆိုခဲ့၏။ အချို့လည်း တစ်ကောင်ဘွါးသည် သေနတ်ပီး ဓားပီးသူ
ဖြစ်ဖြင့် သေဆုံးခြင်း မရှိဘဲ မြန်မာပြည် တစ်နေရာတွင် ဗြိတိသျှ
အစိုးရကို တော်လှန်ရန် တာစူ နေသည်ဟု ဆိုကြ၏။


www.burmeseclassic.com

www.burmeseclassic.com

ထိုစကားများ မှန်သည် မှားသည်ဟု မည်သူမှ ထောက်ခံမှု မပေးနိုင်ချေ။ သီဟာက ဦးမဲခေါင်ကို တအံ့တဩ ကြည့်ပြီး ``ဒါဆို တစ်ကောင်ဘွါး သေဆုံးသွားပြီပေါ့၊ သူ့လို သေနတ်ပီး မားပီးတဲ့သူ တစ်ယောက်က ဘယ်လို သေဆုံး သွားတာလဲ`` ဟုမေးမြန်းလေ၏။ ဦးမဲခေါင်က ``တစ်ကောင်ဘွါး သေဆုံးတာ သေနတ် ကျည်ဆံကြောင့် မဟုတ်ဘူးကွ၊ လူကြီးရောဂါကြောင့် သေဆုံးရတာ`` ဟုပြောလိုက်ရာ သီဟာက စိတ်ဝင်စားဟန်ဖြင့် ကြည့်ပြီး ``တစ်ကောင်ဘွါးရဲ့ ဂူသချိုင်းက ဒီချောက်ကြီးထဲကို ဘယ်လို ရောက်နေတာလဲ`` ဟုမေးမြန်းလေ၏။

ဦးမဲခေါင်က ``တစ်ကောင်ဘွါးဟာ ငါ့သူငယ်ချင်းကွ၊ သူဟာ လင်းနို့တောင်ပေါ်မှာ စစ်ပုလိပ်တွေ လက်က လွတ်မြောက်လာကတည်းက ငါ့ဆီမှာ ခိုလှုံနေခဲ့တာ သုံးနှစ် လောက် ကြာတယ်၊ အဲဒီတုန်းက တစ်ကောင်ဘွါးကို နယ်ချဲ့ စစ်ပုလိပ်တွေက ပိုက်စိတ်တိုက် လိုက်ပြီး ရှာဖွေနေချိန်ပေါ့ကွာ၊ တစ်ကောင်ဘွါး ငါ့ဆီမှာ ခိုလှုံနေတာကို သိတဲ့ လူဆိုလို့ ဒေါ်းအဖေ တိုက်မောင်းနဲ့ ငါပဲ ရှိတယ်၊ မင်းအဖေဟာ ဒါကြောင့်လဲ ငါ့ဆီမှာ


www.burmeseclassic.com

www.burmeseclassic.com

မင်းကို ခိုလှုံ နိုင်းတာ ဖြစ်မယ်``ဟုပြောလေရာ သိဟာသည် ဖခင်၏ စိတ်ခါတ်ကို လေးစားသွားလေ၏။ ဖခင်သည် သားအရင်းဖြစ်သော မိမိကိုပင် တစ်ကောင်ဘွဲ့ အကြောင်း ပြောပြခဲ့ခြင်း မရှိချေ။ ဦးမဲခေါင်က ဆက်လက်ပြီး ``တစ်ကောင်ဘွဲ့ ငါ့ဆီမှာ ၃နစ်လောက် ခိုလှုံနေခဲ့ပြီး သူ့မှာ ရှိတဲ့ ချောင်းဆိုးသွေးပါ ဝေဒနာက ဆိုးဂါးလာပြီး အသက်ဆုံး သွားတာပဲ``ဟုပြောလေရာ သိဟာက``ဒါဆိုရင် တစ်ကောင်ဘွဲ့က စစ်ပုလိပ်တွေ သေနတ်နဲ့ ပိုင်းအုံပစ်ခတ်တာ ဘာဒဏ်ရာမှ မရဘူးပေါ့``ဟုမေးမြန်းလေရာ ဦးမဲခေါင်က ``ဟုတ်တယ်၊ တစ်ကောင်ဘွဲ့မှာ ဘာ..ဒဏ်ရာမှ မရခဲ့ဘူး``ဟုပြောပြီး ထိုင်ရာက ထရပ်ကာ တစ်ကောင်ဘွဲ့၏ အရိုးအိုးထည့်ထားရာ ကျောက်တုံးကြီးဆီသို့ သွားလေ၏။ ထိုနောက် ကျောက်တုံးကြီး ရှေ့တွင် ဒူးထောက်ထိုင်ချလိုက်ပြီး ကျောက်တုံး၏ အရှေ့ဘက် မျက်နှာစာကို ဓါးငယ်လေးဖြင့် ခြစ်ထုတ်လိုက်ရာ ကျောက်တုံး၏ ရှေ့တွင် လေးထောင့်ပုံစံ ဆက်ကြောင်း တစ်ခု ပေါ်လာ၏။ ဦးမဲခေါင်က ထိုဆက်ကြောင်း


www.burmeseclassic.com

www.burmeseclassic.com

ထဲသို့ ဓားငယ်လေးဖြင့် ကလန့်ထုတ်လိုက်ရာ အံဗုက်လေး တစ်ခု ပေါ်လာပြီး အံဗုက်ထဲတွင် ကြေးသေတ္တာလေး တစ်လုံးကို အံ့ဩဖွယ် တွေ့ရလေ၏။ ဦးမဲခေါင်က ကြေးသေတ္တာကို ယူပြီး ဖွင့်ကြည့် လိုက်ရာ ကြေးသေတ္တာထဲတွင် လက်တစ်ဆစ် ခန့်ရှိသော ကြေးပြားလေး တစ်ပြားကို တွေ့ရလေ၏။

ထိုကြေးပြားလေးကို ဦးမဲခေါင်က ထုတ်ယူလိုက်ပြီး ``တစ်ကောင်ဘွါး မဆုံးမီ နောက်ဆုံးအချိန်မှာ သူ့ကိုယ်ပေါ်မှာ အမြဲဆောင်ထားတဲ့ ကြေးပြား အဆောင်လေးကို ငါ့ကို ပေးခဲ့တယ်၊ သူ့ရဲ့ အပြောအရ ဒီအဆောင်လေးဟာ ဓားပြီးတုတ်ပြီးတယ်လို့ ဆိုတယ်၊ သူ ငယ်စဉ်က စစ်ပြေးရင်း ကေလာသ တောင်ပေါ်မှာ ရသေ့ကြီးတစ်ယောက်နဲ့ တွေ့ပြီး ရသေ့ကြီးက စွန့်ကြဲခဲ့တယ်လို့ ဆိုတယ်၊ ဒီ အဆောင်လေးကို လူလေးကို ကျုပ် ပြန်စွန့်ကြဲလိုက်မယ်``ဟုဆိုလိုက်ရာ သိဟက လက်ကာပြလိုက်ပြီး``သူတပါးပစ္စည်းကို ကျုပ် ယူလို့ မသင့်တော်

ဘူးနဲ့တူတယ်``ဟုငြင်းဆန်လိုက်ရာ ဦးမဲခေါင်က ခေါင်းခါယမ်း

``တစ်ကောင်ဘွါး ဆုံးကာနီး တုန်းက သူ့အဆောင်လေးကို

www.burmeseclassic.com

ဘိုင်းပြည်အတွက် အသုံးပြုမဲ့ လူရှိရင် လှူလိုက်ပါလို့

ကြားခဲ့တယ်၊ ဒါကြောင့် တစ်ကောင်ဘွားရဲ့ အဆောင်လေးဟာ

လူလေး နဲ့ သင့်တော်ပါတယ်၊ တစ်ကောင်ဘွား ကိုယ်တိုင်လဲ

အသက်ရှိထင်ရှား ရှိနေရင် လူလေးကို သူ့အဆောင်ဖလေး

နှန့်ကြဲတာ သူ့လက်ခံမှာပါ၊ လူလေးဟာ နယ်ချဲ့တွေ

အတွက်တော့ ဒုတိယမြောက် တစ်ကောင်ဘွားပါပဲ``

ဟုပြောလိုက်၏။ ပြီးနောက် ဦးမဲခေါင်က သီဟ၏မျက်နှာကို

လေးနက်စွာ ကြည့်ရင်း``ပေဟာဒီမှာ ဒုတိယမြောက်

တစ်ကောင်ဘွားအတွက်``ဟုပြောကာ ကြေးပြား

အဆောင်လေးကို သီဟလက်သို့ ပေးအပ်လိုက်လေ၏။

သီဟသည် ဦးမဲခေါင် မည်သည့် အဓိပ္ပါယ်နှင့်

ဆိုမှန်းမသိသော်လည်း မိမိရင်ထဲတွင် တစ်ကောင်ဘွား

ဆိုသည့်အသံကြောင့် မျိုးချစ်စိတ်များ ပြည့်လျှံလာပြီး

ကြေးပြားကို တင်းတင်း ဆုပ်ကိုင်ကာ ``သစ္စါဖောက်

ထောက်ကောင်တွေကို လူစွန့်စားကြီး တစ်ကောင်ဘွားကို

အားယူပြီး ကျုပ် အစွမ်းကုန်ကြိုးစား ခြေမှုန်းပါမယ်`` ဟု


www.burmeseclassic.com

www.burmeseclassic.com


ကတိပြုလိုက်လေ၏။ ဦးမဲခေါင်က ``လူလေး စကားကို တမလွန်မှာ ရောက်နေတဲ့ တစ်ကောင်ဘွါး ကြားရင် လက်ခမောင်းခတ် မှာသေချာတယ်``ဟုပြောလေ၏။ ဦးမဲခေါင်က သိဟာ လက်ထဲရှိ ကြေးပြားအဆောင်လေးကို ကြည့်ပြီး``တစ်နေ့နေ့ တစ်ချိန်ချိန်မှာ လူလေးအတွက် မလိုအပ်တော့ဘူးဆိုရင် အကျိုးရှိမဲ့ လူတစ်ယောက်ကို လက်ဆင့်ကမ်း ပေးလိုက်ပါ၊ မသမာသူတွေ လက်ကို မရောက်ဖို့တော့ လိုတယ်``ဟုပြောလေရာ သိဟာက အဆောင်လေးကို စိတ်ဝင်စားဟန်ဖြင့် ကြည့်ပြီး ``ဒီအဆောင်လေးက အမှန်တကယ် အစွမ်းထက်တယ်လို့ ဦးကြီး ယုံကြည်သလား`` ဟုမေးမြန်းလေရာ ဦးမဲခေါင်က သက်ပြင်းချပြီး ``တစ်ကောင်ဘွါးကတော့ ယုံကြည်တယ်၊ ကျုပ်ကတော့ အဆောင်ကို လက်တွေ့ မစမ်းသပ်ဘူးတော့ အဆောင်ရဲ့ အစွမ်းကို မသိဘူး၊ ဒါပေမဲ့ လင်းနို့တောင်ပေါ်မှာ စစ်ပုလိပ်တွေ ဝိုင်းဝန်း ပစ်ခတ်တဲ့ကြားက တစ်ကောင်ဘွါး လွတ်မြောက်လာပုံ ထောက်တော့ အမှန်တကယ်

တစ်ကောင်ဘွား

www.burmeseclassic.com

www.burmeseclassic.com

အစွမ်းထက်ပုံရပါတယ်`` ဟုပြောလေရာ သီဟသည်

တစ်ကောင်ဘွါးထံမှ စွန့်ကြဲလိုက်သော အဆောင်လေးကို

ခင်းတင်း ဆုပ်ကိုင်ပြီး ``သစ္စါဖောက် လောက်ကောင်တွေကို

အမှုန်းပစ်မယ်`` ဟုကြုံးဝါးလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com


တစ်ပတ်ခန့်ကြာသောအခါ သီဟာသည် ဦးမဲခေါင်၏ အိမ်မှ ထွက်ခွါရန်ကြံစည်လေ၏။ ထိုအခါ မောင်ရင်းနှမကဲ့သို့ သံယောဇဉ် တွယ်နေရှာသော မြညိုက စိုးရိမ်ဟန်ဖြင့် ``အရာ[illegible] သတိရှိပါ၊ ကိုသီဟာရယ်...မြညို ကိုသီဟာအတွက် စိုးရိမ်တယ်`` ဟုဆိုလိုက်၏။ သီဟာက သက်ပြင်းချပြီး

``မစိုးရိမ်ပါနဲ့ မြညို ..ကိုယ့်ကိုယ်ကိုယ် ကြိုးကွင်းစွပ်တဲ့ အလုပ်ကို ကျုပ်မလုပ်ပါဘူး၊ ပိုင်မှ လုပ်မှာပါ`` ဟုပြောလိုက်[illegible]

မြညိုက သက်ပြင်းချလိုက်ပြီး ``ဘာပဲဖြစ်ဖြစ် [illegible]ရယ်

[illegible]စ်ကောင်ဘွား

www.burmeseclassic.com

www.burmeseclassic.com

ားတယ်``ဟုဆိုလိုက်လေ၏။ သိဟာက အံ့ကို ကြိတ်ပြီး
သစ္စါဖောက် တွေနဲ့ ရင်ဆိုင်ရင် ဘယ်လိုအန္တရာယ်ပဲ ကြုံကြုံ
ပ်မမှုဘူး၊ ဒါပေမဲ့ တုံးတိုက်တိုက် ကျားကိုက်ကိုက် မလုပ်ဘူး၊
တိနဲ့ ဆင်ခြင်ပြီး လုပ်မှာပါ``ဟုပြောလေ၏။ ထိုရက်ပိုင်းတွင်
ညိုသည် သိဟာနှစ်သက်သော ဟင်းများကို ဒိုင်ခံ ချက်ပြုတ်ပြီး
ကျွေးမွေးလေ၏။ သိဟာက မြညိုချက်ပြုတ်သော ဟင်းများကို
ရှက်စွာ စားသုံးပြလေ၏။ ထိုနောက်တွင်မှ သိဟာသည်
ခေါင်တို့ သားအဖကို နှုတ်ဆက်ပြီး လေးနှစ်နီးပါး ခိုလှုံခဲ့သော
ကြီးမှ ထွက်ခဲ့လေ၏။ မြညိုက ပက်လက်မြင်းလှည်းလေးကို
ယ်တိုင် မောင်းပြီး သိဟာအား မြို့ပြင်သို့ လိုက်ပို့ပေးလေ၏။
ဟာနှင့် လမ်းခွဲကာနီးတွင် မြညိုက ``အစ်ကို ပြန်လာခဲ့နော်``
တိုးတိုး ပြောလိုက်၏။ သိဟာက မြညို၏ ဝိုင်းစက်သော
က်လုံးများကို ကြည့်ပြီး``မသေရင် ပြန်လာခဲ့မယ်မြညို``
ဖြေလိုက်လေ၏။ ထိုနောက် ကားကြုံတစ်စီးဖြင့် မြို့မှ
ွက်ခဲ့လေ၏။


www.burmeseclassic.com

www.burmeseclassic.com

သိပ္ပာသည် မြန်မာပြည်အနှံ့ လှည့်လည် သွားလာရင်း ရန်သူတော်ကြီး နစ်ယောက်ကို လုပ်ကြံနိုင်မည့် နည်းလမ်းကို ရှာဖွေလေ၏။ ရှေးဦးစွာ ပုလိပ်အရာရှိကြီး နစ်ယောက်၏ သတင်းကို စုံစမ်းလေရာ ရာဇဝတ်အုပ်မြင့်ဆွေသည် သာယာဝတီမြို့၌ တာဝန်ကျနေကြောင်း သိရလေ၏။ ထိုကြော သာယာဝတီမြို့သို့ ဦးစွာ သွားပြီး ဈေးအနီးရှိ အိမ်တစ်အိမ်တွင် ဈေးကူလီများနှင့် ရောနှောနေထိုင်ခဲ့လေ၏။ ထိုသို့နေထိုင်ရင်း ဈေးကူလီအလုပ်ကိုလည်း လုပ်ကိုင်ခဲ့လေ၏။ ဈေးကူလီလုပ်

တစ်ကောင်သွား

www.burmeseclassic.com

www.burmeseclassic.com

တစ်လခန့်အကြာတွင် ဈေးကူလီ အုန်းသန်းထံမှ ရာဇဝတ်အုပ်မြင့်ဆွေ လက်ပံတန်းမြို့ရှိ ရှင်ပြုအလှူတော် မင်္ဂလာပွဲကြီးသို့ ထက်ရောက်မည့်သတင်းကို ကြားရလေ၏။ မြို့လယ်ဈေးရှေ့ဘုရားဝိုင်းတွင် ကူလီအုန်းသန်းက အမှတ်မထင် ထုတ်ပြောခဲ့ခြင်းဖြစ်၏။ ``ငါ့ကို နယ်နယ်ရရ မထင်နဲ့နော်၊ အခု လက်ပံတန်းက သူဌေး ဦးရွှေပြုံး အလှူအတွက် ကူလီ လုပ်ပေးနေတာ၊ ဦးရွှေပြုံး အလှူကို ရာဇဝတ်အုပ်မင်း ဦးမြင့်ဆွေ ကိုယ်တိုင် တက်မှာဆိုပဲ၊ သတင်းစာထဲမှာ သူပုန်တွေကို နှိမ်နင်းလို့ နံမည်ကြီးတဲ့သူပေါ့``ဟုဆိုလိုက်ရာ သီဟာသည် ဖခင်နှင့် မျိုးချစ်များ အကြောင်းကို ကြားလိုက်ရသဖြင့် ရင်ထဲတွင် နာကျင်သွားလေ၏။

သစ္စါဖောက် မြင့်ဆွေကို လုပ်ကြံရန် အခွင့်အရေး တစ်ရပ်ပေါ်ထွက်လာချေပြီ။ ထိုနောက် သီဟာသည် အိမ်သို့ ပြန်လာပြီး ရာဇဝတ်အုပ် မြင့်ဆွေကို လုပ်ကြံနိုင်မည့် နည်းလမ်းများကို ရှာကြံလေ၏။ နောက်ဆုံးတွင် လက်ပံတန်းမြို့ရှိ အလှူပွဲသို့ ကိုယ်တိုင်သွားပြီး အခွင့်အလမ်း ရှာရန်ဆုံးဖြတ်လိုက်၏။


www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ကူလီများကို ဇာတိ အရပ်သို့ ပြန်မည်ဟု နှုတ်ဆက်ကာ လက်ပံတန်းသို့ ထွက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

သက်ပံတန်းမြို့သို့ရောက်သောအခါ ရှင်ပြုအလှူပွဲ လုပ်မည့် အိမ်အနီးသို့ ဗေတာသား တစ်ယောက်ဟန်ဖြင့် မယောင်မလည် သွားလေ၏။ ထိုအခါ အိမ်ကြီးထဲမှ အလှူရှင် မိန်းမကြီး ထွက်လာပြီး သီဟာကို မြင်သောအခါ အလုပ်ရှာသော တောသားတစ်ယောက်ဟု ယူဆကာ ``ငါတို့အလှူအတွက် ထင်းခွဲ ရေခပ်ဖို့ လူလိုနေတယ်၊ မင်းလုပ်နိုင်မလား`` ဟုမေးမြန်းလိုက်ရာ သီဟာက ဝမ်းသာအားရဖြင့် လုပ်နိုင်ကြောင်း ပြောလိုက်လေရာ မိန်းမကြီးက သီဟာအား အိမ်ကြီးထဲသို့



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ဆောင် သွားလေ၏။ သီဟသည် အကြံရှိသူပီပီ အိမ်ကြီး၏
ပတ်ဝန်းကျင်ကို မျက်စိ ဒေါက်ထောက် ကြည့်ပြီး လိုက်ပါ
လာလေ၏။ မိန်းကြီးက သီဟကို အိမ်ကြီး အနောက်ရှိ
ထင်းပုံကြီးကို ခေါ်သွားပြီး နေပူထဲ၌ ထင်းပုံကြီးကိုခွဲခိုင်းလေ၏။
ခြံကြီးထဲတွင် အိမ်ကြီး နှင့်အတူ အိမ်ငယ်လေး တစ်လုံး
ဆောက်ထားသည်ကို မြင်တွေ့ရ၏။ အိမ်ငယ်လေးမှာ ရပ်ဝေးက
လာသော ဧည့်သည်များ တည်းခိုရန် စီစဉ်ထားပုံရလေ၏။
သီဟသည် နေပူကြီးထဲတွင် ထင်းပုံကြီးကို ပင်ပန်းကြီးစွာ
ခွဲခြမ်းနေစဉ် ကရုဏာ သက်ဟန်တူသော အိမ်စေ မိန်းကလေးက
သီဟကို ရေတစ်ခွက် တိုက်လေ၏။ သီဟက အရိပ်ထဲသို့ ဝင်ပြီး
ရေသောက်ရင်း အိမ်စေ မိန်းကလေးထံတွင် အိမ်ကြီးနှင့်
ပတ်သက်သမျှ မေးမြန်းစုံစမ်းလေ၏။ ထိုအခါ ရှင်ပြု အလှူပွဲကြီး
ပြုလုပ်ရန် တစ်ပတ်သာ လိုတော့ပြီး အလှူပွဲသို့ အိမ်ရှင်
ဦးရွှေပြုံး၏ ညီတော်သူ ရာဇဝတ်အုပ် ဦးမြင့်ဆွေ တက်ရောက်
မည် ဖြစ်ကြောင်း သိရ၏။ အလှူ အိမ်၌ လူအများ စည်ကား
နေသဖြင့် ရန်သူတော်ကြီးကို လုပ်ကြံရန် လွယ်ကူမည်

တစ်ကောင်သွား


www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ကြောင်း ဆင်ခြင်မိ၏။ မည်သို့ပင်ဖြစ်စေ မိဘနှစ်ပါးနှင့် မျိုးချစ်များ၏ ကိုယ်စား သစ္စါဖောက် လောက်ကောင်ကို သုတ်သင် ပစ်ရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

သီဟသည် အလှူတွင် ခိုင်းစေသမျှကို ဖင်ပေါ့ပေါ့ဖြင့် လုပ်ကိုင်ပေးလေရာ အလှူရှင် မိန်းမကြီးက သဘောကျသွားပြီး ``မင်းဒီမြို့ကလား``ဟုမေးမြန်းလေ၏။ သီဟက တောအရပ်ကို စွန့်ခွါပြီး တစ်ရွာမကောင်းသူကောင်း မဖြစ်ဆိုသလို ရန်ကုန်မြို့သို့ အလုပ်ရှာရန် ထွက်လာကြောင်း ပြောလေရာ မိန်းမကြီးက ခေါင်းညိတ်ပြီး ``ဒါဆိုရင် ရန်ကုန်ကို မသွားနဲ့ဦး၊ ငါတို့ အလှူပြီးတဲ့အထိ အောက်ခြေသိမ်း လုပ်ပေး၊ အလှူပြီးရင် နင့်ကို ငွေ ၅ကျပ် သပ်သပ် ပေးမယ်``ဟုပြောလေ၏။ သီဟသည်


www.burmeseclassic.com

www.burmeseclassic.com


အကြံသမားပိပိ အလှူရှင် မိန်းမကြီး ပေးသော ငွေ ၅ကျပ်ကို ခေါ်မောဟန်ဖြင့် လက်ခံလိုက်လေ၏။ ထိုသို့ဖြင့် သီဟသည် အလှူအိမ်၌ အောက်ခြေသိမ်း အလုပ်ကို ရလေ၏။ အလှူပွဲကြီး စေမိ တစ်ရက်အလိုတွင် ခြံကြီးထဲသို့ ရာဇဂုတ်အုပ် မြင့်ဆွေ ၏ ချစ်ကားဝင်ရောက်လာ၏။ ထိုအခါ ရာဇဂုတ်အုပ် မြင့်ဆွေအား အလှူရှင်လူကြီး လင်မယားသာမက တစ်ဆွေလုံး တစ်မျိုးလုံး ထွက်ပြီး ကြိုဆိုကြလေ၏။ သီဟသည် ရာဇဂုတ်အုပ်မြင့်ဆွေ၏ မျက်နှာကို သတင်းစာများတွင် မြင်ဖူးပြီး အပြင်လောကတွင် ယခုမှ စတင်မြင်ဖူးခြင်းဖြစ်၏။။ သီဟသည် လူယုတ်မာ မြင့်ဆွေ၏ မျက်နှာကို မြင်သောအခါ ကျဆုံးသွားသောဖခင်နှင့် ခိုးချစ်တပ်သားများကို မြင်ယောင်ပြီး သွေးများ ပွက်ပွက်ဆူအောင် ခံစားမိလေ၏။ ရာဇဂုတ်အုပ်မြင့်ဆွေသည် ၄င်းကို လိုက်လံ့စွာ ကြိုဆိုသူများ အနောက်သို့ လိုက်ပါသွားရင်း သီဟနှင့် ရုတ်တရက် မျက်လုံးချင်း ဆုံမိလေ၏။ သီဟသည် သူ၏ မီးဝင်းပင်းတောက် နေသော မျက်လုံးများကို ရာဇဂုတ်အုပ်မြင့်ဆွေ မြင်သွားမှာ စိုးသဖြင့် မျက်လွှာချလိုက်လေ၏။ မြင့်ဆွေသည်


www.burmeseclassic.com

www.burmeseclassic.com

ရိပ်မိဟန် မရှိဘဲအိမ်ကြီးထဲသို့ ဝင်ရောက်သွားလေ၏။ သိဟသည် အလှူအိမ်သို့ မြင့်ဆွေ ရောက်သည့်အချိန်မှ စပြီး အလုပ်ကို မယ်မယ်ရရ မလုပ်နိုင်ဘဲ မြင့်ဆွေကို လုပ်ကြံရန်သာ စိတ်စော နေလေ၏။ သူ၏ လွယ်အိတ် ထဲတွင် လူသတ်လက်နက် အနေဖြင့် ဓားမြှောင်တစ်ချောင်းနှင့် မှုတ်ပြောင်း တစ်လက်သာ ပါ၏။ မှုတ်ပြောင်းမှာ ချင်းလူမျိုး မျိုးချစ်တစ်ယောက်၏ လက်ရာဖြစ်၏။ သိဟသည် ဖခင်နှင့်အတူ နေထိုင်စဉ် ချင်းလူမျိုး မျိုးချစ် တစ်ယောက်၏ လက်ထဲတွင် မှုတ်ပြောင်းတစ်လက်ကို အစဉ် တွေ့ရှိရသဖြင့် မှုတ်ပြောင်း မှုတ်နည်းကို စိတ်ဝင်တစား သင်ယူခဲ့လေ၏။ ထိုတပ်သားကြီးက သိဟအား မှုတ်ပြောင်း မှုတ်နည်း သာမက မှုတ်ပြောင်းတစ်လက်ကို ကိုယ်တိုင် ပြုလုပ်ပေးခဲ့၏။ ပြီးနောက် မှုတ်ပြောင်းနှင့်အတူ တွဲဖက် အသုံးပြုရသော လျှို့ဝှက် အဆိပ်ဖော်စပ်နည်းကိုလည်း သင်ကြားပေးခဲ့၏။ ချင်းလူမျိုး တပ်သားကြီးက အဆိပ်လူမြားကို အသုံးပြုပြီး တောကောင်ကြီးများကိုပင် ဖမ်းဆီး ရမိနိုင်သည်ဟု ဆို၏။ ထိုအချိန်မှစပြီး သိဟသည် မှုတ်ပြောင်း အသုံးပြုနည်းကို


www.burmeseclassic.com

www.burmeseclassic.com

...စွာ နှစ်သက်ပြီး မှုတ်ပြောင်းတစ်လက်ဖြင့် အချိန်ကုန်လွန်

...နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

သိဟာသည် ရာဇဂဝတ်အုပ်ကို တိုက်ခိုက်ရန် နည်းအမျိုးမျိုး ကြံစည်၏။ ထိုကြောင့် အိမ်ရှင် အဒေါ်ကြီးထံသို့ သွားပြီး မိမိသည် အနိပ်ပညာကို ကျွမ်းကျင်သူဖြစ်ကြောင်း ရှာတွင်နေထိုင်စဉ် အနိပ်သည် အဖြစ် အသက်မွေးဝမ်းကြောင်း ပြုကြောင်း ပြောလေရာ အလှူ့ရှင် အဒေါ်ကြီးက `` ရာဇဂဝတ်အုပ် ညောင်းနေတာနဲ့ အတော်ပဲ ကောင်းကောင်းနှိပ်နော် `` ဟုဆိုကာ သိဟာအား အိမ်ကြီး၏ အပေါ်ထပ်သို့ ခေါ်ဆောင်သွားလေသည်။ ရာဇဂဝတ်အုပ်မင်း၏ အခန်းသို့ ရောက်သောအခါ


www.burmeseclassic.com

www.burmeseclassic.com

ရာဇဝတ်အုပ်မင်းက သီဟာ၏မျက်နှာကို စေ့စေ့ကြည့်ပြီး "အနှိပ်ပညာကောင်းကောင်း တတ်ရဲ့လား" ဟုမေးမြန်းလေရာ သီဟာကခေါင်းညိတ်ပြီး "တတ်ပါတယ်ခင်ဗျာ၊ ကျွန်တော့် ဘိုးဘေးတွေက ရွှေနန်းတော်ထဲမှာ အနှိပ်တော်ဆက် တွေပါ" ဟုဆိုလိုက်ရာ ရာဇဝတ်အုပ်မင်းက လှောင်ပြောင် ဟန်ဖြင့် "တယ်ဆိုတဲ့ စာပါလား၊ အင်းလေ ပညာ ဘယ်လောက် ကောင်းလဲဆိုတာ ကြည့်ရတာပေါ့ကွာ" ဟုဆိုကာ သီဟာကို တောင် နှိပ်ခိုင်းလေ၏။ သီဟာသည် စံပယ်တောင်၌ နေထိုင်စဉ် အကြောပြင်ဆရာကြီး တစ်ဦးထံမှ အနှိပ်ပညာကို တီးမိ ခေါက်မိအောင် သင်ကြားထားသဖြင့် ရာဇဝတ်အုပ် စိတ် ကျေနပ်အောင် နှိပ်နိုင်လေ၏။ သီဟာသည် ရာဇဝတ်အုပ်ကို နှိပ်ရင်း လက်စားချေရန် အခွင့်အလမ်းကို ရှာကြံလေ၏။ ကြာလျှင် တစ်အိမ်လုံး တိတ်ဆိတ် သွားလေရာ ရာဇဝတ်အုပ်၏ လည်တိုင်ရှိ သေစေတတ်သော အကြောကို နှိပ်ပြီး လုပ်ကြံရန် ဆုံးဖြတ်လိုက်၏။ ရာဇဝတ်အုပ်ကို မသတ်မီ ၎င်းကျူးလွန်ခဲ့သော ပြစ်မှုများကို ပြန်လည် ပြောဆို


www.burmeseclassic.com

www.burmeseclassic.com

ရန်ပြင်လိုက်၏။ ထိုအခိုက်မှာပင် အခန်းထဲသို့ အလှူ့ရှင် အဒေါ်ကြီး ရောက်လာသဖြင့် လုပ်ကြံရန် အကြံကို လက်လျှော့လိုက်ရ၏။ ရာဇဝတ်အုပ်သည် အသက်ဘေးမှ လက်မတင်လေး လွတ်မြောက်သွားခြင်း ဖြစ်၏။ အလှူ့ရှင် အဒေါ်ကြီးသည် အိပ်ခန်းထဲမှ မထွက်တော့ဘဲ ခွေးခြေပေါ်တွင် ထိုင်ပြီး ရောက်တတ်ရာရာ စကားများကို ပြောဆိုနေသဖြင့် သီဟ၏ လုပ်ကြံရန် အကြံအစည်ကို လက်လျှော့လိုက်ရလေ၏။ သီဟသည် ပွဲအိုက်လာဟန်ဖြင့် အိပ်ခန်းနှင့် ဆက်နေသော ဝရန်တာသို့ မသိမသာ ထွက်ကြည့်ရာ ဝရန်တာ အနီးတွင် သစ်ပင်ကြီးတစ်ပင် ရှိကြောင်း တွေ့ရလေ၏။ ထိုသစ်ပင်ပေါ်သို့ တက်ပြီး ရာဇဝတ်အုပ်ကို လုပ်ကြံနိုင်ကြောင်း တွေးလိုက်မိ၏။ သီဟသည် ရာဇဝတ်အုပ် ကျေနပ်လောက်အောင် နှိပ်နင်းပေးပြီး အိပ်ခန်းထဲမှ ပြန်ထွက်လာခဲ့၏။


www.burmeseclassic.com

www.burmeseclassic.com

သီဟာသည် အလှူ့ရှင်အဒေါ်ကြီး ကျေနပ်လောက်အောင် နိုင်သမျှ အလုပ်များကို ဖင်ပေါ့ပေါ့ လုပ်ပေးပြီး ညရောက် သောအခါ မိမိအိပ်ရန် ခွင့်ပြုထားသော ထင်းရုံလေးထဲသို့ ဝင်ခဲ့လေ၏။ သီဟာသည် ထင်းရုံထဲသို့ ရောက်သောအခါ မိမိ၏ မှတ်ပြောင်း လက်နက် ကလေးကို သေချာစွာ တိုက်ချွတ် ဆေးကြောလေ၏။ မှုတ်ပြောင်းဖြင့်တွဲဖက် အသုံးပြုမည့် မြားငယ်လေးကိုလည်း အဆိပ် ပုလင်းလေးထဲသို့ အတန် ကြာအောင် စိုက်ထားပြီး အဆိပ်နှင့် လိမ်းကျံလေ၏။ သီဟာသည်



www.burmeseclassic.com

www.burmeseclassic.com


သန်းခေါင်ကျော်သည်အထိ စိတ်ရှည်လက်ရှည် ထိုင်စောင့်လေ၏။ သန်းခေါင်ကျော်သောအခါ မှုတ်ပြောင်း လက်နက်လေးကို ယူပြီး ရာဇဂုဏ်အုပ် အိပ်ခန်းနှင့် အနီးဆုံး သစ်ပင်ပေါ်သို့ တက်လေ၏။ သစ်ပင်ပေါ်သို့ ရောက်သော အခါ သစ်ကိုင်း ပေါ်တွင် နေရာယူပြီး အိပ်ခန်းတံခါးကို ခဲလုံးဖြင့် ပေါက်လေ၏။ ရာဇဂုဏ်အုပ်၏ အိပ်ခန်းတခါးကို ခဲလုံး ထိမှန် သော်လည်း အခန်းထဲမှ လှုပ်ရှားသံ မကြားရချေ။ သီဟသည် ခဲလုံး တစ်လုံးပြီး တစ်လုံး ပစ်ပေါက်သော်လည်း ရာဇဂုဏ်အုပ် အိပ်မော ကျနေပုံရပြီး တုန့်ပြန်သံ မကြားရချေ။ သီဟသည် နောက်ထပ် ခဲလုံး တစ်လုံးဖြင့် ထပ်မံ ပစ်ပေါက်လိုက်ရာ ရာဇဂုဏ်အုပ်၏ အခန်း မီးပွင့်လာ၏။ သီဟသည် မှုတ်ပြောင်းလက်နက်ကို အသင့်ပြင်ထား လိုက်လေ၏။ ရာဇဂုဏ်အုပ်က ဂရန်တာ တခါးကို ဒေါသတကြီး ဖွင့်ကာ ``ဘယ်ကောင် လက်ကမြင်းနေတာလဲ`` ဟုအော်ဟစ် လိုက်လေ၏။ သီဟသည် ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ ရာဇဂုဏ်အုပ်၏ လည်တိုင်ကို မှုတ်ပြောင်း လက်နက်ဖြင့် ပစ်လိုက်လေရာ အဆိပ်လူးမြားသည်


www.burmeseclassic.com

www.burmeseclassic.com

ရာဇဝတ်အုပ်၏ လည်တိုင်ကို ထိမှန်ပြီး အော်ဟစ် လဲကျသွားလေ၏။ သိဟာသည် ဂရန်တာပေါ်သို့ လဲကျသော ရာဇဝတ်အုပ်ကို အားပါးတရ ကြည့်ကာ အံကို တင်းတင်းကြိတ်ပြီး ``သားတာဝန်ကျေပြီ အဖေ`` ဟုတိုးတိုးရေရွတ်လိုက်လေ၏။ ဖခင်နှင့် မျိုးချစ်များအတွက် မိမိ လက်စားချေလိုက်ရသဖြင့် ရင်ထဲတွင် လွတ်လပ် ပေါ့ပါး သွားသယောင် ခံစားရလေ၏။ ဂန်ထောက်သန်းရွှေကိုလည်း မိုးအဆုံးမြေအဆုံး ရှာဖွေရဦးမည်။


www.burmeseclassic.com

www.burmeseclassic.com

သီဟာသည် ရာဇဂုဏ်အုပ်ကို လုပ်ကြံပြီးနောက် သစ်ပင်ကြီးပေါ်မှ တိတ်တဆိတ် ပြန်ဆင်းလာပြီး မိုးမလင်းမီ ထိုအရပ်မှ ထွက်ခွါခဲ့လေ၏။ လမ်းပေါ်သို့ ရောက်သောအခါ မှောင်ရိပ်ခိုပြီး လျှောက်လှမ်းရင်း ဘူတာသို့ ထွက်ခဲ့လေ၏။

အတန်ကြာသောအခါ စာပို့ရထားကြီး တစ်စီး ထိုးဆိုက်လာသ ထိုရထားဖြင့် လိုက်ခဲ့လေ၏။ရထားသည် နေ့လယ်သို့ ရောက်သောအခါ ဘူတာတစ်ခုတွင် ရပ်နားပြီး ရထားကို လေပေါင်ဖြည့်လေ၏။ သီဟာသည် မိမိ၏ ခရီးစဉ်ကို ပုလိပ်များ

တစ်ကောင်ဘွား

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်မိစေရန် ဘူတာမှ ဆင်းပြီး အနီးဆုံး မြစ်ဆိပ်သို့ လှမ်းခဲ့ပြန်၏။ မြစ်ဆိပ်၏ အနီးတွင် ထမင်းဆိုင် တစ်ဆိုင်ကို တွေ့ရသဖြင့် ထိုထမင်းဆိုင်သို့ ဝင်ပြီး ထမင်းစားလေ၏။ သိဟာသည် ထမင်းစားပြီးနောက် အနီး ပတ်ဝန်းကျင်ရှိ စေတီလေး တစ်ဆူသို့သွားပြီး ဘုရားဝတ်ပြုလေ၏။ ဘုရားဝတ်ပြုပြီးနောက် စေတီအနောက်ရှိ ဇရပ်လေးသို့ သွားကာ တစ်ညလုံး အိပ်ပျက်လာသဖြင့် တရေးအိပ်ရန်ကြံလေ၏။ သိဟာသည် ကောကြာအောင် အိပ်စက်ပြီးနောက် စကားပြောသံ သဲ့သဲ့ ကြားရ သဖြင့် ပြန်နိုးလာလေ၏။ သိဟာသည် အိပ်စက်နေရာမှ စကား ပြောသံကြားရာ နေရာကို လှမ်းကြည့်လိုက်ရာ ဇရပ် လေ့ကားထစ်၌ ထိုင်နေသော လူသုံးယောက်၏ စကားသံကို ကြားရလေ၏။ ထိုသူ သုံးယောက်သည် အရက်တစ်လုံးကို သောက်ရင်း ပြောဆို နေလေ၏။ လူတစ်ဦးက ``ဒီနေ့ည ငါတို့အစီအစဉ် အောင်မြင် ပါ့မလား`` ဟုဆိုလိုက်သောအခါ ကျန်တစ်ဦးက ``မအောင်မြင်စရာ အကြောင်းမရှိပါဘူးကွာ၊ ကောင်မကို ဖမ်းလို့ရတာနဲ့ သူဌေး ဆီပို့လိုက် ငါတို့အတွက်

www.burmeseclassic.com

ပိုက်ဆံက အဆင်သင့်ပဲ``ဟုပြောလေရာ

ကျွန်တစ်ယောက်က``ငါတို့ ဖမ်းနေတုန်း လူတွေ သိသွားရင်

ဘယ်လိုလုပ်မလဲ``ဟုမေးမြန်းလေ၏။ ကျွန်တစ်ယောက်က

သက်ပြင်းချပြီး ``မြို့ပြင်က လူပြတ်တဲ့နေရာမှာ ဘယ်သူသိမှာ

ငါကတော့ ရန်အောင်မြင် ဘုရားရှေ့လောက်ဆိုရင် အဆင်

အပြေဆုံး ဖြစ်မယ်ထင်တယ်``ဟုပြောလေ၏။ထိုအခါ

ဒုစရိုက်သမား တစ်ယောက်က``` ဒီကောင်မကို သူဌေး လက်

အပ်ပြီးရင် ငါတို့ပိုက်ဆံရပြီ။ ပိုက်ဆံရလို့ကတော့ ရန်ကုန်ဆင်းပြ

ဂျင်ပိုင်းတွေမှာ သွားကြဲပစ်လိုက်မယ်`` ဟုကြုံးဝါးလေ၏။

ကျွန်သူနှစ်ယောက်ကလည်း သဘောကျဟန်ဖြင့် ပိုင်းဂန်း

ထောက်ခံကြလေ၏။ ထိုသူများသည် မှောင်ရိပ်ကျ သော

နေရာတွင် အိပ်စက်နေသော သိဟာကို မမြင်ဘဲ တိုင်ပင်

ဆွေးနွေးနေခြင်း ဖြစ်၏။ ထိုသူများသည် ပိုက်ဆံ အလို့ငှါ

မိန်းကလေးတစ်ယောက်ကို ဖမ်းဆီးပြီး သူဌေးဆိုသူ လက်သို့

အပ်ရန်ကြံနေပုံရ၏။ သိဟာသည် မိမိရှေ့တွင် မကောင်းမှုအရိုက်

လုပ်သူများကို ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသလောက်

တစ်ကောင်ဘွား

www.burmeseclassic.com

www.burmeseclassic.com

တားဆီးရန်ကြံစည်လိုက်လေ၏။ ထိုကြောင့် ဒုစရိုက်သမားများ
ချုပ်မှ ထွက်ခွါသွားသောအခါ နောက်ယောင်ခံပြီး
လိုက်သွားလေ၏။ ထိုသူ သုံးယောက်သည် မြို့တစ်နေရာရှိ
ဈေးကွက်ဝိုင်းသို့ သွားပြီး လောင်းကစား ခြင်း ပြုကြပြန်၏။
သီဟသည် ထိုသူများ၏ လုပ်ရပ်ကို တားဆီး ရန်အတွက် မြို့ပြင်ရှိ
ရန်အောင်မြင် ဘုရားရှိရာကို စုံစမ်းပြီး ဘုရားပတ်ဝန်းကျင်တွင်
မယောင်မလည်ဖြင့် သွားစောင့်လေ၏။ ညနေစောင်းသောအခါ
လူရမ်းကား သုံးယောက်သည် ဂျစ်ကားတစ်စီးဖြင့်
ရန်အောင်မြင်ဘုရားသို့ ရောက်လာကြ၏။ ၎င်းတို့သည်
ဂျစ်ကားကို အသုံးပြုပြီး မိန်းကလေးကို ဖမ်းဆီးရန် ကြံထားပုံရ၏။
ခဏအကြာတွင် ရန်အောင်မြင် ဘုရားဘက်သို့
စက်ဘီးစီးလာသော မိန်းကလေး တစ်ယောက်ကို မြင်ရလေ၏။
ထိုအခါ ဂျစ်ကားပေါ်တွင် ရှိနေသော လူရမ်းကား သုံးယောက်
သည် လှုပ်လှုပ်ရှုရှု ဖြစ်ပြီး ကားပေါ်မှ ဆင်းလိုက်ကြ၏။ ထိုနောက်
စက်ဘီးစီးလာသော မိန်းကလေးကို ရှေ့မှ တားဆီးလိုက်၏။
ထိုအခါ မိန်းကလေးက ``ရှင်တို့ ဘာလုပ်တာလဲ''


www.burmeseclassic.com

www.burmeseclassic.com

ဟုမေးမြန်းလိုက်၏။ လူရမ်းကားများသည် မိန်းကလေး၏ အမေးကို မဖြေဘဲ သူမကို ကားပေါ်သို့ တွန်းထိုးခေါ်ဆောင်သွားလေ၏ ။ သီဟသည် မိန်းကလေးကို ကယ်တင်ရန် ကားရှေ့သို့ ပိတ်ရပ်လိုက်ပြီး ``ဟေ့ လူတွေ မတရား မလုပ်နဲ့၊ လွှတ်လိုက်စမ်း``ဟုတားဆီးလိုက်လေ၏။ ထိုအခါ လူရမ်းကားများသည် သီဟကို အံ့သြဟန်ဖြင့် ကြည့်ပြီး လူရမ်းကားတစ်ယောက်က``ဟေ့ကောင် ကိုယ်နဲ့မဆိုင်ဘဲ ဝင်မရှုပ်နဲ့ သေသွားချင်လား``ဟုကြိမ်းမောင်းလေ၏။ သီဟက ၄င်းတို့၏စကားကို ဂရုစိုက်ဟန် မပြဘဲ``မိန်းကလေးကို လွှတ်လိုက်ပါ``ဟုပြောလိုက်၏။ လူရမ်းကားများသည် အကြံအစည် အောင်မြင်ကာနီးမှ အနှောက်အယှက် ရောက်လာသဖြင့် သီဟအား ဒေါသတကြီး အော်ဟစ်ဆဲဆိုပြီး လူရမ်းကား တစ်ယောက်က ဂျစ်ကားထဲမှ တုတ်ကြီး တစ်ချောင်းကို ယူကာ သီဟအား လွှဲရိုက်လိုက်၏။သီဟက အသာအယာပင် ရှောင်တိမ်းပြီး လူရမ်းကား၏ နံကြားကို လက်သီးဖြင့် ထိုးလိုက်ရာ အွတ်ခနဲအော်ပြီး

တစ်ကောင်ဘွား

www.burmeseclassic.com

www.burmeseclassic.com

ထောက်ကျသွားလေ၏။ ကားပေါ်တွင် ကျန်နေသော လူရမ်းကား နှစ်ယောက်သည် အခြေအနေ မဟန်မှန်းသိသဖြင့် ကားပေါ်ရှိ တုတ်များကို ယူပြီး သိဟာအား ဝိုင်းဝန်း တိုက်ခိုက်ကြလေ၏။ သိဟာသည် သိုင်းပညာကို ကောင်းစွာတတ်ကျွမ်းတားသဖြင့် ၎င်းတို့၏ တိုက်ခိုက်မှုများကို အသာအယာ ခုခံနိုင်ပြီး ပြန်လည် တိုက်ခိုက်လိုက်ရာ လူရမ်းကားများသည် သုံးယောက်နှင့် တစ်ယောက်ဖြစ်သော်လည်း သိဟာကို မယှဉ်ဝံ့တော့သဖြင့် ကားပေါ်သို့ ပြေးတက်ပြီး မောင်းနှင်ပြေးလေ၏။ ထိုအခါမှပင် သိဟာက ကြောက်ရွံ့တုန်လှုပ်နေသော မိန်းမပျို အနီးသို့ သွားပြီး အားပေးစကားပြောလိုက်လေ၏။ မိန်းမပျိုက သိဟာကို ကြည့်ပြီး

``ကျေးဇူးတင်ပါတယ်ရှင်..ရှင်သာမကယ်ရင် ကျွန်မဘဝ ရေတိမ်နစ်တော့မလို့``ဟုပြောလိုက်ရာ သိဟာက မိန်းမပျိုကို ကြည့်ပြီး``သူတို့ ဘယ်သူတွေလဲ သိလား``ဟုမေးမြန်းလေရာ မိန်းမပျိုက ခေါင်းခါယမ်းပြီး ``မသိပါဘူးရှင်၊ သူတို့ဘာလို့ ကျွန်မကို ဖမ်းဆီးတာလဲ မသိဘူး``ဟုပြောလေ၏။ သိဟာက


www.burmeseclassic.com

www.burmeseclassic.com

သက်ပြင်း ချလိုက်ပြီး လူရမ်းကားသုံးယောက် တိုင်ပင် ဆွေးနွေးကြခြင်း အကြောင်းကို ပြောပြလိုက်ပြီး ထိုသူများ တိုင်ပင်ဆွေးနွေးမှုကို ကြားသိရသဖြင့် ကယ်တင်ရန် ရန်အောင်မြင်ဘုရားရှေ့သို့ မိမိ ရောက်နေခြင်း အကြောင်းတို့ကို စုံလင်စွာပြောပြလိုက်လေ၏။ ဇာတ်လမ်းအစအဆုံး နားထောင်ပြီးမိန်းမပျိုက တစ်စုံတစ်ရာကို သဘောပေါက် ဟန်ဖြင့်

``ဟုတ်ပြီ..ကျွန်မဘာလို့အဖမ်းခံရသလဲ ဆိုတာ ကျွန်မသိပြီ၊ ကျွန်မကို ဖမ်းဆီးခိုင်းလိုက်တဲ့သူဟာ တဏှာရူး စိန်သောင်းကိုး ဟုရေရွတ်လိုက်ရာ သိဟက မျက်မှောင်ကြုတ်ပြီး

``စိန်သောင်းဟုတ်လား၊သူက ဘယ်သူလဲ``

ဟုမေးမြန်းလိုက်လေ၏။ မိန်းမပျိုက ``ကျွန်မနံမည် မနန်းမူလို့ခေါ်ပါတယ်၊ စိန်သောင်း ဆိုတာ ဒီမြို့မှာ အမြတ်ကြီးစားခေါင်းပုံဖြတ်နေတဲ့ လူယုတ်မာ သူဌေး တစ်ယောက်ပေါ့ရှင်၊ ကျွန်မက ဒီမြို့က မဟုတ်ဘူး၊ရန်ကုန်သူရှင်၊ ဒီမြို့မှာ ကျွန်မအစ်မဂမ်းကွဲ အငြိမ့်မင်းသမီး ရွှေပိုးတီ ရှိတယ်၊ ကျွန်မကအစ်မရွှေပိုးတီဆီကို လာလည်ရင်း အကဆရာမကြီးဆီမှာ

တစ်ကောင်ဘွား

www.burmeseclassic.com

www.burmeseclassic.com

အကပညာ သင်နေတာ၊ တစ်ညနှစ်ည လောက် အစ်မရဲ့
အငြိမ့်ထဲမှာ ဂင်ကပေးဖူးတယ်၊ ကျွန်မအငြိမ့် ကတာကို
မြင်သွားတဲ့ သူဌေး စိန်သောင်း က ကျွန်မကို မရမက ချစ်ရေး
ဆိုတော့တာပဲ၊ ကျွန်မက သူ့ကို မေတ္တာမထားနိုင်တဲ့ အတွက်
မဖြစ်နိုင်ကြောင်း ငြင်းဆန်ပေမဲ့ အကြိမ်ကြိမ် လိုက်ပြီး နှောင့်ယှက်
နေတာ၊ သူ့ကို တားမရလို့ ကျွန်မအစ်မရွှေပိုးတီနဲ့ ပြဿနာ
အကြီးအကျယ် တက်ခဲ့သေးတယ်။ နောက်ဆုံးမှာ
ဒေါက်မောက်ပြီး မိုက်ရိုင်းတဲ့ သူဌေး စိန်သောင်းက နင့်ညီမကို
ငါမရရတဲ့နည်းနဲ့ ရအောင်ယူပြမယ် ဆိုပြီး ကြုံးဝါးတယ်၊
ဒါကြောင့်လဲ လူရမ်းကားတွေ လွှတ်ပြီး ကျွန်မကို အတင်းအဓမ္မ
သိမ်းပိုက်ဖို့ ကြံစည်တာ ဖြစ်မယ်`` ဟုပြောလေ၏။ သီဟက
နန်းမူဆိုသော မိန်းမချောလေးကို ကရုဏာ သက်ဟန်ဖြင့်
ကြည့်ပြီး ``မနန်းမူ ဘယ်ကပြန်လာတာလဲ`` ဟုမေးမြန်းလေ၏။
နန်းမူက ရန်အောင်မြင် ဘုရားအနောက်က ရွာတန်းရှည်မှာ
ရှေးအငြိမ့်မင်းသမီးကြီး ဒေါ်ငွေမှုံဆိုတာ ရှိတယ်။သူ့ဆီက
အကပညာ သင်တာပါ`` ဟုဆိုလိုက်ရာ သီဟက



www.burmeseclassic.com

www.burmeseclassic.com

သက်ပြင်းချပြီး ``မနန်းမူ အဖော်မပါဘဲ သွားနေရင် သူ့ဒွေး စိန်ဝေသောင်းရဲ့အန္တရာယ်နဲ့ ဆက်ကြုံရမှာပဲ`` ဟုပြောလေရာ မနန်းမူက ခေါင်းညိတ်ပြီး ``ကျွန်မ မသင်တော့ပါဘူး၊ ရန်ကုန် ပြန်တော့မှာပါ`` ဟုပြောပြီး သီဟအား သူမ၏နေအိမ်သို့ ခေါ်ဆောင်သွားလေ၏။ အိမ်သို့ ရောက်သောအခါ မနန်းမူ၏ အစ်မ အငြိမ့်မင်းသမီး ရွှေပိုးတီနှင့် တွေ့ဆုံပြီး အကြောင်းစုံ သိရသောအခါ ရွှေပိုးတီသည် ဒေါသတကြီး တက်ခေါက်လိုက်ပြီး ``လူယုတ်မာ စိန်သောင်း ဒင်းကို ပုလိပ်သွားတိုင်ရမယ်`` ဟုကြုံးဝါးလေ၏။ မနန်းမူက အစ်မဖြစ်သူကို ခေါင်းခါ ပြလိုက်ပြီး ``မတိုင်ပါနဲ့တော့ အစ်မရယ်၊ ကျွန်မ မနက်ဖြန် ရန်ကုန်ပြန်တော့မယ်၊ ကိုလိုနီ ပုလိပ်တွေက ရေများရေနိုင် မီးများမီးနိုင်ပဲ၊ တိုင်လဲ ဘာမှ ထူးမှာ မဟုတ်ဘူး`` ဟုတားဆီး လိုက်လေ၏။ ရွှေပိုးတီက ညီမဖြစ်သူအတွက် သီဟကို ကျေးဇူး တင်စကား ပြောပြီး အလုပ်အကိုင်ကို မေးမြန်းလေ၏။ သီဟက မိမိကိုယ်မိမိ ရေကြည်ရာမြက်နုရာ ရှာဖွေ သွားလာနေသော ခြေသလုံးအိမ်တိုင် တစ်ယောက်ဖြစ်ကြောင်း ပြောပြလေ၏။


www.burmeseclassic.com

ရွှေပိုးတီက တစ်စုံတစ်ရာကို စဉ်းစားလိုက်ပြီး ``ဒီလိုလုပ်ပါလား၊ ကိုသီဟာ ရန်ကုန်သွားမယ် ဆိုရင် ကျွန်မညီမလေး နန်းမူကို အဖော်ခေါ်သွားပေးဖို့ တောင်းပန်ပါတယ်၊ ညီမလေးကို မိန့်သောင်းရန်က စိတ်မချလို့ပါ`` ဟုပြောလေရာ သီဟာက ``ရပါတယ်၊ မနန်းမူကို ကျွန်တော် အဖော်ခေါ်သွားဖို့ ခန့်မလေးပါဘူး`` ဟုဖြေလိုက်လေရာ ရွှေပိုးတီသည် ကျေနပ်ဟန်ဖြင့် သက်ပြင်းချလိုက်ပြီး ``ကျေးဇူးတင်လိုက်တာ ကိုသီဟာရယ်၊ အခုမှ စိတ်အေးရတော့တယ်`` ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

သီဟသည် ထိုနေ့ညက ရွှေပိုးတီ ကျွေးမွေးသောညစာကို စားလိုက်ပြီး အငြိမ့်ထောင်အိမ်၌ပင် အိပ်စက်လိုက်လေ၏။ နောက်တစ်နေ့သို့ ရောက်သောအခါ အငြိမ့်မင်းသမီး ရွှေပိုးတီ ကိုယ်တိုင် သီဟနှင့် မနန်းမူကို ဘူတာသို့လိုက်ပို့ပြီး ရထားဖြင့် ရန်ကုန်သို့ ထွက်ခဲ့လေ၏။ သီဟတို့ လိုက်ပါလာသော ရထားသည် ပဲခူးဘူတာသို့ ရောက်သောအခါ တွဲများပေါ်သို့ ပုလိပ်များ တက်လာပြီး စစ်ဆေးလေ၏။ သီဟသည် ပုလိပ်များ၏ အရိပ်အခြည်ကို မြင်သဖြင့် ရင်ထဲတွင် အွန္တရယ် အချက်ပေး ခေါင်းလောင်းသံများ မြည်သွားလေ၏။ ရထားပေါ်ရှိ ပူရည်

www.burmeseclassic.com

www.burmeseclassic.com

ည်တန် ရှိသော လူကြီးတစ်ဦးက ပုလိပ်များကို မျက်နှာချို
ပြီး အကျိုးအကြောင်း မေးမြန်းလေရာ ပုလိပ်တစ်ဦးက
ဓာတ်အုပ်မင်းကို လုပ်ကြံခံရလို့ဗျ၊ ဒါကြောင့် ဘူတာတွေ
တွဲတွေမှာ စစ်ဆေးနေတာ``ဟုပြောလေ၏။ သီဟာသည်
အတွက် အန္တရယ် လက်တစ်လုံးရောက် နေပြီဖြစ်ကြောင်း
စား မိလိုက်လေ၏။ ပုလိပ်များသည် တွဲပေါ်ရှိလူများကို
ဦးပြီးတစ်ဦး လိုက်လံစစ်ဆေးရင်း သီဟာတို့ ရှိရာသို့
တ်လာလေ၏။ ပုလိပ်သည် သီဟာ၏ မျက်နှာကို မကြည့်ဘဲ
မောလှပသော မနန်းမူ၏ မျက်နှာကို မျက်တောင်မခတ်တန်း
ကြည့်ပြီး ``ညီမလေးတို့က ဘယ်သွားမလို့လဲ``
မေးမြန်းလေ၏။ မနန်းမူက `` ကျွန်မအစ်မ အငြိမ့်မင်းသမီး
ပိုးတီဆီက ပြန်လာတာပါ`` ဟုပြောလိုက်ရာ မျက်နှာရှူး
လိပ်က ``အိုး..ရွှေပိုးတီရဲ့ ညီမလေးလား၊ ဒါကြောင့် လှနေ
ကိုး၊ အစ်ကိုကြီးက ရွှေပိုးတီ ကပြီ ဆိုရင် မလွတ်တမ်း
ကြည့်ရမှ ကျေနပ်တာ၊ ဟီးဟီး..အခု ဘယ်ကိုပြန်မှာလဲ``
မေးမြန်းပြန်၏။ မနန်းမူက သက်ပြင်းချပြီး`` ကျွန်မတို့

www.burmeseclassic.com

မောင်နှမက ရန်ကုန် ပုဇွန်တောင် မှာနေတာပါ၊ ပုဇွန်တောင်ကို ပြန်မလို့ပါ``ဟုဖြေလိုက်ရာ ပုလိပ်သည် သိဟာကိုပင် စစ်ဆေးခြင်း မရှိတော့ဘဲ အလွယ်တကူ ခွင့်ပြုလိုက်လေ၏။ သိဟာသည် ထိုအခါမှပင် ရင်ထဲက အလုံးကြီး ကျသွားလေ၏။ မိမိကို ချောမောလှပသော မနန်းမူက ကယ်တင်လိုက်ခြင်းဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com



ကုန်သို့ ရောက်သောအခါ သီဟာသည် မနန်းမှုကို
တောင်သို့ လိုက်လံပေးပို့ပေးပြီး လမ်းခွဲထွက်ခဲ့လေ၏။
မှုက သူမ၏ မိဘနှစ်ပါးနှင့် မိတ်ဆက်ပေးပြီး ထိုအိမ်၌
ည်းခိုရန် ဖိတ်ခေါ် သော်လည်း သီဟာက လက်မခံဘဲ
တ်ခဲ့လေ၏။ သီဟာသည် ရှေးဦးစွာ ရွှေတိဂုံ စေတီ
တ်မြတ်ကြီးကို သွားရောက်ဖူးမျှော်ခဲ့၏။ ရန်ကုန်မြို့၌
ကိုယ်တိုင် အလုပ်တစ်ခု လုပ်ရန်ထက် ရန်သူတော်ကြီး
ထောက်သန်းရွှေကို ရှာဖွေလိုသဖြင့် ဖခင်နှင့် ခွဲခွါကာနီး
နိုးစားသောက်ရန် ပေးလိုက်သော ရွှေဒင်္ဂါးများကို ရောင်းချပြီး



www.burmeseclassic.com

www.burmeseclassic.com


စာဂတ်နေရေး ပြဿနာကို ဖြေရှင်းရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် ရွှေဆိုင်ကြီး တစ်ဆိုင်သို့ သွားပြီး ရွှေဒင်္ဂါး အနည်းငယ်ကို ရောင်းချလိုက်လေ၏။ ပြီးနောက် ရန်ကုန်မြို့ထဲတွင် လောလောဆယ် နေထိုင်ရန် နေရာကို စုံစမ်းရာ ကမ်းနားလမ်းဘက်၌ ဈေးပေါသော တည်းခိုခန်း များရှိကြောင်း သိရလေ၏။ ထို့ကြောင့် ကမ်းနားလမ်းသို့ သွားပြီး ဈေးပေါသော တည်းခိုခန်းတစ်ခုကို ရှာဖွေတည်းခိုခဲ့လေ၏။ ထိုတည်းခိုခန်း၌ မိမိကဲ့သို့ တောမှ တက်လာသူများ တည်းခို ကြောင်းသိရ၏။ သိဟသည် ရန်ကုန်မြို့သို့ ရောက်ပြီးနောက် လဗ္ဗာလမ်းရှိ ပုလိပ်များ ထိုင်လေ့ရှိသော ကာကာဆိုင်သို့ နေ့စဉ်သွားရောက်ပြီး ထိုင်လေ၏။ ထိုသို့ ထိုင်ရင်း ပုလိပ်များနှင့် မျက်မှန်တမ်း မိလာပြီးနောက် ဂန်ထောက်ဦးသန်းရွှေနှင့် ပတ်သက်ပြီး စုံစမ်းလေရာ ဂန်ထောက်ဦးသန်းရွှေသည် ဘုရင်ခံ၏ အိမ်တော်ရှိ လုံခြုံရေးဌာနသို့ ရောက်ရှိသွားကြောင်း သိရလေ၏။ ဂန်ထောက်ဦးသန်းရွှေ ဘုရင်ခံ အိမ်တော် လုံခြုံရေးသို့ ရောက်ရှိသွားသဖြင့် မိမိအတွက်လုပ်ကြံရန် အခက်အခဲ ရှိမည်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြောင်း ရိပ်စားမိလိုက်၏။ ထိုကြောင့် သန်းရွှေကို လုပ်ကြံမည့်နည်းလမ်းကို ခေါင်းအေးအေးနှင့် ရှာရန် ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

သီဟာသည် ရှေးဦးစွာ ဂန်ထောက်သန်းရွှေ နေထိုင်သော တာမွေ ဘက်သို့ ပြောင်းရွှေ့နေထိုင်ရန် ဆုံးဖြတ်လိုက်၏။ သီဟာသည် တည်းခိုခန်းမှ ထွက်ပြီးနောက် ဂန်ထောက်သန်းရွှေ နေထိုင်သော တာမွေ ကင်းဘဲလ်လမ်းတွင် ငှါးရမ်းမည့် အိမ်ရှိ မရှိ စုံစမ်းလေ ကံကောင်းထောက်မစွာဖြင့် ဂန်ထောက်သန်းရွှေ နေထိုင်သော ခြံကြီးနှင့် မျက်စောင်းထိုးရှိ တစ်ထပ်ပျဉ်ထောင် အိမ်လေးကို ငှါးရမ်း ရရှိခဲ့လေ၏။ သီဟာသည် မိမိ ငှါးရမ်းထားသော အိမ်ငယ်လေးထဲမှ ချောင်းကြည့်လျှင် ဂန်ထောက်သန်းရွှေ၏

တစ်ကောင်ဘွား

www.burmeseclassic.com

www.burmeseclassic.com

နေအိမ်ကို မြင်ရသဖြင့် အလွန် သဘောကျသွား၏။ သူသည် ဝန်ထောက်သန်းရွှေ အိမ်ကို ပိုမိုပြီး မြင်တွေ့စေရန် ရိုးကုမ္ပဏီသို့ သွားပြီး အင်္ဂလန်လုပ် မှန်ဘီလူး တစ်လက်ကို ဝယ်ယူခဲ့လေ၏။ မှန်ဘီလူး ရရှိသောအခါ ဝန်ထောက် သန်းရွှေ၏ အိမ်ကို မြင်တွေ့ရန် ခြံဝင်းထဲရှိ သရက်ပင်ကြီးပေါ်သို့ တက်ပြီး ကြည့်ရှုလေ၏၊ ထိုအခါ ဝန်ထောက်သန်းရွှေ၏ နေထိုင် သွားလာမှု ပုံစံကို ပိုမိုပြီး သိမြင်လာရလေ၏။

ဝန်ထောက်သန်းရွှေ၌ မိသားစု မရှိဘဲ အိမ်စေ မိန်းမကြီး တစ်ယောက်၊ ကုလားထမင်းချက် တစ်ယောက်နှင့်၊ ဒရဝမ် တစ်ယောက်သာ ရှိကြောင်း သိရ၏။ သိဟသည် အားလပ်သည့် အချိန်တိုင်း ဝန်ထောက်သန်းရွှေ၏ နေအိမ်သို့ မှန်ဘီလူးဖြင့် ကြည့်ပြီး လုပ်ကြံနိုင်မည့် နည်းလမ်းကို ရှာဖွေနေလေ၏။ ထိုအခါ ဝန်ထောက်သန်းရွှေသည် ကမ်းနားလမ်းရှိ ဘလူး ပျော်ပွဲစားရုံသို့ မကြာခဏ သွားရောက်ပျော်ပါးလေ့ ရှိကြောင်း သိရ၏။ သိဟသည် ဘလူး ပျော်ပွဲစားရုံသို့ နောက်ယောင်ခံ လိုက်ပြီး အကဲခတ်လေရာ ဝန်ထောက် သန်းရွှေသည်

တစ်ကောင်သွား

www.burmeseclassic.com

ပျော်ပွဲစားရုံမှ ညဉ့်နက်သည့်အချိန်မှ ပြန်လေ့ရှိကြောင်း သိ
ထို့ပြင် နံနက်စောစောထပြီး ကန်တော်ကြီး တပိုက်သို့
လမ်းလျှောက် ထွက်လေ့ ရှိကြောင်း တွေ့ရ၏။သီဟသည်
ဂန်ထောက်သန်းရွှေ နံနက် လမ်းလျှောက် သည့်
အချိန်ကိုစောင့်ပြီး တစ်ရက်နှစ်ရက် ခန့်နောက်ယောင်ခံ
လိုက်ကြည့်လေ၏။ ထိုအခါဂန်ထောက်သန်းရွှေ လမ်းလျှောက်
လေ့ရှိသည့် လမ်းကြောင်းကို သိရလေ၏။

ဂန်ထောက်သန်းရွှေသည် လမ်းလျှောက်ရင်း ကနေဒီကျွန်းသို့
ဝင်ကာ ကန်တော်ကြီး ရေပြင်ဘက်သို့ မျက်နှာမူပြီး လေ့ကျင့်ခ
လုပ်ကြောင်းသိရ၏။ နောက်ဆုံးတွင် သီဟသည် ဂန်ထောက်
သန်းရွှေကို ထိုနေရာ တွင်ပင် လက်စတုံး စီရင်ရန်
ဆုံးဖြတ်လိုက်၏။ ထိုနောက် ဂန်ထောက်သန်းရွှေကို
လာမည့်စနေနေ့တွင် လုပ်ကြံရန် ကြံစည်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ရာဇဂုဏ်အုပ်မြင့်ဆွေ အသတ်ခံရသော အမှုကို ကိုင်တွယ်သူမှာ
အင်းစိန်စီအိုင်ဒီမှ အင်စပက်တော်လှမိုးဖြစ်၏။ အင်စပက်တော်
လှမိုးသည် ရာဇဂုဏ်အုပ်၏ အမှုကို လိုက်ရင်း
ရာဇဂုဏ်အုပ်မြင့်ဆွေ မိန်းမမှု ရှုပ်ထွေးတတ်သည်ဟု
သတင်းရသဖြင့် မိန်းမမှု အနောက် ကိုသာ မဲပြီး လိုက်ခဲ့၏။
ထိုသို့လိုက်ရင်း သဲလွန်စများကို ရှာဖွေပြီးနောက် တစ်စုံတစ်ရာ
များယွင်းနေပြီဟု ခံစားရလေ၏။ ထိုအချိန်တွင် စံပယ်တောင်
ပုန်ကန်မှုကြီးတွင် ဖမ်းဆီးခံရသော မျိုးချစ်များအနက်


www.burmeseclassic.com

www.burmeseclassic.com

စိန်သန်းဆိုသည့် လူတစ်ယောက်က အစိုးရဘက်နှင့် ညှိနှိုင်းလိုကြောင်း ကြားသိရလေ၏။ စိန်သန်းဆိုသူသည် စပယ်တောင်ပုန်ကန်မှုနှင့် ပတ်သက်၍ တရားခံပြေး ဖြစ်နေသူ ဖြစ်ပြီး လွန်ခဲ့သော ရက်ကမှ ပုလိပ်က ဖမ်းဆီးမိခြင်း ဖြစ်၏။ အဆိုပါ စိန်သန်း ဆိုသူက ရာဇဝတ် အုပ်မြင့်ဆွေ အသတ်ခံမှုနှင့် ပတ်သက်ပြီး သတင်းပေးလိုကြောင်း ထိုသို့ သတင်းပေး ခြင်းကြောင့် ၄င်း၏ အမှုကို သက်သာစေ လိုကြောင်း ကမ်းလှမ်း လေ၏။ အင်စပက်တော်လှမိုးသည် စိတ်အား ထက်သန်စွာဖြင့် စိန်သန်းဆိုသူနှင့် သွားရောက် တွေ့ဆုံလေ၏။ စိန်သန်းသည် အမှုနှင့်ပတ်သက်ပြီး ဖော်ကောင် လုပ်သည့် အတွက် အပြစ်ဒဏ်မှ လွတ်မြောက် စေလိုကြောင်း ဆောင်းဆိုလေရာ အင်စပက်တော်လှမိုးက သက်ပြင်းချပြီ ``ခင်ဗျားကို လွတ်မြောက်အောင်တော့ ကျုပ် တာဝန် မယူနိုင်ဘူး၊ ပြစ်ဒဏ်က လျော့ပေါ့ အောင်တော့ ကူညီနိုင်ပါတယ်`` ဟုဆိုလိုက်ရာ စိန်သန်းသည် အတန်ကြာအောင် စဉ်းစားပြီးနောက် လက်ခံလိုက်လေ၏။ စိန်သန်းက ရာဇဝတ်အုပ် မြင့်ဆွေ

တစ်ဆောင်ဘွား


www.burmeseclassic.com

www.burmeseclassic.com

အသတ်ခံရသော အမှု၏ တရားခံမှာ သီဟာဆိုသော
လူငယ်ဖြစ်ကြောင်း ပြောဆိုလေရာ အင်စပက်တော်လှမိုးက
မျက်လုံးပြူးသွားပြီး ``သီဟ ဆိုတာ ဘယ်သူလဲ`` ဟုမေးမြန်း
လိုက်၏။စိန်သန်းက လေသံတိုးတိုးဖြင့် ``စံပယ်တောင်က
ခေါင်းဆောင်ကြီး ဦးတိုက်မောင်းရဲ့ သားပေါ့ဗျာ၊လူငယ်ပေမဲ့
အထင်မသေးနဲ့၊လူစွန့်စား တစ်ယောက်ဗျ``ဟုဆိုလိုက်၏။
အင်စပက်တော်လှမိုးက မျက်မှောင်ကြုတ်ပြီး ``ဦးတိုက်မောင်ရဲ့
သားဆိုတာ ခင်ဗျား ဘယ်လို ပြောနိုင်သလဲ``ဟုမေးမြန်းလိုက်ရာ
စိန်သန်းက ခေါင်းညိတ်ပြီး`` ဒီအမှုမှ ကျူးလွန်သွားတာ
မှတ်ပြောင်းလက်နက် ဆိုတာ သိကတည်းက သီဟ
လက်ချက်မှန်း သိလိုက်ပြီ၊ မျိုးချစ်အဖွဲ့နဲ့ အတူနေတုန်းက
ခေါင်းဆောင်ကြီး ဦးတိုက်မောင်းရဲ့သား သီဟဟာ
မှတ်ပြောင်းလက်နက်ကို အသုံးပြုတာ မြင်ဖူးတယ်၊ သူဟာ
မှတ်ပြောင်းလက်နက်ကို ချင်းတပ်သား တစ်ယောက်ဆီက
သင်ယူပြီး ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုတတ်တယ်``
ဟုပြောလိုက်ရာ အင်စပက်တော်လှမိုးက ``မှတ်ပြောင်းကို


www.burmeseclassic.com

www.burmeseclassic.com

ချင်းတပ်သား ကိုယ်တိုင် အသုံးပြုပြီး လူသတ်မှု ကျူးလွန်တာ မဖြစ်နိုင်ဘူးလား``ဟုမေးမြန်းလိုက်ရာ စိန်သန်းက ခေါင်းခါယမ်းပြီး``မဖြစ်နိုင်ပါဘူး၊ဘာကြောင့်လဲဆိုတော့ ချင်းတပ်သားက တိုက်ပွဲမှာကျဆုံးသွားပါပြီ``ဟုပြောလေ၏။ အင်စပက်တော်လှမိုးက ခေါင်းညိတ်ပြီး ``ဒါဆိုရင် ဦးတိုက်မောင်းရဲ့သားသိဟ က တိုက်ပွဲမှာ လွတ်မြောက်သွားတာလား``ဟုမေးမြန်းလိုက်၏။ စိန်သန်းက ``ဦးတိုက်မောင်းရဲ့သားက တိုက်ပွဲ မဖြစ်မီ နှစ်လသုံးလ အလိုကတည်းက စံပယ်တောင်က ထွက်သွားပါတယ်`` ဟုပြောလေရာ အင်စပက်တော်လှမိုးက မျက်မှောင်ကြုတ်ပြီး ``ဘာလို့ထွက်သွားတာလဲ``ဟုမေးမြန်းလိုက်၏။ စိန်သန်းက``ဆရာကြီးကိုယ်တိုင် စပယ်တောင်က ထွက်သွားခိုင်းတာပါ၊ တိုက်ပွဲတွေ ဖြစ်တော့မယ်ဆိုတာ သိလို့ သားဖြစ်သူကို တိမ်းရှောင်ခိုင်းလိုက်တာ``ဟုပြောလေရာ အင်စပက်တော်လှမိုးက သက်ပြင်းချပြီး``သူ့သားက တိုက်ရည်ခိုက်ရည် မရှိလို့လား၊ သူရသတ္တိနည်းလို့လား``



www.burmeseclassic.com

www.burmeseclassic.com


ဟုမေးမြန်းပြန်၏။ စိန်သန်းက ခေါင်းခါယမ်းပြီး``သိဟာဆိုတဲ့ သူငယ်ဟာနံမည်နဲ့လိုက်အောင် ရဲစွမ်းသတ္တိ ရှိပါတယ်၊ ဒေန်းမှာရှိတဲ့ လူငယ်တွေထဲမှာ ကိုယ်ခံပညာ အကောင်းဆုံးပါ၊ သူဟာ ဆရာကြီးဦးတိုက်မောင်းဆီက ပညာကုန် ရထားတာပါ၊ ဦးတိုက်မောင်းဟာ မြန်မာ့ရိုးရာ ဗန်တိုဗန်ရှည် သိုင်းပညာကို တစ်ဖက်ကမ်းခတ်အောင် ကျွမ်းကျင်သူပါ၊ ဒါကြောင့် သိဟ ဆိုတဲ့သူငယ်ဟာ ကြောက်စရာအကောင်းဆုံး လူသတ်သမား တစ်ယောက် ဖြစ်နေပါပြီ``ဟုပြောလေရာ

အင်စပက်တော်လုမိုးက မျက်မှောင်ကြုတ်ပြီး``သိဟရဲ့ ရုပ်ဆင်းသဏ္ဌာန်က ဘယ်လိုရှိသလဲ၊ ကိုစိန်သန်း မှတ်မိ သလောက် ပြောပါလား``ဟုမေးမြန်းလိုက်ရာ စိန်သန်းက ခေါင်းညိတ်ပြီး``ဒါ လွယ်လွယ်လေးပါ၊ဆရာကြီး ဦးတိုက်မောင်းနဲ့ သိဟတို့ သားအဖဟာ ရုပ်ချင်းသိပ်ဆင်တယ်၊ သိဟရဲ့ ရုပ်ကို သိချင်ရင် ဆရာကြီး ဦးတိုက်မောင်းရဲ့ ငယ်စဉ်က ရုပ်ကို မှန်းဆပြီးမြင်ကြည့်လိုက် သိဟ ရုပ်ရည်နဲ့ တစ်ပုံစံတည်း တူတာတွေ့ရမယ်``ဟုပြောလေ၏။ အင်စပက်တော်လုမိုးက


www.burmeseclassic.com

www.burmeseclassic.com

သက်ပြင်းချလိုက်ပြီး``အခုလို ကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊အမှုနဲ့ ပတ်သက်ပြီး ကိုစိန်သန်း သက်သာဖို့ ကြိုးစားပေးပါ့မယ်``ဟုပြောပြီး စိန်သန်းနှင့် လမ်းခွဲပြီး ထွက်လာခဲ့လေ၏။ စိန်သန်းစကားသာ မှန်ကန်ခဲ့သည် ဆိုလျှင် သီဟာဆိုသောလူငယ်သည် မျိုးချစ်အဖွဲ့ကို ဒုက္ခပေးခဲ့သော သစ္စါဖောက် လောက်ကောင်များကို ရှာဖွေ နှိမ်နင်းဦးမှာ သေချာ၏။ အင်စပက်တော်လှမိုးသည် သေဆုံးသွားသော ရာဇဂုဏ်အုပ် မြင့်ဆွေ၏ ဆရာ၊ ဂန်ထောက် သန်းရွှေအတွက် အန္တရာယ်နှင့် နီးကပ်နေပြီ ဖြစ်ကြောင်း ရိပ်စားမိလိုက်၏။ ထိုကြောင့် ဂန်ထောက် သန်းရွှေကို အမြန်ဆုံး သတိပေးရန် ဆုံးဖြတ်လိုက်၏။ အင်စပက်တော်လှမိုးသည် စီအိုင်ဒီသို့ ပြန်ပြီး မျိုးချစ်ခေါင်းဆောင် ဦးတိုက်မောင်း၏ ဓါတ်ပုံများကို ရှာဖွေကာ စီအိုင်ဒီ ပန်းချီဆရာ ထံတွင် ဦးတိုက်မောင်း၏ ငယ်နုစဉ်က ပုံကို အမြန်ဆုံး ခန့်မှန်း ရေးဆွဲခိုင်းလေ၏။ ပန်းချီဆရာသည် ဦးတိုက်မောင်း၏ ငယ်ရွယ်စဉ် ဘဂပုံကို ကြိုးစား ရေးဆွဲလေရာ ညဉ့်ရောက်သောအခါ မှပင် ပြီးဆုံးသွားလေ၏။


www.burmeseclassic.com

 www.burmeseclassic.com

ခင်စပက်တော်လှမိုးသည် ပန်းချီဆရာပေးသော ပုံကို

ကြည့်လိုက်ရာ လွှန်စွာ ယောကျ်ားပီသပြီး ဥပဓိရုပ်

ကောင်းမွန်သော ယောကျ်ားပျိုတစ်ယောက်၏ ပုံကို တွေ့ရလေ၏။

ခင်စပက်တော်လှမိုးသည် နောက်တစ်နေ့ နံနက်စောစောထပြီး

ဗိုလ်ထောက်ဦးသန်းရွှေ နေအိမ်သို့ သွားရန် ဆုံးဖြတ်လိုက်၏။

ဗိုလ်ထောက်ဦးသန်းရွှေအတွက် အန္တရာယ် လက်တစ်ကမ်းသို့

ရောက်ရှိနေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com

သီဟာသည် စနေနေ့သို့ ရောက်သောအခါ နံနက်စောစောထပြီး မှတ်ပြောင်းလက်နက်ကို ပြင်ဆင်လေ၏။ ဂန်ထောက်သန်းရွှေနှင့် အနီးကပ် ဆုံတွေ့လျှင် တိုက်ခိုက်ရန် ဆင်စွယ်ရိုးတပ် ဓားမြှောင် တစ်ချောင်းကိုလည်း ယူဆောင်ခဲ့လေ၏။ အလုံးစုံပြင်ဆင် ပြီးသောအခါ ကနေဒီကျွန်းသို့ ကြိုရောက်သွားပြီး ဂန်ထောက် သန်းရွှေ လေ့ကျင့်ခန်းယူရာ သစ်ပင်ကြီး အောက်တွင် ထိုင်လိုက်၏။ သူသည် ဖခင်နှင့် တော်လှန်ရေး ရဲဘော်များ အတွက် လက်စားချေ တိုက်ခိုက်ရတော့မည် ဖြစ်သဖြင့် အလွန်


www.burmeseclassic.com

www.burmeseclassic.com

စိတ်လှုပ်ရှားနေမိလေ၏။ လွယ်အိတ်ထဲတွင် အသင့်ယူဆောင်လာသော ရှမ်းခေါက်ဆွဲမြောင်ကို တင်းတင်း ဆုပ်ကိုင်ပြီး သွေးများဆူပွက်လာသယောင် ခံစား ရလေ၏။အတန်ကြာသောအခါ ဝန်ထောက်သန်းရွှေသည် ကနေဒီကျွန်းသို့ ဝင်လာပြီး လေ့ကျင့်ခန်း ပြုလုပ်ရာ သစ်ပင်ကြီး အောက်သို့ ရောက်လာ၏။


www.burmeseclassic.com

www.burmeseclassic.com

ဦးသန်းရွှေအိမ်သို့ ရောက်သောအခါ ဂန်ထောက်မင်း ကန်တော်ကြီးစောင်းသို့ လမ်းလျှောက်ထွက်သွားကြောင်း သိရလေ၏။ လှမိုးက ဂန်ထောက်မင်းအတွက် အသက်အွန္တရယ် နီးကပ်နေသဖြင့် ထမင်းချက် ကုလားအား ဂန်ထောက်မင်းရဲ့ လမ်းလျှောက်ဖော်ဘယ်သူတွေ ရှိသလဲ``ဟုမေးမြန်းလိုက်ရာ ထမင်းချက်ကုလားက စဉ်းစားဟန်ပြုပြီး``လမ်းထိပ် ကာကာဆိုင်မှာ ဆရာကြီးနဲ့ လမ်းလျှောက်ဖော် လူကြီးတွေ ရှိပါတယ်`` ဟုပြောလေ၏။ အင်စပက်တော်လှမိုးသည်

တမ်ကောင်ဘွား

www.burmeseclassic.com

www.burmeseclassic.com

ဘုလား၏ စကားမဆုံးမီ လမ်းထိပ်ကာကာဆိုင်သို့ သွားပြီး လမ်းလျှောက်ထွက်ရန် ဟန်ပြင်နေသော အဘိုးကြီး တစ်စုထံတွင် အကူအညီတောင်းပြီး ဂန်ထောက်ဦးသန်းရွှေ အနောက်သို့ လိုက်ခဲ့လေ၏။ ဂန်ထောက်ဦးသန်းရွှေ အတွက် အန္တရာယ် လက်တစ်ကမ်းမှာ ရှိနေမည်ထင်၏။

www.burmeseclassic.com

www.burmeseclassic.com



ဂန်ထောက် သန်းရွှေသည် ကန်ဝေါ်ကြီး စောင်းအတိုင်း လမ်းလျှောက်လာပြီး မိမိ နေ့စဉ် ကိုယ်လက်လုပ်ရှား လေ့ကျင့်ခန်း ယူလေ့ရှိသည့် သစ်ပင်ကြီးအောက်သို့ ရောက်လာ၏။ ထိုသစ်ပင်ကြီး၏ သစ်မြစ်ဆုံတွင် သီဟက ကျောခိုင်းထိုင်နေသဖြင့် ဂန်ထောက်သန်းရွှေက မနစ်မြို့ဟန်ဖြင့် ကြည့်ကာ ``ဟေ့ကောင်..ဒီနေရာက ငါလေ့ကျင့်ခန်း လုပ်တဲ့နေရာကွ.. ဝေးဝေးမှာ သွားထိုင်စမ်းပါ`` ဟုမောင်းနှင် ထုတ်လေ၏။ သီဟက ဂန်ထောက်သန်းရွှေ၏ စကားကြောင့်

တစ်ကောင်သွား

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်နေရာမှ ထရပ်လိုက်ပြီး မီးဝင်းဝင်းတောက်သော မျက်လုံး

များဖြင့်ကြည့်ကာ``ကျုပ်က ဒီနေရာက ဖယ်ပေးရမယ်..

ဟုတ်လား၊တကယ်တော့ ကျုပ် ဒီနေရာက ဖယ်စရာ

မလိုတော့ပါဘူးဗျာ``ဟုဆိုလိုက်ရာ ဂန်ထောက်သန်းရွှေက

သီဟာကို နားမလည်ဟန်ဖြင့် ကြည့်ပြီး

``ဘာကြောင့်လဲကွ``ဟုမေးမြန်းလိုက်လေ၏။ သီဟာက

ဂန်ထောက်သန်းရွှေကို မထိလေးစား ကြည့်ပြီး

``ဘာကြောင့်လဲဆိုတော့``ဟုဆိုကာ လွယ်အိတ်ထဲရှိ

ဆင်စွယ်ရိုးတပ် ဓားမြှောင်ကို ဆွဲထုတ်ရန် ပြင်လိုက်၏။

ထိုအခိုက်မှာပင် မလှမ်းမကမ်းသို့ ဂန်ထောက်သန်းရွှေ၏

အမ်းလျှောက်ဖော်များ ရောက်လာပြီး``ဂန်ထောက်မင်း ဟိုမှာ

လေ့ကျင့်ခန်း လုပ်နေတယ်၊ သွားကြရအောင်`` ဟုဆိုပြီး

ခေါက်ရှိလာကြ၏။ သီဟာသည် ဂန်ထောက်သန်းရွှေကို

သတ်စတုံးစိရင်ရန် ကြံစည်ပြီးကာမှ အနှောက်အယှက်

ပေါ်လာသဖြင့် တစ်ဝက်တစ်ပျက် ထုတ်ပြီးသော ဆင်စွယ်ရိုးတပ်

ဓားမြှောင်ကို လွယ်အိတ်ထဲသို့ ပြန်ထည့်လိုက်ပြီး သစ်ပင်

www.burmeseclassic.com


အောက်မှထွက်လာခဲ့လေ၏။ ဂန်ထောက်သန်းရွှေသည် ကျောခိုင်းထွက်ခွါသွားသော သိဟာကို နားမလည်နိုင်ဟန်ဖြင့် ကြည့်ပြီး အနီးသို့ ရောက်လာသော လမ်းလျှောက်ဖော်များကြောင့် သိဟာထံမှ အာရုံပြောင်းသွားလေ၏။


www.burmeseclassic.com

www.burmeseclassic.com

ဝန်ထောက်သန်းရွှေ ကနေဒီကျွန်း၌ ကိုယ်လက် လှုပ်ရှားလေ့ကျင့်ခန်း ပြုလုပ်ရန် ပြင်ဆင်နေစဉ် အင်စပက်တော်လှမိုး ရောက်ရှိသွားလေ၏။ အင်စပက်တော်လှမိုးက မိမိကိုယ်မိမိ စီအိုင်ဒီ စုံထောက် တစ်ယောက်ဖြစ်ကြောင်း မိတ်ဆက်လိုက်သောအခါ ဝန်ထောက်သန်းရွှေက အင်စပက်တော်လှမိုးကို နားမလည်ဟန်ဖြင့် ကြည့်ပြီး ``ကျုပ်နဲ့ ဘာကိစ္စ အလောတကြီး တွေ့ချင်တာလဲ`` ဟုမေးလိုက်လေ၏။ အင်စပက်တော်လှမိုးက ပတ်ဝန်းကျင်ကို ငဲ့စောင်းကြည့်ပြီး ``သိပ်အရေးကြီးတယ်



www.burmeseclassic.com

www.burmeseclassic.com

ဝန်ထောက်မင်း၊ကျုပ်တို့ တစ်နေရာမှာ သွားပြောမှ ဖြစ်မယ်``ဟုပြောလေ၏။ ဝန်ထောက်သန်းရွှေက အင်စပက်တော်လှမိုးကို နားမလည်ဟန်ဖြင့် ကြည့်ပြီး ကန်တော်ကြီးပတ်လမ်းသို့ ခေါ်ဆောင်သွားလေ၏။ အင်စပက်တော်လှမိုးက ရာဇဝတ်အုပ်မြင့်ဆွေကို လုပ်ကြံသွားသူမှာ စံပယ်တောင် တိုက်ပွဲ၌ ကျဆုံးသွားသော မျိုးချစ်ခေါင်းဆောင် ဦးတိုက်မောင်း၏ သားဖြစ်ကြောင်း ပြောလိုက်လေ၏ ဝန်ထောက်သန်းရွှေက အင်စပက်တော်လှမိုး၏ စကားကို လက်ခံချင်ဟန် မရှိဘဲ``နေပါဦး၊ သူပုန်ခေါင်းဆောင် တိုက်မောင်းသားဆိုတာ ဘာသက်သေရှိသလဲ`` ဟုပြောလေ၏။အင်စပက်တော်လှမိုးက သံက်ပြင်းချပြီး ``အကျဉ်းကျ မျိုးချစ်တစ်ယောက်က တရားခံသိဟာရဲ့ သတင်း ပေးတယ်၊သိဟာဟာ စံပယ်တောင်မှာ နေတုန်းက မှတ်ပြောင်းကို ကျွမ်းကျွမ်းကျင်ကျင် သုံးစွဲတတ်တယ်. စံပယ်တောင်ကို ဝန်ထောက်မင်းတို့ ဝင်မသိမ်းပိုက်မီ ၂လ ၃လ လောက် ကတည်းက သိဟာ ဟာစံပယ်တောင်ကနေ ပျောက်သွားခဲ့တယ်။

တစ်ကောင်သွား



www.burmeseclassic.com

www.burmeseclassic.com

အခုတော့ စံပယ်တောင် အရေးနဲ့ ပတ်သက်ပြီး သိဟ တစ်ခန်းထလာပြီ``ဟုပြောလိုက်ရာ နားထောင်နေသော ဂန်ထောက်ဦးရွှေသန်းက ခေါင်းခါယမ်းပြီး``သက်သေ မခိုင်လုံ သေးဘူး``ဟုငြင်းဆန်လေ၏။ အင်စပက်တော်လှမိုးက ခေါင်းညိတ်ပြီး ``တရားခံ သိဟဟာ သေလွန်သွားတဲ့ ဖခင်နဲ့ ရုပ်ချင်း အလွန်တူတယ်၊ ဒါကြောင့် ဦးတိုက်မောင်း ငယ်ဘဝ ပုံရိပ်တွေကို မှန်းဆပြီး ရေးဆွဲခိုင်းလိုက်တော့ အခု ဟောဒီ ပုံလေး ထွက်လာတယ်၊ ဒီပုံလေးကို သေလွန်သွားတဲ့ ရာဇဝတ်အုပ် မိသားစုကို သွားပြလိုက်တော့ သူတို့အားလုံး တရားခံဟာ သူပါပဲလို့ သေသေချာချာ ရှင်းလင်းပြသနေတယ်``ဟုပြောပြီး ပန်းချီဆရာ၏ လက်ရာ ပုံလေးကို ဂန်ထောက်သန်းရွှေအား ပြလိုက်ရာ သန်းရွှေသည် အံ့ဩလွန်း၍ ပါးစပ်အဟောင်းသား ဖြစ်သွားပြီး ``သူ..သူက ဦးတိုက်မောင်းရဲ့သား သိဟ ဆိုတဲ့ကောင်လား၊ ဒီကောင် အခုလေးတင် ကျုပ်ရှေ့က ထွက်သွားတယ်၊ ခင်ဗျားတို့နဲ့ ရှေ့ဆင့်နောက်ဆင့်ပဲ`` ဟုဆိုလိုက်ရာ အင်စပက်တော်လှမိုးသည် ရင်ထဲတွင် ထိတ်ခနဲ တစ်ကော်သွား


www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သွားပြီး ကုတ်အင်္ကျီအောက်ရှိ သေနတ်ကို လက်ဖြင့်စမ်းပြီး ပတ်ဂန်းကျင်ကို ငဲ့စောင်းကြည့်လိုက်ပြီး ``ဒါဆိုရင်တော့ အွန္တရယ်က လက်တစ်ကမ်းမှာ ရှိနေပြီ၊ ကျုပ်တို့ အိမ်ကို မြန်မြန်ပြန်မှ ဖြစ်မယ်``ဟုဆိုကာ ရထားလုံးတစ်စီးကို တားဆီးပြီး ဦးသန်းရွှေ၏ ကင်းဘဲလ်လမ်း နေအိမ်သို့ ပြန်ခဲ့လေ၏။

ဦးသန်းရွှေ၏ နေအိမ်သို့ ရောက်သောအခါ အင်စပက်တော်လှမိုးက ``ဦးတိုက်မောင်းရဲ့သား သီဟာဆိုတဲ့ ဓာရားခံဟာ ကိုယ်ခံပညာကို အဆင့်မြင့်မြင့် တတ်ကျွမ်းပြီး ကြောက်မက်ဖွယ် ကောင်းတယ်၊ ဂန်ထောက်မင်း ဒီအချိန်ကစပြီး အသွားအလာ အနေအထိုင် ဆင်ခြင်ဖို့လိုတယ်၊ ဒီနေ့ ဂန်ထောက်မင်းနဲ့ ဘယ်လိုဆုံတာလဲ ပြောပါဦး`` ဟုမေးမြန်းလိုက်ရာ ဂန်ထောက်သန်းရွှေက ကနေ့ဒီ ကျွန်း၌ မမျှော်လင့်ဘဲ သီဟာနှင့်တွေ့ဆုံပုံကို ပြောပြလေ၏။

အင်စပက်တော်လှမိုးက စိတ်ဂင်စားစွာ နားထောင်ပြီး ``ကျုပ်တို့လဲ သူ့ကို ဖမ်းဖို့ အစွမ်းကုန်ကြိုးစားနေတယ်၊ ရာဇဂတ်အုပ်မြင့်ဆွေကို လုပ်ကြံသွားတာ အဆိပ်လူးမြှားနဲ့

တစ်ကောင်ဘွား


www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ သိဟာဟာ ပညာ အတော်စုံပုံရတယ်``

ဟုမှတ်ချက်ချလေရာ ဝန်ထောက်သန်းရွှေက အံ့ကို

ကြိတ်ပြီး``ဒီကောင် နောက်တစ်ကြိမ် ကျုပ်ရှေ့ကို ရောက်လာ

ရင်တော့ ကျုပ်ရဲ့ခြောက်လုံးပြူးစာ မိသွားမယ်၊ မျိုးချစ်ပါတယ်

ဆိုတဲ့ သူပုန်တွေကိုတောင် ကျုပ်နှိမ်နင်း ခဲ့သေးတာပဲ၊ ဒီလို

အကောင်ပေါက်လေးကိုတော့ ကျုပ်မမှုပါဘူး``ဟုဆိုလိုက်၏။

အင်စပက်တော်လှမိုးက သက်ပြင်းချပြီး``ဘာပဲဖြစ်ဖြစ်

ဝန်ထောက်မင်း သတိထားပါ၊ သိဟာဟာ အမှောင်ထဲကလူ၊

အမှောင်ထဲက လူကို အလင်းထဲက လူက ဂရုစိုက်ရမှာ၊ ဒါနဲ့

သိဟာကို ဝန်ထောက်မင်း နောက် တစ်ကြိမ်တွေ့ရင်

မှတ်မိနိုင်မလား`` ဟုမေးမြန်းလိုက်၏။ ဝန်ထောက်သန်းရွှေက

မျက်မှောင်ကြုတ်ပြီး ``မှတ်မိနိုင်ပါတယ်၊ ဒီနေ့ ဒီကောင်နဲ့

မျက်နှာချင်းဆိုင် စကားပြောခဲ့တာပဲ`` ဟုပြောလေ၏။

အင်စပက်တော် လှမိုးက ``ဝန်ထောက်မင်းနဲ့ တွေ့တုန်းက

သိဟာရဲ့ အမူအယာ ဘယ်လိုရှိသလဲ`` ဟုမေးမြန်းလေ၏။

ဝန်ထောက်မင်းက မျက်မှောင်ကြုတ်ပြီး ``ဒီကောင်က ကျုပ်ကို


www.burmeseclassic.com

www.burmeseclassic.com

မိုးဂင်းဂင်း တောက်တဲ့ မျက်လုံးတွေနဲ့ စိုက်ကြည့်နေတယ်၊

သူ့အကြည့်ထဲမှာ အမုန်း တရားတွေနဲ့ ပြည့်နေတယ်၊

ဘာပဲဖြစ်ဖြစ် နောက်တစ်ကြိမ် တွေ့ရင်တော့ ဒီကောင်မလွယ်ဘူး

'ကျုပ် ခြောက်လုံးပြူးနဲ့ တွေ့သွားမယ်`` ဟုကြုံးဝါးပြန်လေ၏။

အင်စပက်တော်လှမိုးက သက်ပြင်းချ လိုက်ပြန်ပြီး

``ဂန်ထောက်မင်း ဘုရင်ခံ အိမ်တော်မှာ ရုံးတက်ပြီး အခြား

ဘယ်နေရာတွေကို သွားလေ့ရှိသလဲ`` ဟုမေးမြန်းလေ၏။

ဂန်ထောက်သန်းရွှေက ``ကျုပ်က တစ်ကိုယ်တည်းသမား

ဆိုတော့ အိမ်မှာပဲ ရှိပါတယ်`` ဟုဖြေလေ၏။

အင်စပက်တော်လှမိုးက ဂန်ထောက်မင်း၏ စကားကို

ယုံကြည်ဟန် မရှိဘဲ``ဘာပဲဖြစ်ဖြစ် ဒီ အချိန်ကစပြီး

ဂန်ထောက်မင်းကို အသွား အလာ ဆင်ခြင်စေချင်တယ်၊

မတတ်သာလို့ သွားရရင် လက်နက် ယူသွားပါ၊ အစောင့်အကြပ်

ခေါ်သွားရင် ပိုကောင်း ပါတယ်`` ဟုဆိုလိုက်ရာ

ဂန်ထောက်သန်းရွှေက ``ညဘက် ကလပ် တက် တဲ့အခါ

ပုလိပ်ခေါ်သွားလို့ ဘယ်ဖြစ်မှာလဲ``ဟုစိတ်ထဲက ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုနောက် အင်စပက်တော်လှမိုးက ဂန်ထောက် သန်းရွှေ၏ အိမ်ကို လှည့်ပတ် ကြည့်ပြီး ``ဒီအချိန်ကစပြီး အိမ်မြတင်းပေါက်တွေကို အကြောင်း မရှိဘဲ လုံးဝ ပိတ်ထားဖို့ အိမ်စေတွေကို ပြောပါ၊ အိမ်ရှေ့ မြံတံခါးကြီး ကိုလည်း သံပြားတွေနဲ့ ရိုက်ပိတ် စေချင်တယ်၊ အိမ်ထဲကို ဒိုးယိုပေါက်ကြီး မြင်နေရတာ နေ့သူကို လက်ယပ် ခေါ်သလိုပဲ``ဟုအကြံပေးလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com

သိဟာသည် ဂန်ထောက်သန်းရွှေကို လုပ်ကြံရန် ကြံစည်ပြီးကာမှ လက်မတင်လေး လွတ်မြောက်သွားသဖြင့် ဂန်ထောက်သန်းရွှေ သေနေ့မစေ့သေးလို့ဟု တွေးကာ လုပ်ကြံရန် နောက်တစ်နည်းကို စဉ်းစားလေ၏။ ထိုအခါ ဂန်ထောက်သန်းရွှေ ညဘက် သွားလေ့ ရှိသောဘလူး ပျော်ပွဲစားရုံ၌ လုပ်ကြံရန် ကြံစည်လိုက်၏။ ထိုနောက် ဘလူးပျော်ပွဲစားရုံသို့ မယောင်မလည် သွားပြီး အလုပ် တစ်နေရာ ရရန် ကြိုးစားလေရာ မန်နေဂျာ လူဂကြီးက ဆိုင်အနောက်တွင် ခေါ်တွေ့ပြီး ``မင်း ဘာမဆို


www.burmeseclassic.com

www.burmeseclassic.com

ချင်မယ်ဆို တောက်တိုမယ်ရ အလုပ်တစ်နေရာ ရမယ်၊ ချင်နိုင်ပါ့မလား``ဟုဆိုလိုက်ရာ သိဟာက လုပ်နိုင်ကြောင်း အမန်းကတန်း ပြန်ပြောလိုက်လေ၏။ ထိုအခါ မန်နေဂျာက ချောမောလှပသော မိန်းမ တစ်ယောက်ကိုခေါ်၍ ``မာလာရေ့ဒီကောင်ကို ဆိုင်မှာလုပ်ရမဲ့အလုပ်တွေ လိုက်ပြလိုက်ပါ``ဟုဆိုလိုက်ရာ မာလာဆိုသော မိန်းမက သိဟာအား ချော့ပွဲစားရုံ တစ်ခုလုံး လိုက်လံပြသခိုင်းလေ၏။ အလုံးစုံကို ပြသပြီးသောအခါ မာလာက ``ဒီဆိုင်မှာ မန်နေဂျာပြီးရင် ငါအကြီးဆုံးပဲ၊ ငါ့စကားကို မင်းနားထောင်ရမယ်၊ မင်း မနက်ဖြန် အလုပ်စဆင်းလို့ရပြီ၊ မင်းလစာကြိုထုတ်ချင်လား`` ဟုမေးမြန်းလေရာ သိဟာက ခေါင်းခါယမ်းပြီး ``လစာကြို မထုတ်ပါဘူး၊ အစ်မ``ဟုပြောလိုက်၏။ မာလာက သိဟာ၏ ခေါင်ပေါ်ဟန်ကို မနှစ်သက်ဟန်ဖြင့် မျက်မှောင်ကြုတ်လိုက်ပြီး ``ဒီဆိုင်မှာ အလုပ်သမားတွေ အားလုံး ငါ့ကို မမ လို့ခေါ်တယ်၊ မင်းလဲငါ့ကို မမလို့ခေါ်ရမယ်``ဟုအမိန့်ထုတ်ပြန်ပြီး သိဟာကို သွားခွင့်ပြုလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com

သီဟာသည် ပျော်ပွဲစားရုံသို့ သွားပြီး နေ့စဉ် မှန်မှန် အလုပ်ဆင်းလေ၏။ ပျော်ပွဲစားရုံသို့ စရောက်သောနေ့မှာပင် မာလာဆိုသော မိန်းမက သီဟာနှင့် အဖော် မိန်းကလေး နှစ်ယောက်ကို ခေါ်ပြီး ဈေးဝယ်ထွက်လေ၏။ ဈေးဝယ်ပြီးသောအခါ မိန်းကလေးနှစ်ယောက်က ဆွဲခြင်းကြီးများကို ဆွဲရပြီး သီဟာက တောင်းကြီး[illegible] ထမ်းရလေ၏။ မာလာကမူ ပိုက်ဆံအိတ် ချိုင်းခြား ညှပ်ပြီး အခန့်သား လိုက်လေ၏။ ပျော်ပွဲစားရုံသို့ ရောက်သောအခါ မာလာက သီဟာအား နံနက်စာ ထမင်းကြော်နှင့်ပဲပြုတ်

တစ်ကောင်ဘွား

www.burmeseclassic.com

www.burmeseclassic.com

ကျွေးမွေးလေ၏။ မာလာသည် အပြောဆိုးသော်လည်း စိတ်သဘောထား ကောင်းမွန်သူ ဖြစ်ဟန်တူ၏။ သိဟာသည် ဆမင်းစားပြီးနောက် မိးဖိုဆောင်တွင် ထင်းခွဲ ရေခပ်စသော အလုပ်များကို ကူညီ လုပ်ကိုင်ရလေ၏။ ပျော်ပွဲစားရုံတွင် လူငယ် ယောက်ျားများ ရှိသော်လည်း ထိုလူငယ်များသည် မီးဖိုဆောင်သို့ မဝင်ဘဲ စားပွဲထိုး အလုပ်ကိုသာ လုပ်ကိုင်ရလေ၏။

ဘလူးပျော်ပွဲစားရုံသည် နံနက်နှင့် နေ့လယ်တွင် လူသူ ပါးရှင်းသော်လည်း ညဘက်များတွင် လူစွာ စည်ကားလေ၏။ သိဟာသည် ပျော်ပွဲစားရုံ၌ ဖင်ပေါ့ပေါ့ဖြင့် လုပ်ကိုင်ပေးသဖြင့် မာလာ၏ မျက်နှာသာ ပေးခြင်းကို ခံရလေ၏။ မာလာသည် ပျော်ပွဲစားရုံ၌ မန်နေဂျာ ပြီးလျှင် ဩဇာအရှိဆုံး ဖြစ်ပြီး ပိုင်ရှင်တာရုတ်သူဌေး၏ ယုံကြည်ကိုးစား ခံရသူဖြစ်၏။

ပျော်ပွဲစားရုံသည် သုံးထပ် အဆောက်အဦး ဖြစ်ပြီး ပျော်ပွဲစားရုံ အပေါ်ဆုံးထပ်တွင် မိန်းကလေးများ နှိပ်နယ်ပေးသော အနှိပ်ခန်း ရှိ၏။ ထိုအနှိပ်ခန်းသို့ ပျော်ပွဲစားရုံရှိ ယောက်ျားအလုပ်သမားများ အကြောင်းမရှိဘဲ တက်ခွင့် မရှိချေ။ သိဟာသည် ဘလူး



www.burmeseclassic.com

www.burmeseclassic.com


ပျော်ပွဲစားရုံတွင် လုပ်ကိုင်ရင်း ဂန်ထောက်သန်းရွှေကို လုပ်ကြံရန် စောင့်မျှော်နေသော်လည်း ဂန်ထောက်သန်းရွှေ ရောက်လာခြင်း မရှိချေ။ ဂန်ထောက်သန်းရွှေသည် ကနေဒီကျွန်း၌ မိမိ လုပ်ကြံရန် ကြိုးစားခြင်းကို သံသယ ဖြစ်သွားပုံရ၏။ မည်သို့ပင်ဖြစ်စေ သီဟာသည် ဂန်ထောက်သန်းရွှေ ပျော်ပွဲစားရုံသို့ ရောက်လာမည့်နေ့ကို စိတ်ရှည်ရှည် စောင့်လေ၏။


www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် မာလာက သီဟာကိုခေါ်ပြီး ``မင်းဆိုင်ကို ရောက်ပြီးကတည်းက တစ်ရက်မှ နားတာမတွေ့ဘူး၊ မနက်ဖြန် ခင်းနားရက် တစ်ရက်လောက်ယူလိုက်``ဟုဆိုလိုက်ရာ သီဟာက ဂန်ထောက်သန်းရွှေ၏ နေထိုင်သွားလာပုံကို စူးစမ်းလိုသဖြင့် မာလာပေးသော ခွင့်ကို ရယူလိုက်လေ၏။ သီဟာသည် ခွင့်ရသော နေ့တွင် အိမ်နံဘေးရှိ သရက်ပင်ကြီးပေါ်သို့ တက်ပြီး ဂန်ထောက်သန်းရွှေ၏ အိမ်ကို ချောင်းမြောင်းကြည့်လေ၏။ ထိုအခါ ဂန်ထောက်သန်းရွှေ၏ အိမ်ပြတင်းပေါက်များ အားလုံးကို


www.burmeseclassic.com

www.burmeseclassic.com


ဝတ်ထားကြောင်း တွေ့ရ၏။ အိမ်ရှေ့ ခြံတံခါးကြီးကိုလည်း သံပြားများဖြင့် ကာရံထားကြောင်း တွေ့ရလေ၏။ ယခင်က ဂန်ထောက်သန်းရွှေ၏ ခြံတံခါးကို ကာရံထားခြင်း မရှိသည့်အတွက် ခြံထဲသို့ အလွယ်တကူ မြင်နိုင်၏။ ဂန်ထောက်သန်းရွှေ၏ အိမ်၌ ပြောင်းလဲမှုများ တွေ့ရသဖြင့် ရာဇဝတ်အုပ်မြင့်ဆွေ အသတ်ခံရမှုနှင့် ပတ်သက်ပြီး မိမိကိုယ်မိမိ အန္တရာယ်ရှိနေပြီဟု ယူဆထားပုံရ၏။ သိဟာသည် မိမိအတွက် လုပ်ကြံရန် ပိုမို ခက်ခဲသွားပြီ ဖြစ်ကြောင်း ရိပ်စားမိ၏။ သိဟာသည် ဂန်ထောက်သန်းရွှေအိမ်ကို စောင့်ကြည့် နေရုံဖြင့် အကြောင်း မထူးတော့သဖြင့် ပုဇွန်တောင်ဘက်သို့ ထွက်ခဲ့လေ၏။

ပုဇွန်တောင်ရှိ မနန်းမူ၏ နေအိမ်သို့ ထွက်ခဲ့လေ၏။ အိမ်သို့ ရောက်သောအခါ မနန်းမူနှင့် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ဆုံပြီး မနန်းမူက သိဟာကို မြင်သောအခါ ``ဟင်.ပေါ်တော်မူကြီး ရောက်လာတာနဲ့ အတော်ပဲ၊ အယ်လီဖန်စတုံး ရုံက မြဂနိုင် ဇာတ်ကား ကြည့်ချင်နေတာ အဖော်မရှိလို့ အခက် တွေ့နေတာ၊အမေကလဲ လိုက်မပို့ဘူး၊ ရှင် လိုက်ခဲ့ရမယ်``

တခါကောင်ဘွား..

www.burmeseclassic.com

www.burmeseclassic.com


ဟုဆိုလိုက်ရာ သိဟာက သက်ပြင်းချပြီး ``ရန်ကုန်မြို့က ရုပ်ရှင်ရုံတွေ ကျုပ်တစ်ခါမှ မကြည့်ဖူးဘူးနော်`` ဟုဆိုလိုက်ရာ မနန်းမူက ``မကြည့်ဘူးရင် လိုက်ကြည့်လေ၊ မြဂနိုင်ဇာတ်ကားကို ရှင်သိပ်ကြိုက်သွားမယ်၊ မြဂနိုင်ထဲမှာ မင်းသား ချစ်ရွှေကြီးက မိးပုံးပျံ သူရဲကောင်း ဦးကျော်ရင်လို စွန့်စားပြီး မိးပုံးပျံ စီးတဲ့ အခန်းပါတယ်၊နွယ်ပင် တစ်ပင်က တစ်ပင် ခိုဆွဲပြီး စီးတဲ့ စွန့်စားခန်းတွေရော၊ ဆိုင်ကယ်စီး စတန့်ခန်းတွေရော အတော်ကောင်းတယ် ဆိုပဲ၊ရန်ကုန်က လူတိုင်းသွားကြည့် နေကြတာ၊ လက်မှတ်တောင် မလွယ်ဘူး`` ဟုမြဂနိုင် ဇာတ်ကားကို ညွှန်းလေ၏။သိဟာက မနန်းမူ၏ မျက်နှာကို ကြည့်ပြီး ``လိုက်တာကတော့ ဟုတ်ပါပြီ၊ မိဘတွေ ခွင့်ပြုရဲ့လား`` ဟုမေးမြန်းလိုက်၏။ ထိုအခါ မမန်းမူ၏ မိခင်ကြီး ရောက်လာပြီး ``မောင်သိဟာနဲ့ဆို စိတ်ချပါတယ်၊ မင်းညီမကို လိုက်ပို့လိုက်စမ်းပါ`` ဟု ခွင့်ပေးသဖြင့် သိဟာသည် မနန်းမူကြည့်ချင်သော အယ်လီဖန်စတုံး ရုံရှိ မြဂနိုင်ဇာတ်ကားကို သွားရောက် ကြည့်ရှု ကြလေ၏။ ပြဇာတ်ရုံသို့ ရောက်သောအခါ


www.burmeseclassic.com

www.burmeseclassic.com


မြဂနိုင် ဇာတ်ကားသည် လူကြိုက်များ ထင်ရှားသည့် ဇာတ်ကားဖြစ်သဖြင့် ရုံရှေ့တွင် လူများကြိတ်ကြိတ်တိုး စည်ကား နေလေ၏။ သီဟာတို့သည် ရုံရှေ့၌ လက်မှတ် ဝယ်ယူပြီး ရုပ်ရှင်ရုံထဲသို့ ဝင်ခဲ့လေ၏။ မနန်းမူက ရုံအရှေ့ရှိ မုန့်ဆိုင်တွင် မုန့်များ ဝယ်ယူနေစဉ် သီဟာ အရှေ့မှ ဖြတ်သွားသော လူကြီးတစ်ယောက်ကို ကြည့်လိုက်ရာ သူ၏ ရန်သူတော် ဂန်ထောက်သန်းရွှေ ဖြစ်နေလေ၏။ သီဟာသည် ရန်သူတော်ကြီးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် အလွန် စိတ်လှုပ်ရှားသွားလေ၏။ ဂန်ထောက်သန်းရွှေ၌ အဖော်မပါဘဲ နံမည် သတင်းကြီးနေသည့် မြဂနိုင် ဇာတ်ကားကို တစ်ကိုယ်တည်း လာကြည့်ပုံရ၏။ ရန်သူတော်ကြီးကို ဖခင်နှင့် မျိုးချစ်များ၏ ကိုယ်စား လုပ်ကြံရန် အခွင့်အရေး မကြုံသေးသဖြင့် ဘေးမဲ့ပေးရန် ဆုံးဖြတ်လိုက်၏။ ဂန်ထောက်သန်းရွှေသည် အယ်လီဖန်စတုံး ရုပ်ရှင်ရုံထဲသို့ ဝင်ရောက်သွားလေ၏။

ထိုအခိုက်မှာပင် အနီးသို့ မနန်းမူ ရောက်လာပြီး ``ရှင် ဘယ်မိန်းမတွေကို ဒီလောက် ငေးနေတာလဲ``


www.burmeseclassic.com

www.burmeseclassic.com

ဟုနောက်ပြောင်လိုက်ရာ သီဟာက ခေါင်းခါ လိုက်ပြီး``ဘယ် မိန်းမကို မဝေးပါဘူး၊ရုပ်ရှင် ရုံထဲမှာ ကျုပ်ရဲ့ ရန်သူတော်ကြီး တစ်ယောက်ကို တွေ့လိုက်လို့ပါ``ဟုဆိုလိုက်ရာ မနန်းမူက အံ့သြဟန်ဖြင့် ``ရှင် ရန်ကုန်ရောက်တာ မကြာသေးဘူး၊ မိတ်ဆွေတွေ တိုးနေပါလား`` ဟုပြောလေ၏။ သီဟာသည် ဂန်ထောက်သန်းရွှေ ထိုင်ခုံနေရာကို လှမ်းမျှော်ကြည့်ရာ ဂန်ထောက်သန်းရွှေသည် အထူးတန်း တစ်နေရာတွင် ထိုင်နေ ကြောင်း သိရ၏။ ထိုစဉ် မနန်းမူက``ကျွန်မတို့ ဝင်တော့ မယ်နော်``ဟုဆိုလိုက်ရာ သီဟာက မနန်းမူ အရင်ဝင်ပါ၊ ကျုပ် ရေအိမ်ဝင်လိုက်ချင်သေးတယ်``ဟုဆိုလိုက်၏ မနန်းမူက သီဟာကို လက်မှတ်တစ်စောင်ပေးပြီး ရုံထဲသို့ ဝင်သွားလေ၏။ သီဟာသည် ဂန်ထောက်သန်းရွှေ စိတ်အနှောက်အယှက် ဖြစ်ရန် တစ်ခုခု လုပ်ချင်သဖြင့် ရုံထဲသို့ မဝင်သေးဘဲ အကြံထုတ်နေခြင်း ဖြစ်၏။ ထိုစဉ် မနန်းမူသည် အထက်တန်းဘက်သို့ လျှောက်သွားပြီး ဂန်ထောက်သန်းရွှေနှင့် တစ်ခုံကျော်တွင် ထိုင်လိုက်လေ၏။ သီဟာသည် မိမိ လက်ထဲတွင် ရှိသော


www.burmeseclassic.com

www.burmeseclassic.com

လက်မှတ်ကို ကြည့်လိုက်ရာ တိုက်တိုက်ဆိုင်ဆိုင်

ဂန်ထောက်သန်းရွှေနှင့် ကပ်လျက်ဖြစ်ကြောင်း တွေ့ရလေ၏။

သိဟာသည် ရန်သူတော်ကြီးနှင့် နီးနီးကပ်ကပ် ထိုင်ရမည့်

အခွင့်အရေးအတွက် ထူးဆန်းလှသော ကံကြမ္မာကို များစွာ

အံ့ဩမိလေ၏။ သိဟာသည် ဂန်ထောက်သန်းရွှေကို

စိတ်အနှောက်အယှက် ပေးရန် အကြံတစ်ခု ရရှိသွားပြီး အနီးရှိ

ရေခဲမုန့်ဆိုင်သို့ သွားကာ စာရွက်နှင့်ခဲတံကို တောင်းပြီး

တစ်စုံတစ်ရာကို ရေးခြစ်လိုက်လေ၏။ ထိုသို့ ရေးသားပြီးနောက်

မြဂနိုင် ဇာတ်ကားပြရန် အချိန်နီးလာသဖြင့် ရုံကို တဖြည်းဖြည်း

အမှောင်ချလိုက်၏။ သိဟာသည် မှောင်ရိပ်ခိုးတပါး

အလင်းရောင်ဖြင့် ရုံထဲသို့ ဝင်ရောက်သွားပြီး ရန်သူတော်ကြီးနှင့်

မနန်းမူ၏ ကြားတွင် ဝင်ထိုင်လိုက်၏။မနန်းမူက သိဟာကို

လေသံတိုးတိုးဖြင့် ``ကြာလိုက်တာ၊ ဇာတ်ကားပြတော့မယ်``

ဟုပြောလေ၏။ ရန်သူတော်ကြီးသည် သိဟာကို ရိပ်မိဟန် မရှိဘဲ

ပိတ်ကားရှိရာသို့ လှမ်းမျှော်ကြည့်ရှုနေ၏။ မကြာမီ မြဂနိုင်

ဇာတ်ကားပြသပြီး မင်းသားချစ်ရွှေကြီး၏ စွန့်စားခန်းများကို

တစ်ကောင်ဘွား


www.burmeseclassic.com

www.burmeseclassic.com


တစ်ရှုံလုံး တခဲနက် အားပေးကြလေ၏။ သိဟာသည် မိမိ ချန်သူတော်ကြီးနှင့် နီးကပ်စွာ ထိုင်နေရသဖြင့် ရုပ်ရှင် ဇာတ်ကားကို စိတ်မဝင်စားဘဲ ဖခင်နှင့် မျိုးချစ်များ၏ စံပယ်တောင် တိုက်ပွဲကိုသာ မျက်လုံးထဲ မြင်ယောင် နေလေ၏။ ထိုအခါ သူ၏သွေးများ ဆူပွက်လာသယောင် ခံစားရပြီး ချန်သူတော်ကြီးကို ယခုပင် လက်စားချေချင် စိတ်များ ဖြစ်ပေါ် နေလေ၏။ မြဂနိုင် ဇာတ်ကား ဇာတ်သိမ်းခန်း ရောက်သောအခါ သိဟာက မနန်းမှူ အနီးသို့ ကပ်ပြီး လေသံတိုးတိုးဖြင့် ``ကျုပ်တို့ ရုံအပြင် ထွက်ရအောင်၊ ကျုပ်ကို ဘာမှ ပြန်မမေးနဲ့၊ ကျုပ် အပြင်ရောက်မှ ရှင်းပြမယ်`` ဟုဆိုလိုက်ရာ မနန်းမှူသည် သိဟာကို နားမလည် ဟန်ဖြင့် ခေါင်းညိတ်ပြလေ၏။ သိဟာသည် မနန်းမှူကို လက်ဆွဲပြီး ရုံထဲက မထွက်မီ စာရွက်ခေါက်လေးကို ဝန်ထောက် သန်းရွှေ၏ ပေါင်ပေါ်သို့ မသိမသာ တင်ပေးလိုက်၏။ ရုံအပြင်သို့ ရောက်သောအခါ မနန်းမှူက နားမလည်ဟန်ဖြင့် ``ရှင်..ဘာဖြစ်နေတာလဲ..မြဂနိုင် ပြီးအောင်တောင် မကြည့် လိုက်ရဘူး`` ဟုပြောလိုက်ရာ သိဟာက သက်ပြင်းချပြီး


www.burmeseclassic.com

www.burmeseclassic.com

``တောင်းပန်ပါတယ် မနန်းမူ၊ ရုံထဲမှာ ကျုပ်ရဲ့ ရန်သူတော်ကြီး ရှိနေတယ်၊ သူ့ကို လောလောဆယ် ကျုပ်မတွေ့ချင်သေးဘူး၊ ကျုပ်ဘဝ အသက်ရှင်နေတာ သူ့ကို လက်စားချေ မလို့ပဲ၊ သူဟာ နယ်ချဲ့ အလိုတော်ရိပိပိ မျိုးချစ်ပုဂ္ဂိုလ်ကြီးတွေကို ရက်ရက် စက်စက် နှိပ်ကွက်ခဲ့တဲ့လူပဲ၊ မနန်းမူနဲ့စတွေ့တဲ့ အချိန် ကတည်းက သူ့ကို လက်စားချေမလို့ ကျုပ်မြို့က ထွက်လာ တာပါ``ဟုပြောလေ၏။ မနန်းမူက သိဟကို နားလည်ဟန်ဖြင့် ခေါင်းညိတ်လိုက်ပြီး ``ရှင့်ကို တွေ့စ ကတည်းက လူထူးလူဆန်း တစ်ယောက် ဆိုတာ သိပါတယ်၊ ဘာပဲ ဖြစ်ဖြစ် ကျွန်မအပေါ် ကျေးဇူး ရှိခဲ့တဲ့ ရှင့်ကို လိုအပ်ရင် ပြန်ကူညီပေးဖို့ အသင့်ပါ၊ ကျွန်မလဲ မျိုးချစ်စိတ် ရှိပါတယ်``ဟုပြောလေ၏။ သိဟက ရုပ်ရှင် ပြီးဆုံးသဖြင့် ရုံပြင်သို့ ထွက်လာသော လူအုပ်ကြီးကို ကြည့်ပြီး

``တစ်နေ့နေ့ လိုအပ်ခဲ့ရင် ပြောပါမယ်၊ လောလောဆယ် ကျုပ်တို့သွားကြမယ်``` ဟုပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဂန်ထောက်သန်းရွှေသည် ရုပ်ရှင် ဂါသနာ ပါသူတစ်ယောက် မဟုတ်ချေ။သို့သော် ယခု ရက်ပိုင်းတွင် မိမိအသက် အရွယ် ရှိနေသဖြင့် အိမ်တွင်းအောင်းပြီး နေရသည့် နေ့ရက် များပြား လာသဖြင့် ပျင်းရိသလို ဖြစ်လာ၏။ ရုံးပိတ်ရက်များတွင် နေ့စဉ်ထုတ် သူကြီးဂေဇက်၊မြန်မာ့အလင်း၊သံတော်ဆင့် စသည့် သတင်းစာ များကိုသာ ဖင်ပြန် ခေါင်းပြန် ဖတ်နေရခြင်းကိုလည်း ငြီးငွေ့လာ၏။ ထို့ကြောင့် သံတော်ဆင့် သတင်းစာထဲတွင် မြနန္ဒာ သတင်းစာ ကြော်ငြာကို ဖတ်ရှုမိပြီး မြဂနိုင်ဇာတ်ကား ကြည့်ရန်


www.burmeseclassic.com

www.burmeseclassic.com

အယ်လီဖန်စတုံး ရှိသို့ ထွက်ခဲ့ခြင်း ဖြစ်၏။ သူ၏ ရန်သူတော် သိဟာသည် မြဂနိုင်ဇာတ်ကားကို မိမိနှင့် တစ်ပြိုင်တည်း အတူမကြည့်နိုင်ဟု ထင်မြင်မိ၏။ အင်စပက်တော်လုမိုး၏ သတိပေးချက်အရ ရန်သူနှင့် တွေ့လျှင် ယှဉ်ပြိုင်တိုက်ခိုက်ရန် လိုရမယ်ရ ဆောင်ထားသော ခြောက်လုံးပြူး တစ်လက်တော့ အပိုဆောင်ခဲ့၏။ ဂန်ထောက်သန်းရွှေသည် မြဂနိုင် ဇာတ်ကားကို စိတ်ဝင်တစား ကြည့်ပြီးနောက် ရုပ်ရှင်ပြီးသောအခါ ရုံထဲက ထွက်ရန်ပြင်လိုက်၏။ ထိုအခိုက်မှာပင် သူ၏ ပေါင်ပေါ်တွင် တင် နေသော စာရွက်ခေါက်လေး တစ်ခုကို အံ့ဩဖွယ်တွေ့ရလေ၏။ ဂန်ထောက်သန်းရွှေသည် စာရွက်ခေါက်လေးကို မျက်မှောင်ကြုတ် ကြည့်လိုက်ပြီး သူ၏ အနီးတွင် လာပြီး ထိုင်သောစုံတွဲမှ ကျကျန်ခဲ့သော စာရွက်ဟု ထင်မြင်လိုက်လေ၏။ ထို့ကြောင့် စာရွက်ခေါက်လေးကို ကြမ်းပေါ်သို့ ပစ်ချပြီး ရုံထဲက ထွက်ရန်ပြင်လိုက်၏။ ဂန်ထောက်သန်းရွှေသည် စာရွက်ခေါက်လေးကို ပစ်ချပြီးမှ တစ်စုံတစ်ရာကို တွေးမိပြီး မျက်မှောင်ကြုတ်ကာ နောက်သို့ ပြန်သွားပြီး ပစ်ချထားသော

တစ်ကောင်ဘွား


www.burmeseclassic.com

www.burmeseclassic.com

စာရွက်ကို ကောက်ဖတ်လိုက်လေ၏။ ထိုအခါ စာရွက်ပေါ်တွင် ရေးထားသော စာတွေ့ရလေ၏။ စာမှာ

ဝန်ထောက်စုတ်.. မျိုးချစ်တွေ ကိုယ်စား ခင်ဗျားကို ကာလဲစားချေဖို့ တာဝန်ရှိပေမဲ့ ခင်ဗျား သေနေ့မစေ့သေးလို့ ဒီတစ်ခါတော့ ဒဏ်ပေးလိုက်တယ်၊ နောက်တစ်ကြိမ်ဆိုရင်တော့ ခင်ဗျားအသက်ကို ကျူပ် မရရအောင် နှုတ်ယူမယ်၊ ကျုပ်က ခင်ဗျားရဲ့ သေမင်းအစစ်ပဲ

ဟုရေးသားထားလေ၏။ဝန်ထောက်သန်းရွှေသည်စာကို ဖတ်ရှုပြီး တုန်လှုပ်ချောက်ချား သွားလေ၏။ သူ၏ ရန်သူတော် သီဟသည် သူ၏ အနီးကပ်ဆုံး နေရာတွင် ရှိနေခဲ့၏။ ရန်သူတစ်ယောက်လုံး အနီးတွင် ရှိနေခြင်းကို မိမိ ရိပ်စားမိခြင်းမရှိ။ ရန်သူက မိမိကို အလွယ်တကူ သုတ်သင်သွားနိုင်၏။ ဝန်ထောက်သန်းရွှေသည် မိမိအတွက် အန္တရာယ် အလွန်နီးကပ်နေပြီ ဖြစ်ကြောင်း ရိပ်စား မိသွားပြီး အနေအထိုင် အသွားအလာ ဆင်ခြင်ရန် ဆုံးဖြတ် လိုက်၏။ ရန်သူသည် ထင်ထားသည့်ထက် ပိုမို


www.burmeseclassic.com

www.burmeseclassic.com

ကြောက်မက်ဖွယ် ကောင်းနေလေ၏။ ဂန်ထောက်သန်းရွှေသည် ရုပ်ရှင်ရုံ၌ သီဟာနှင့် ဆုံတွေ့ခြင်းကို အင်စပက်တော်လှမိုးအား ပြောပြလိုက်သောအခါ အင်စပက်တော်လှမိုးက စိတ်ပျက်လက်ပျက်ဖြင့် ``သေသေချာချာ မှာထားရက်နဲ့ဗျာ၊ တရားခံဟာ ဂန်ထောက်မင်းကို ခြိမ်းခြောက်နေပြီ၊ ကျုပ်တို့ ဒီအတိုင်းနေလို့ မရတော့ဘူး၊ ဂန်ထောက်မင်း အိမ်မှာ ပုန်းအောင်းနေတာထက် လူတွေထဲထွက်ပြီး ဒီကောင့်ကို ထောင်ဖမ်းမှ ရမယ်`ဟုပြောပြီး ဂန်ထောက်သန်းရွှေကို လေးနက်ဟန်ဖြင့် ကြည့်ကာ ``ကျုပ်တို့တိုင်ပင်ဆွေးနွေးမှ ရတော့မယ်``ဟုဆိုလိုက်ရာ ဂန်ထောက်သန်းရွှေက စိတ်လှုပ်ရှားဟန်ဖြင့်``ဒီကောင်ကို အထင်သေးလို့ မရတော့ဘူး၊ ဒီကောင်ဟာ ဉာဏ်တော်တော်ပြေးတယ်``ဟုဂန်ခံလိုက်ရလေ၏။


www.burmeseclassic.com

www.burmeseclassic.com

သီဟာသည် ရုပ်ရှင်ရုံထဲတွင် ဂန်ထောက်သန်းရွှေနှင့် အနီးကပ် ဆုံတွေ့ပြီးကာမှ သုတ်သင်နိုင်ခြင်း မရှိခြင်းသည့်အတွက် ခေါ်ုတင်ကဲ ဖြစ်မိ၏။ ဂန်ထောက်သန်းရွှေကို လုပ်ကြံလျှင် အနီးတွင် ရှိနေသော အပြစ်မဲ့ မိန်းမပျိုလေး နန်းမူ ထိခိုက်မှာ ဉီး၏။ ကံမကောင်းအကြောင်းမလှပဲ ပုလိပ်လက်တွင် အဖမ်းခံရလျှင်ပင် အပြစ်မဲ့သော နန်းမူကို အန္တရယ် အရိပ်ဆိုးကြီးမှ လွတ်မြောက် စေလို၏။ ထို့ကြောင့် မိမိ၏ လက်စားချေ စိမံကိန်းကို ရပ်ဆိုင်းလိုက်ရခြင်း ဖြစ်၏။ သီဟာသည်



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့တွင် ဘလူးပျော်ပွဲစားရုံသို့ ပြန်ပြီး အလုပ်ဆင်းလေ၏။ ပျော်ပွဲစားရုံသို့ ရောက်သောအခါ မာလာက ``ဘယ်လိုလဲ စနေနေ့က ခွင့်ပေးလိုက်တာ မင်းပျော်ရွှင်ခဲ့သလား``ဟုမေးမြန်းလေ၏။ သီဟာက မာလာ၏ စေတနာကို အသိအမှတ်ပြုဟန်ဖြင့် ``ပျော်ပါတယ်ဗျာ၊ ဘာကြောင့်လဲဆိုတော့ မြဂနိုင် ဇာတ်ကားကို ကျွန်တော် ကြည့်ချင်နေတာ ကြာပြီ၊ ဆိုင်မှာ မအားတော့ မကြည့် ရဘူး``ဟုဆိုလိုက်ရာမာလာက သဘောကျဟန်ဖြင့် ခေါင်းညိတ်ပြီး``ဩော် မြဂနိုင်က သိပ်နံမည်ကြီးနေတယ်၊ ကောင်းရဲ့လား``ဟုမေးမြန်းလေ၏။သီဟာက အားပါးတရ ခေါင်းညိတ်ပြီး``သိပ်ကောင်းတယ် မမ၊ ချစ်ရွှေကြီး ဂွမ်းပစ်ပြီး မီးပုံးပျံကြီး တက်စီးတာ ကြည့်လို့တောင်မဝဘူး``ဟုဆိုလိုက်ရာ မာလာက သဘောကျဟန်ဖြင့် ရယ်မောလိုက်ပြီး``ကောင်းတယ် မနေ့က အပျော်ကျူး ပြီးပြီ ဆိုတော့ ဒီနေ့ ဆိုင်အလုပ်တွေ ကြိုးစားလုပ်တော့``ဟုဆိုကာ ပျော်ပွဲစားရုံရှိ အလုပ်များကို ဖယ်ဆက်သလို ခိုင်းလေ၏။ သီဟာသည် ပျော်ပွဲစားရုံ

တစ်ကောင်ဘွား



www.burmeseclassic.com

www.burmeseclassic.com

အလုပ်များကို လုပ်ကိုင်ရင်း မိမိ ပေးလိုက်သော စာကို ရှန်သူတော်ကြီး ဖတ်မိမည် ထင်၏။ ထိုအခါ ဝန်ထောက်သန်းရွှေဘက်က မိမိကိုယ်မိမိ ကာကွယ်မှုများစွာ လုပ်တော့မှာ သေချာ၏။ သီဟာသည် ဝန်ထောက်သန်းရွှေကို လုပ်ကြံရန် ပိုမို ခက်ခဲသွားပြီ ဖြစ်ကြောင်း ရိပ်စားမိ၏။ထို့ကြောင့် ဝန်ထောက်သန်းရွှေကို ဘလူးပျော်ပွဲစားရုံမှ စိတ်ရှည်လက်ရှည် စောင့်ရန်သာ ကျန်တော့၏။ သီဟာသည် ပျော်ပွဲစားရုံတွင် လုပ်ကိုင်ရင်း ဝန်ထောက်သန်းရွှေကို စောင့်မျှော် နေလေ၏။ သို့သော် တစ်ရက်ပြီး တစ်ရက်ကုန်လွန်သည်အထိ ရှန်သူတော်ကြီး ရောက်မလာသဖြင့် စိတ်လျော့ရမလို ဖြစ်လာ၏။


www.burmeseclassic.com

www.burmeseclassic.com

တစ်ညတွင် ဘလူးပျော်ပွဲစားရုံသို့ ဂန်ထောက်သန်းရွှေ၏ ဒေါ်စတင်ကားလေး မမျှော်လင့်ဘဲ ဂင်ရောက်လာသဖြင့် သိဟာသည် အလွန် စိတ်လှုပ်ရှားသွားလေ၏။

ဂန်ထောက်သန်းရွှေသည် ပျော်ပွဲစားရုံ အပေါ်ဆုံးထပ်သို့ ဦးစွာ တက်သွားလေ၏။ ပျော်ပွဲစားရုံ အပေါ်ဆုံးထပ်တွင် မိန်းမချော လေးများ၏ အနိပ်ခန်း ရှိသဖြင့် ဂန်ထောက်သန်းရွှေ အနိပ်ခံရန် တက်သွားပုံရ၏။ သိဟာသည် ယနေ့ည ဂန်ထောက်သန်းရွှေကို လုပ်ကြံနိုင်မည့် နည်းလမ်းများကို စဉ်းစားဆင်ခြင်လေ၏။ ထိုအခါ


www.burmeseclassic.com

www.burmeseclassic.com

ဝန်ထောက်သန်းရွှေ ပျော်ပွဲစားရုံတွင် ညလုံးပေါက်နေလျှင် လုပ်ကြံနိုင်မည့် အခွင့်အရေးရှိကြောင်း တွေးမိ၏။ အပေါ်ဆုံးထပ်ရှိ အနှိပ်သည် မိန်းကလေးများသည် ၎င်းတို့၏ တာဝန်ချိန် ပြီးစီးလျှင် တစ်ယောက်ပြီး တစ်ယောက် အောက်ထပ်သို့ ဆင်းလာပြီး အနားယူလေ့ရှိ၏။ ထိုအချိန်တွင် အပေါ်ဆုံးထပ် အနှိပ်ခန်းတွင် လူများ ရှင်းလင်းသွားနိုင်၏။ သီဟာသည် ထိုအချိန်ကို စောင့်ပြီး ဝန်ထောက်သန်းရွှေကို လုပ်ကြံလို့ ရနိုင်သည်ဟု တွေးမိ၏။ သီဟာသည် ဝန်ထောက်သန်းရွှေ ညဉ့်နက်အောင် နေပါစေဟုသာ ဆုတောင်းနေရ၏။ သီဟာ၏ ဆုတောင်းပြည့်သည် ထင်၏။ ဝန်ထောက်သန်းရွှေသည် ည၁၂ နာရီကျော်သည်အထိ အပေါ်ဆုံးထပ်မှ ဆင်းမလာခဲ့ချေ။ သီဟာသည် အပေါ်ဆုံးထပ် အနှိပ်ခန်းရှိ မိန်းကလေးများကို ရေတွက်ကြည့်ရာ မိန်းကလေး တစ်ယောက်မှ လွဲ၍ အာလုံးနီးပါး အောက်ထပ်သို့ ဆင်းလာ ကြကြောင်း တွေ့ရ၏။ မိမိအတွက် အခွင့်ကောင်း အခါကောင်း ဆိုက်ပြီဟု တွေးမိ၏။ ပျော်ပွဲစားရုံ၏ အပေါ်ဆုံးထပ်တွင်


www.burmeseclassic.com

www.burmeseclassic.com

ဂန်ထောက်သန်းရွှေနှင့် မိန်းကလေးတစ်ဦးသာ ကျန်တော့၏။ ထိုအချိန်၌ ဂန်ထောက်သန်းရွှေကို သွားရောက်လုပ်ကြံလျှင် အကောင်းဆုံး အချိန် ဖြစ်၏။ သိဟာသည် ဆင်စွယ်ရိုးတပ် မားမြှောင်ကို ခါးကြားထိုးပြီး ပျော်ပွဲစားရုံ အပေါ် ဆုံးထပ်သို့ တက်ခဲ့လေ၏။ သူသည် ဖခင်ဖြစ်သူနှင့် မျိုးချစ်များအတွက် လက်စားချေ တိုက်ခိုက်နိုင်မည် ဖြစ်သဖြင့် လွန်စွာ စိတ် လှုပ်ရှားနေမိ၏။


www.burmeseclassic.com

www.burmeseclassic.com

သီဟာသည် ပျော်ပွဲစားရုံ အပေါ်ဆုံးထပ်သို့ ခြေသံလုံလုံဖြင့်

တက်ခဲ့လေ၏။ အလယ်ထပ်သို့ ရောက်သောအခါ

မထင်မှတ်သော ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့ရ၏။ အမှောင်ထဲမှ

လူတစ်ယောက် ရုတ်တရက် ထွက်လာပြီး သူ့၏

လက်ကိုဆွဲလိုက်သဖြင့် သီဟာက ရုန်းကန်ပြီး ထိုသူကို

တိုက်ခိုက်ရန် ကြံလိုက်၏။ ထိုအခါ အမှောင်ထဲရှိ လူက သီဟာကို

လေသံ တိုးတိုးဖြင့် ``မလုပ်နဲ့ မာလာပါ`` ဟုပြောလေရာ

သီဟာသည် မာလာ၏ အသံဖြစ်နေသဖြင့်


www.burmeseclassic.com

www.burmeseclassic.com


အလွန်အံ့ဩသွားပြီး ``ခင်ဗျား ဘာဖြစ်လို့ ကျုပ်ကိုဆွဲတာလဲ``

ဟုမေးမြန်းလိုက်၏။ မာလာက လေသံတိုးတိုးဖြင့်

``ဝါ့အခန်းထဲကို လိုက်ခဲ့စမ်းပါ`` ဟုဆိုလိုက်ရာ သီဟက

အဓိပ္ပါယ် နားမလည် နိုင်သဖြင့် ``ဘာဖြစ်လို့ ခင်ဗျား အခန်းထဲကို

ခေါ်တာလဲ`` ဟုတိုးတိုးမေးမြန်းလိုက်၏။မာလာကသီဟာ၏

စကားကို မတုံ့ပြန်ဘဲ အနီးရှိ တံခါးချက်ကို ဖွင့်ကာ သီဟကို

အခန်းထဲသို့ တွန်းထည့် လိုက်၏။ သီဟသည် ရန်သူတော်ကြီး၏

သုတ်သင်ကာနီးမှ မာလာက အခန်းထဲသို့ အတင်းအဓမ္မ

ခေါ်ဆောင် နေသဖြင့် ဒေါသတကြီး ဖြစ်သွားပြီး ``ဒီမှာ ခင်ဗျား

ဘာဖြစ်လို့ အခန်းထဲကို ဆွဲခေါ်နေတာလဲ၊ပြောပါ``

ဟုမေးမြန်းလိုက်ရာ မာလာက ``မင်းကို မခေါ်ရင် မင်းသေ

သွားလိမ့်မယ်၊ မင်းကိုငါ အသေမခံနိုင်ဘူး`` ဟုပြောလေရာ

သီဟက မာလာကို အံ့ဩဟန်ဖြင့် ကြည့်ပြီး ``ခင်ဗျား

ဘာတွေပြောနေတာလဲ၊ ကျုပ်က ဘာလို့သေရမှာလဲ``

ဟုမေးမြန်းလိုက်၏။ မာလာက သီဟ၏ မျက်နှာကို

ကြည့်ပြီး ``အိပ်ချင်ယောင်ဆောင်နေတဲ့ လူကို အနီးရောက်တယ်


www.burmeseclassic.com

www.burmeseclassic.com

သိပ်ပာ၊ နှင့် ဂန်ထောက် ဦးသန်းရွှေကို သတ်မလို့မဟုတ်လား``

ဟုမေးမြန်းလိုက်ရာ သိပ်ပာသည် အလွန် အံ့သြဟန်ဖြင့်

ကြည့်ပြီး``ခင်ဗျား ဘယ်လိုလုပ်သိသလဲ``ဟုမေးမြန်းလိုက်၏။

မာလာက သိပ်ပာကို ကရုဏာ သက်ဟန်ဖြင့် ကြည့်ပြီး

``မင်းကိုယ်မင်း ပိရိလှပြီ အောက်မေ့နေပြီလား၊ ပုလိပ်အဖွဲ့က

မင်းကို ခြေရာခံ မိသွားပြီး ၊မင်းဟာ ပုလိပ်အဖွဲ့က အလိုရှိနေတဲ့

တရားခံ တစ်ယောက် ဆိုတာ ငါတို့သိတယ်၊ မန်နေဂျာကိုပွကြီး

ဆီမှာ မင်းဓါတ်ပုံကို တွေ့တယ်၊ လွန်ခဲ့တဲ့ နေ့ကတည်းက

ပုလိပ်ဌာနက ပို့ထားတာ၊ ကိုပွကြီးက မင်းဒီဆိုင်မှာ လုပ်ကြောင်း

ပုလိပ်အဖွဲ့ကို သတင်းပေး လိုက်တယ်၊ ဒါကြောင့် ဒီနေ့ည

ထောင်ချောက်ဆင်ဖမ်းဖို့ ကြံရွယ်တာပဲ``ဟုပြောလေ၏။

သိပ်ပာသည် မာလာ၏စကားကို နားထောင်ပြီး မိမိအတွက်

အန္တရာယ် လက်တစ်ကမ်းတွင် ရှိနေပြီ ဖြစ်ကြောင်း

ရိပ်စားမိသွား၏။ သိပ်ပာက သက်ပြင်းချပြီး ``ဒီတစ်ကြိမ်လဲ

ကျုပ်အကြံအစည် မအောင်မြင်တော့ဘူးပေါ့၊ သစ္စာဖောက်

လောက်ကောင်တွေကို နှိမ်နင်းရမဲ့ တာဝန် ကျုပ်မှာရှိတယ်``


www.burmeseclassic.com

www.burmeseclassic.com

ဟုပြောလေရာ မာလာက ခေါင်းညိတ်ပြီး ``ဒီလူကြီး ဘယ်လို ဖြစ်မှုတွေ ကျူးလွန်ထားသလဲ ဆိုတာ ငါသိပါတယ်၊ငါလဲ မြန်မာ မျိုးချစ်စိတ် ရှိပါတယ်၊ ဒါပေမဲ့ ဒီနေ့ညတော့ နင့်အတွက် အခြေအနေ မပေးတော့ဘူး၊ ဆိုင် ရှေ့ပတ်ဝန်းကျင် တစ်ခုလုံး စစ်ပုလိပ်တွေ ဝိုင်းထားပြီးပြီ၊ နင်အပေါ်ထပ်တက်ပြီး ဂန်ထောက်မင်းကို လုပ်ကြံရင် အပေါ်ထပ်မှာ ဂန်ထောက်မင်း နဲ့အတူ အသင့်စောင့်နေတဲ့ ပုလိပ်က ``နင့်ကို အသေ ပစ်သတ်လိမ့်မယ်၊ နင့်အသက်ကို မနမြောဘူးလား``

ဟုမေးမြန်းလိုက်ရာ မာလာ၏ စကားသည် သိဟ၏ အတ္တမာနကို နှိုးဆွလိုက်သလို ခံစားလိုက်ရ၏။ ထို့ကြောင့် အံကို တင်းတင်း ကြိတ်ပြီး ``ကျုပ်အသက်ကို နမြောရမယ် ဟုတ်လား၊ဘာလို့ နမြောရမှာလဲ၊ စံပယ်တောင်မှာ သေဆုံးသွားတဲ့ မျိုးချစ်တွေရဲ့ ဝိညာဉ်တွေကို ကျုပ် ရှက်တယ်ဗျ၊ ကျုပ်အသက်ကို ကျုပ် လုံးဝ မနမြောနိုင်ဘူး၊ကျုပ် အပေါ်ထပ်ကို တက်မယ်၊ခင်ဗျား ကျုပ်ကို မတားနဲ့``ဟုဆိုကာ မာလာကို တိုးဖယ်ပြီး အခန်းထဲမှ ထွက်ရန် ကြိုးစားလိုက်၏။ မာလာသည် သိဟကို စိုးရိမ်လွန်းသဖြင့်


www.burmeseclassic.com

www.burmeseclassic.com

တားဆီးရန် ကြိုးစား၏။ သို့သော် ဖခင်နှင့် မျိုးချစ်များ အတွက် လက်စားချေရန် စိတ်ပြင်းပြလွန်းနေသော သိဟာကို တားဆီးရန် မဖြစ်နိုင်တော့ချေ။ သိဟာသည် မာလာကို တွန်းထိုးပြီး အပေါ်ထပ်သို့ ပြေးတက်သွားလေ၏။ ထိုအခါ အပေါ်ထပ် ခုတင်ကြီးပေါ်တွင် ခြောက်လုံးပြူး သေနတ်ကိုင်ပြီး အသင့် စောင့်နေသော ဂန်ထောက်သန်းရွှေကို အဆင်သင့် တွေ့ရ၏။ ဂန်ထောက်သန်းရွှေက သိဟာကို သေနတ်ဖြင့် ချိန်ပြီး မခိုးမခန့် ရယ်မောလိုက်ကာ ``ငါထင်တဲ့အတိုင်း ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတော့တာပဲ၊ ကောင်လေး မင်းငယ်ပါသေးတယ်ကွာ၊ မင်းထက် မလည်ရင် မင်းအဖေနဲ့ သူပုန်တွေကို မသတ်ဘူးကွ၊ မင်းလက်နစ်ဖက်ကို မြှောက်ထားလိုက်``ဟုအမိန့်ပေးလိုက်ရာ သိဟာက ကြောက်ရွံ့ဟန် မပြဘဲ ``ဟားဟားဟား..ကျုပ်လိုလူက သေနတ်လေးနဲ့ ချိန်လိုက်ရုံနဲ့ ကြောက်ပြီး လက်မြှောက်မယ် ထင်လို့လား၊ ခင်ဗျားကို အသေခံပြီး သတ်မလို့တက်လာတာ၊ သေဖို့သာပြင်တော့``ဟုဆိုကာ ဂန်ထောက်သန်းရွှေကို လက်ထဲရှိ ဓားဖြင့် ထိုးစိုက်ရန် တရှိန်ထိုး ပြေးလွှားသွားလေ၏။


www.burmeseclassic.com

www.burmeseclassic.com

ဂန့်ထောက်သန်းရွှေသည် အထိတ်တလန့် အော်ဟစ်ပြီး သီဟကို သေနတ်ဖြင့် လှမ်းပစ်လေ၏။ သို့သော် သီဟ၏ ကိုယ်ခန္ဓာကို သေနတ်ကျည်ဆံ ထိမှန်ခြင်း မရှိဘဲ သန်းရွှေ၏ ကိုယ်ပေါ်သို့ ဓားဖြင့် ထိုးဆိုက်လိုက်၏။ ထိုအခိုက်မှာပင် သူ၏ အနောက်မှ တစ်စုံတစ်ယောက် ရောက်လာပြီး သီဟ၏ ဓားကို သံလင်ပန်းဖြင့် ကာရံလိုက်၏။ သီဟသည် မိမိအလုပ်ကို ဂင်ရှုပ်သော ရန်သူကို ဒေါသတကြီး ကြည့်ပြီး ခြေဖြင့် လှမ်းကန်လိုက်၏။ သို့သော် ရန်သူသည် နယ်နယ်ရရ လူမဟုတ်ဘဲ သီဟ၏ ခြေကန်ချက်ကို ရှောင်တိမ်းရင်း လက်ထဲရှိသေနတ်ဖြင့် ချိန်ကာ ``ဒီမှာ ကိုသီဟ ခင်ဗျားကို ရာဇဝတ်အုပ် မြင့်ဆွေ အသတ်ခံရမှုနဲ့ ပတ်သက်ပြီး ဖမ်းဆီးလိုက်ပါပြီ၊ ကျုပ်က အင်းစိန်စီအိုင်ဒီက အင်စပက်တော် လှမိုးပါ``ဟုဆိုလိုက်ရာ သီဟက မိမိကို သေနတ်ဖြင့် ချိန်ထားသော အင်စပက်တော်လှမိုး ဆိုသူကို မထိလေးစား ကြည့်ပြီး ``ဒီမှာ..ကျုပ်အသက်သာ အသေခံသွားမယ်၊ မျက်နှာဖြူ အစိုးရရဲ့ အဖမ်းမခံဘူးဗျ``ဟုဆိုလိုက်ရာ ခုတင်ပေါ်တွင် တင်ပျဉ်ခွေ ထိုင်နေသော

www.burmeseclassic.com

ဝန်ထောက်သန်းရွှေက ``မလောက်လေး မလောက်စား ကောင်လေးက လေလုံးထွါးလှချည်လား၊ မင်းသတ္တိရှိရင် ရှေ့တစ်လှမ်းတိုးကြည့်စမ်း၊ အသေပစ်သတ် လိုက်မယ်`` ဟုဆိုကာ သီဟကို သေနတ်ဖြင့် ချိန်ရွယ် ထားလေ၏။ သီဟသည် ဝန်ထောက်သန်းရွှေကို လုပ်ကြံရန် မလွယ်ကူတော့သဖြင့် ထိုနေရာမှ ကိုယ်လွတ်ရုန်းပြေးရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် ဂရန်တာ လက်ရမ်းများဆီသို့ တရှိန်ထိုး ပြေးလွှားသွားပြီး သုံးထပ် အဆောက်အဦးပေါ်မှ ခုန်ချလိုက်၏။ ဝန်ထောက်သန်းရွှေသည် မိမိ၏ ရန်သူကို အလွတ် မပေးနိုင်သဖြင့် လက်ထဲရှိ ခြောက်လုံးပြူးဖြင့် တဒိုင်းဒိုင်း ပစ်ခတ်လိုက်၏။ သို့သော် သီဟကို သေနတ်ကျည်ဆံ ထိမှန်ခြင်း မရှိဘဲ ဂရန်တာ လက်ရမ်းမှ ခုန်ချသွားနိုင်၏။ သီဟသည် မိမိ ခုန်ချလိုက်သော နေရာတွင် ခေါင်းမိုးဆင့်များရှိသဖြင့် အောက်သို့ အရှိန်ပြင်းပြင်း မကျနိုင်ဟု ယုံကြည်ပြီး ခုန်ချလိုက်ခြင်း ဖြစ်၏။ သီဟသည် မြေပေါ်သို့ လှလှပပ ကျသွားပြီး ထိုနေရာမှ ထွက်ပြေးရန် ကြံနေစဉ် အမှောင်ထဲတွင် အသင့်စောင့်နေသော


www.burmeseclassic.com

www.burmeseclassic.com

စစ်ပုလိပ်များ ပြေးထွက်လာပြီး ဝိုင်းဂန်း ဖမ်းဆီးကြလေ၏။

သိပ္ပာသည် အခန်းသို့ ရောက်လာသော ပုလိပ် နှစ်ယောက်ကို

တိုက်ခိုက်ပြီး အမှောင်ထဲသို့ပြေးထွက်လာခဲ့ရာ မိမိအနောက်မှ

သေနတ်သံ တဒိုင်းဒိုင်း ကြားလိုက်ရလေ၏။ သို့သော် သေနတ်

ကျည်ဆံများ မိမိကို မထိဘဲ လွတ်မြောက်ခဲ့လေ၏။

ကံကြမ္မာသည် မိမိဘက်တွင် ရှိနေသေး၏။


www.burmeseclassic.com

www.burmeseclassic.com

အင်စပက်တော်လှမိုးသည် မီးခိုးတလူလူ ထွက်နေသော ခြောက်လုံးပြူးကို နားမလည်နိုင်ဟန်ဖြင့် ကြည့်ပြီး ခါးကြားထဲသို့ ပြန်ထည့်လိုက်၏။ သူသေသေချာချာ ချိန်ရွယ်ပြီး ပစ်ခတ်လိုက်သည့် ကျည်ဆံသည် အဘယ်ကြောင့် တရားခံကို ထိမှန်ခြင်း မရှိလေသနည်း။ ဂန်ထောက်သန်းရွှေက အပေါ်ထပ် ဝရန်တာမှ လှမ်းမျှော်ကြည့်ပြီး ဒေါသတကြီး တက်ခေါက်ကာ

``တောက်..သေသေချာချာ ချိန်ပစ်လိုက်တာ လွဲဖြစ်အောင် လွဲသေးတယ်၊ ဒီကောင် လွတ်သွားပြီလား``ဟုမေးမြန်းလေ၏။ အင်စပက်တော်လှမိုးက ခေါင်းညိတ်ပြလိုက်ပြီး``အောင်ကာ


www.burmeseclassic.com

www.burmeseclassic.com

ကောင်တွေ ပိုင်းပစ်ပေမဲ့ မထိလိုက်ဘူး၊ လွတ်သွားပြီ`` ဟုဆိုလိုက်ရာ ဂန်ထောက်သန်းရွှေက``ဒီကောင်.. သိပ်ကံကောင်းသွားတယ်``ဟုဒေါသတကြီး ပြောဆိုလေ၏။

အင်စပက်တော်လှမိုးက မျက်မှောင်ကြုတ်ပြီး``သူ ကံကောင်းရင်ကောင်း မကောင်းရင် သူ့မှာ ထူးခြားဆန်းကြယ်တဲ့ ဂမ္ဘီရအစွမ်းတစ်ခု ရှိနေလို့ပဲ``ဟုပြောလေ၏။ ထိုအခိုက်မှာပင် အောက်ထပ်ရှိ ပုလိပ်များ ပျော်ပွဲစားရုံ အပေါ်ဆုံးထပ်သို့ ပြေးတက်လာပြီး``အပိုင် ဖမ်းပစ် လိုက်တာတောင် ဒီကောင် လွတ်သွားသေးတယ်၊ သူ့မှာ သေနတ်ပီး ဓားပီးတဲ့ ဂက်စွယ် ဂင်းပိတ်တို့ ဘာတို့များ ရှိနေသလား မသိဘူး``ဟုပြောလေ၏။

အင်စပက်တော်လှမိုးက သက်ပြင်းချပြီး ``မပြောတတ်ဘူး၊သူတို့ တော်လှန်ရေးသမား တွေထဲမှာ ပညာသည်တွေ အများကြီး ရှိတယ်၊ အရင်တုန်းကလဲ တစ်ကောင်ဘွား ဆိုတဲ့ ပုဂ္ဂိုလ်ကြီး တစ်ယောက် ပေါ်ခဲ့ဘူးတယ်၊ သူလဲ တစ်ကောင်ဘွားလို ဖြစ်နေရင်တော့ ခက်ပြီ``ဟုရေရွတ်လိုက်ရင်း ဂန်ထောက်သန်းရွှေကို လှမ်းကြည့်လိုက်ရာ ဂန်ထောက်သန်းရွှေ၏ မျက်နှာ ပျက်ယွင်း



www.burmeseclassic.com

www.burmeseclassic.com

နေကြောင်း တွေ့ရ၏။ ဂန်ထောက်သန်းရွှေသည် လူစွန့်စား

တစ်ကောင်ဘွါး အကြောင်းကို ကောင်းစွာ သိနားလည်သူ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

သိဟာသည် ဘလူးပျော်ပွဲစားရုံမှ ကိုယ်လွတ်ရုန်းပြီး ပြေးလာပြီးနောက် မိမိ၏ လှုပ်ရှားမှုများကို ပုလိပ်များ မြေရာကောက် မိသွားပြီ ဖြစ်ကြောင်း ကောင်းစွာ ရိပ်စားမိသွား၏။ မိမိ၏ ရန်သူတော် သန်းရွှေကို လက်စားချေ ကာနီးမှ အင်းစိန် စိဒိုင်ဒိမှ အင်စပက်တော် လှမိုး ဆိုသူ ပေါ်ပေါက်လာပြီး သန်းရွှေ၏ အသက်ကို ကယ်တင် သွား၏။ ထိုသူသည် အရည်အချင်း ရှိသော စုံထောက်တစ်ယောက် ဖြစ်ပုံရ၏။ အင်စပက်တော်လှမိုးနှင့် လက်ရုံးရည်ချင်း ယှဉ်ပြိုင် တိုက်ခိုက်ကြည့်ရာ ထိုသူသည် တိုက်ခိုက်ရေးပညာ


www.burmeseclassic.com

www.burmeseclassic.com

တစ်ရပ်ရပ်ကို ကောင်းစွာ တတ်ကျွမ်းထားပုံရ၏။ ယနေ့ညှ၏ ထူးခြားချက်မှာ သေနတ်ကျည်ဆံများ အားလုံး မိမိကို ထိမှန်ခြင်း မရှိခြင်းဘဲ ရှောင်ကွင်း သွားခြင်းပင်ဖြစ်၏။လူစွန့်စားကြီး တစ်ကောင်ဘွါး၏ သေနတ်ပိုးသော အဆောင်မှာ အမှန်တကယ် အစွမ်းထက်ပုံရ၏။ မိမိကို အနီးကပ် ပိုင်းဂန်း ပစ်ခတ်သဖြင့် ထိမှန်ပြီ ဟု၍ပင် ထင်မြင်ခဲ့၏။ သို့သော် သေနတ်ကျည်ဆံများ အားလုံး ထိမှန်ခြင်း မရှိဘဲ ရှောင်ကွင်းသွားခဲ့၏။ လူစွန့်စားကြီး တစ်ကောင်ဘွါး၏ သေနတ်ပိုးအဆောင်သည် ဟု အမှန်တကယ်ပင် အစွမ်းထက်နေမှာ သေချာ၏။ ထိုအဆောင်၏ အစွမ်းဖြင့် နယ်ချဲ့ အင်္ဂလိပ်တော်ရိုများကို ယှဉ်ပြိုင် တိုက်ခိုက်မည်ဟု ဆုံးဖြတ်လိုက်၏။ လောလောဆယ် မိမိနှင့် ပတ်သက်သော သဲလွန်စများကို ပုလိပ်များ ရရှိထားသဖြင့် လက်ရှိ နေရာတွင် ဆက်လက်နေထိုင်ရန် မဖြစ်နိုင်တော့ချေ။ ထို့ကြောင့် မိမိငှားရမ်းနေထိုင်သော အိမ်ကလေးသို့ လျှို့ဝှက်စွာ ပြန်လာပြီး အိမ်ရှင်ကို အခန်းပြန်အပ်ကာ ထိုနေရာမှ ပြောင်းရွှေ့ရန် ပြင်လေ၏။ အိမ်ရှင် ကျောင်းဆရာမကြီးက သီဟ ကြိုတင်


www.burmeseclassic.com

www.burmeseclassic.com

ပေးထားသော စဘော်ငွေကို လောလောဆယ် မအမ်းနိုင်ဟု ဆိုသဖြင့် သိဟာက ကျန်စဘော်ငွေများကို အဆုံးခံခဲ့၏။သိဟာ၏ အပြုအမူကို အိမ်ရှင် ဆရာမကြီးက ပါးစပ် အဟောင်းသား ကြည့်ပြီး ကျန်ရစ်ခဲ့လေ၏။ သိဟာသည် အိမ်ကလေးမှ လူမသိ သူမသိ အချိန်တွင် ရှမ်းလွယ်အိတ်ကြီးကို စလွယ်သိုင်းလွယ်ကာ ပြောင်းရွှေ့ခဲ့လေ၏။


www.burmeseclassic.com

www.burmeseclassic.com

ထိုရက်ပိုင်းထုတ် သတင်းစာများတွင် အစိုးရ အရာရှိကြီးများကို လိုက်လံ သုတ်သင်နေသော မျိုးချစ်လူငယ် သီဟ၏ အကြောင်းကို အကျယ်တဝင့် ဖော်ပြကြလေ၏။ သတင်းစာကြီး တစ်စောင်က သီဟ၏ အစွမ်းကို လိုသည်ထက်ပိုပြီး ချဲ့ကား ရေးသားထားပြီး စိအိုင်ဒီ စုံထောက်နှင့် ပုလိပ်များ ဝိုင်းဝန်း ပစ်ခတ်သည့် ကြားက လွတ်မြောက်သွားသဖြင့် လူစွန့်စား လူငယ်သည် သေနတ်ပီးမားပီး အစွမ်းရှိသလော..ထိုအစွမ်းမျိုး ရှိလျှင် တစ်ချိန်က ထင်ရှားခဲ့သော လူစွန့်စားကြီး


www.burmeseclassic.com

တစ်ကောင်ဘွါးကဲ့သို့ နယ်ချဲ့အစိုးရကို ဖိန့်ဖိန်တုန် စေသည့် မျိုးချစ် တစ်ဦး ပေါ်ထွန်းလာပြီလော.. အစရှိသဖြင့် ဖွဲဖွဲနွဲ့နွဲ့ ရေးသားထားလေရာ သတင်းစာများ လွန်စွာ ရောင်းကောင်း လေ၏။ လူစွန့်စား တကောင်ဘွါး ဆိုသည့် နံမည်သည်လည်း လန်ဒန်ရှိ သတင်းစာများသို့ပင် ရိုက်ခတ်သွားလေ၏။ သိဟသည် မိမိကို တစ်ကောင်ဘွားနှင့် နှိုင်းယှဉ် ရေးသားထားသော သတင်းစာကြီးသို့ စာတစ်စောင်ရေးသားပြီး ပို့လိုက်လေ၏။ သိဟ ပေးပို့သော စာ၏ အဓိပ္ပါယ်မှာ လူစွန့်စား တကောင်ဘွါးက နယ်ချဲ့စစ်ပုလိပ်များကို ဖိန့်ဖိန့်တုန်အောင် တွန်းလှန်တိုက်ခိုက် သကဲ့သို့ မိမိလည်း နယ်ချဲ့ အလိုတော်ရိများကို ဆက်လက် သုတ်သင် မည်ဖြစ်ကြောင်း အလိုတော်ရိများ ထမင်းဂဂ စားထား စေချင်ကြောင်း ရေးသား ပေးပို့လိုက်ရာ သတင်းလောကတွင် လူအများအနစ်သက်ဆုံး သတင်းတစ်ပုဒ်ဖြစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com


အင်စပက်တော်လှမိုးသည် တရားခံသီဟ၏ အစွမ်းသတ္တိနှင့် ဒွိရ ဆန်သော အစွမ်းများကို လက်တွေ့ မြင်လိုက်ရသဖြင့် ဂန်ထောက်သန်းရွှေနှင့် ပတ်သက်ပြီး ပိုမို စိုးရိမ်သွားလေ၏။ ဂန်ထောက်သန်းရွှေ၏ အသက်ကို မိမိ မကာကွယ်နိုင်တော့ ကျ၍ပင် ထင်မြင်မိလေ၏။ မိမိ၏ ကာကွယ်ရေး အစွမ်းကို ပိုမိုပြီး တိုးမြှင့်ရန် ဆုံးဖြတ်လိုက်၏။ ထိုကြောင့် ဂန်ထောက်သန်းရွှေ နေထိုင်သော အရပ်ရှိ အိမ်နီးချင်း များကို ဆန်းစစ် လေ့လာ လေ၏။ ထိုအခါ လွန်ခဲ့သောရက်က ဂန်ထောက်သန်းရွှေ၏


www.burmeseclassic.com

www.burmeseclassic.com

မနီးမဝေး အိမ်ငယ်လေးမှ လူငယ် တစ်ယောက်ပြောင်းရွှေ့သွားကြောင်း ကြားရလေ၏။ ထိုအိမ်၏ အိမ်ရှင်မှာ ကန်တော်လေးဘက်တွင် နေထိုင်သော ကျောင်းဆရာမကြီး တစ်ဦးဖြစ်၏။ အင်စပက်တော်လှမိုးသည် ကျောင်းဆရာမကြီး၏ အိမ်ကို ရောက်သွားပြီး သိဟ၏ ဓါတ်ပုံကို ပြသလိုက်၏။ ထိုအခါ ကျောင်းဆရာမကြီးက ``အန်တီ အိမ်ကို ငှားတာ သူပေါ့၊ သဘောသိပ်ကောင်းတဲ့ ကောင်လေး၊ ကျန်တဲ့ စဘော်ငွေကိုတောင် မယူတော့ဘဲ အဆုံးခံမယ် ဆိုပြီး ထွက်သွားတယ်၊ အခုခေတ် ကလေးတွေများ စိတ်မြန်လက်မြန် ရှိလိုက်တာ'' ဟု မှတ်ချက်ချလေ၏။ အင်စပက်တော်လှမိုးသည် တရားခံ သိဟ၏ အရည်အချင်းကို တဖြည်းဖြည်း မြင်တွေ့လာသဖြင့် ရင်မောသွားမိ၏။ သိဟသည် ပျောက်ဆုံးနေသော လူစွန်စား တစ်ကောင်ဘွဲ့နှင့် မည်သို့ ပတ်သက်သည် မသိချေ။ ဤပုံအတိုင်းဆိုလျှင် ဂန်ထောက်သန်းရွှေ တစ်ယောက် ငရဲလားတော့မည် ထင်၏။ ဂန်ထောက်သန်းရွှေကဲ့သို့ မျိုးချစ် သစ္စါဖောက် တစ်ဦး ငရဲသို့ ရောက်သွားလျှင် မိမိအတွက်

တစ်ကောင်ဘွား


www.burmeseclassic.com

www.burmeseclassic.com

ဝမ်းနည်းစရာ မရှိပဟု၍ပင် တွေးမိလေ၏။ ဥပဒေဘာက်တော်သား တာဝန်ကို ထမ်းဆောင် နေရသော်လည်း သစ္စါဖောက် တစ်ဦး လူလောကက ထွက်သွားလျှင် တိုင်းပြည် အတွက် အကျိုးကျေးဇူး ရှိမည်ဟု ထင်မြင်မိ၏။ထို့ကြောင့် ဂန်ထောက်သန်းရွှေ ကို စွန့်ခွါသွားရန်ပင် စိတ်မောလူမော ဆုံးဖြတ်မိ၏။


www.burmeseclassic.com

www.burmeseclassic.com

သိဟာသည် မိမိငှားရမ်းထားသော အိမ်ကို ပြန်အပ်ပြီးနောက် ပုဇွန်တောင်ရှိ မနန်းမူနှင့် သွားရောက်တွေ့ဆုံလေ၏။ မနန်းမူက သိဟာကိုမြင်သောအခါ ဝမ်းသာအားရဖြင့် ``ရှင်လာတာနဲ့ အတော်ပဲ၊ အစ်မပိုးတိက အငြိမ့်ကို ကိုယ်ပိုင် ထောင်လိုက်ပြီ၊ ဒါကြောင့် အစ်မ ပိုးတိဇာတ်မှာ ကျွန်မ လိုက်ကတော့မလို့။ မြန်မာပြည်အနှံ့ လှည့်ကဖို့ ပွဲတွေလဲ အများကြီး လက်ခံ ထားတယ်၊ ရှင်လိုက်ခဲ့ပါ`` ဟုဖိတ်ခေါ်လေ၏။ သိဟာသည် မိမိအနောက်သို့ သဲလွန်စ ရှာပြီး လိုက်နေသော ပုလိပ်များကို

တစ်ကောင်ဘွား


www.burmeseclassic.com

www.burmeseclassic.com

လှည့်စားရန် အကြံပေါက်သွား၏။ ထိုကြောင့် မနန်းမူတို့ အငြိမ့်အဖွဲ့နှင့် လိုက်သွားရန် ဆုံးဖြတ်လိုက်၏။ သိဟာ၏ လက်ခံမှုကြောင့် မနန်းမူက ဝမ်းသာအားရဖြင့် ``ဟင်..ဒါဆိုရင် ကျွန်မ ဇာတ်ထဲမှာ လိုက်ဖို့ အဖော်ရပြီပေါ့၊ မေ့မေ့ကို ပြောရင် ဝမ်းသာမှာ သေချာတယ်၊ မေမေက ကျွန်မ ဇာတ်ထဲကို လိုက်ဖို့ စိတ်မချဘူးဖြစ်နေတယ်'' ``ဟုပြောလေ၏။ သိဟာက မိမိအလုပ် အားလပ်ချိန်နှင့် ကြုံကြိုက်သဖြင့် ရွှေပိုးတိ အငြိမ့်နောက်သို့ အပျင်းပြေ လိုက်သွားမည် ဖြစ်ကြောင်း ပြောလေရာ မနန်းမူ၏ မိခင်က ဝမ်းပန်းတသာဖြင့် ``မောင်သိဟာ အဖော် ပါရင်တော့ အဒေါ်က စိတ်ချသွားပြီ၊ မင်းနှမကို ညီမလေးလို စောင့်ရှောက် ပါကွယ်၊ သူက ကလေးစိတ်ဆိုတော့ ဇာတ်ထဲမှာ အများနဲ့ မတည့်မှာ စိုးရိမ်ရတယ်၊ စကားအပြောအဆိုလဲ တတ်တာ မဟုတ်ဘူးကွယ်၊ ဂါသနာ သိပ်ကြီးလို့သာ သူ့အစ်မနဲ့ ထည့် ရတာ၊ ပိုးတိကတော့ သူ့ကိုယ်သူ ထိမ်းနိုင်ပြီးသား'' ဟုပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် သီဟာသည် ရွှေပိုးတီ အငြိမ့်နင့်လိုက်ရန် အငြိမ့် ရှိရာ မြန်မာပြည် မြေလတ်ပိုင်း မြို့ကလေးသို့ ခရီးထွက်ခဲ့လေ၏။ ရွှေပိုးတီ အငြိမ့်အဖွဲ့ ရှိရာသို့ ရောက်သောအခါ မင်းသမီး ရွှေပိုးတီက သီဟာနှင့်မနန်းမှုကို အံ့သြဟန်ဖြင့် ကြည့်ပြီး ``နင့်တို့နှစ်ယောက်က ဘာလို ဖြစ်ပြီး စုံတွဲ ခုတ်လာတာလဲ``ဟုမေးမြန်းလေ၏။ မနန်းမှုက မျက်နှာ ရှုံမဲ့ပြီး``အစ်မ မေးခွန်းကြီးက ဘယ်လိုလဲ၊ အမေက စိတ်မချလို့ ကိုသီဟာကို ထည့်ပေးလိုက်တာ``ဟုဆိုလေ၏။ ရွှေပိုးတီက ညီမဖြစ်သူ၏ စကားကို နားထောင်ပြီး``အမေက သဘောတူလို့ ထည့်ပေး



www.burmeseclassic.com

www.burmeseclassic.com

လိုက်တာ၊ ဟုတ်လားနန်းမူ`` ဟုနှောက်ပြောင်လိုက်ပြန်ရာ မနန်းမူသည် ရှက်သွေးဖြာပြီး အစ်မဖြစ်သူကို လိုက်ရိုက်လေ၏။ ရွှေပိုးတိက ရယ်မောရင်း ``ကဲ့..ငါ့ညီမက ဇာတ်ကဖို့တော့ ဟုတ်ပါပြီ၊ ကိုသီဟက ဘာလုပ်မှာလဲ၊ လူရွှင်တော်လား၊ ဇာတ်ဆရာလား`` ဟုနှောက်ပြောင်လိုက်ရာ သီဟက ရယ်မောလိုက်ပြီး``ကျုပ်က ဇာတ်ထဲမှာ ဘာမှ မလုပ်ဘူး၊ အထူးဧည့်သည် အနေနဲ့ လိုက်မှာ၊ အထူးဧည့်သည်အနေနဲ့ လက်မခံရင်တော့ မနန်းမူရဲ့ ကိုယ်ရံတော်ဗျာ`` ဟုပြောလိုက်လေ၏။ ထိုအခါ ရွှေပိုးတိက ``ရှင့်ဘာသာ ဧည့်သည်တော်ပဲ လုပ်လုပ် ကိုယ်ရံတော်ပဲ လုပ်လုပ် ကျွန်မတို့ ရွှေပိုးတိ အငြိမ့်အဖွဲ့က ရှင့်ကို ကြိုဆိုပါတယ်ရှင်၊ လောလောဆယ် နားကြပါဦး၊ ညနေမှ တရုတ်ဆိုင်မှာ ညစာ သွားစားကြမယ်`` ဟုပြောလေ၏။


www.burmeseclassic.com

www.burmeseclassic.com

သိဟာသည် ရွှေပိုးတိ အငြိမ့်အဖွဲ့နောက်သို့ လိုက်ပါပြီး စုံထောက်များ၏ မြင်ကွင်းမှ ခြေရာဖျောက်နေလေ၏။ သူသည် တစ်ရာသီလုံး အငြိမ့် အဖွဲ့နောက်သို့ လိုက်ပြီး ခြေရာ ဖျောက်နေလေ၏။ ထိုသို့ လိုက်ပါရင်း ထင်းခွဲ၊ ရေခပ်၊ ကားဆွဲ စသည့် အောက်ခြေသိမ်း အလုပ်များကို ကူညီလုပ်ကိုင် ပေးလေရာ ရွှေပိုးတိက တားဆီးပြီး``ကိုသိဟာက ကျွန်မတို့ ညီသည့်ပါ၊ အငြိမ့်အဖွဲ့ရဲ့ အောက်ခြေသိမ်း အလုပ်တွေကို လုပ်စရာ မလိုပါဘူး``ဟုတားဆီးလေ၏။ သိဟာကို နိုင်းစေသူများ


www.burmeseclassic.com

www.burmeseclassic.com

အားလည်း နောင်ထိုသို့ မခိုင်းစေရန် တားဆီးလေ၏။ သီဟက ရွှေပိုးတိကို စောဒကတက်ရန် ကြံလိုက်ရာ ရွှေပိုးတိက သီဟ၏ ပါးစပ်ကို လက်ဖြင့်ပိတ်ပြီး``ရှင်..ကိုယ်ရှင် ဘာကောင်မှ မဟုတ်လို့ ဒီလို အောက်ခြေသိမ်းအလုပ်တွေ လုပ်နေရတယ်လို့ ပြောမလို့လား၊ မပြောနဲ့၊ ရှင် ဘယ်လိုလူလဲ ဆိုတာ ကျွန်မသိတယ်`` ဟုပြောလေရာ သီဟက အံ့ဩဟန်ဖြင့် ရွှေပိုးတိ၏ မျက်နှာကို ကြည့်လိုက်ရာ ရွှေပိုးတိက``ကျွန်မကို နန်းမူ ပြောပြီးပြီ၊ နန်းမူနဲ့ ကျွန်မဟာ ညီအစ်မ တစ်ဝင်းပဲ ကွဲတယ် ဆိုတာ ရှင့်မေ့နေပြီလား၊ တကယ်တော့ ကျွန်မ အဖေဟာ ဘယ်သူလဲ ရှင်သိသလား၊ အဖေဟာ နတ်မောက် ရွာသူကြီး ဗိုလ်မင်းရောင်ရဲ့ မျိုးချစ်တပ်ဖွဲ့မှာ ပါဝင်ပြီး ကျဆုံး သွားတဲ့သူရှင့်၊ ကျွန်မမှာ မျိုးချစ်စိတ် မရှိဘူးလို့ ရှင်မထင်နဲ့၊ ကျွန်မ အငြိမ့်က နေပေမဲ့ နယ်ချဲ့တွေကို အမြဲတွန်းလှန်ဖို့ စိတ်ကူး ရှိတဲ့သူပါ`` ဟုပြောလေရာ သီဟက ရွှေပိုးတိ၏ မျက်နှာကို ကြည့်၍ ``လေးစားပါတယ် မပိုးတိ၊ မပိုးတိလို မိန်းကလေးမျိုး မြန်မာပြည်မှာ အများကြီး လိုအပ်တယ်`` ဟုချီးမွမ်းလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် ရွှေပိုးတိ အငြိမ့်အဖွဲ့သည် သိဟ ငယ်စဉ်ဘဂက နေထိုင်ခဲ့သော စံပယ်တောင် ဂန်းကျင်ရှိ တိုင်တရာဘုရား ကွင်းကြီးတွင် အငြိမ့်ကပြလေ၏။ သိဟသည် စံပယ်တောင် ဂန်းကျင်သို့ မထင်မှတ်ဘဲ ပြန်ရောက်သွားသဖြင့် ကျဆုံး သွားသော ဖခင်ကြီးနှင့် မျိုးချစ်များကို သတိရပြီး ဂမ်းပမ်းတနည်း ခံစားရ၏။ ဖခင်ကြီးနှင့် မျိုးချစ်များအတွက် သမိုင်းပေးတာဂန် ထမ်းဆောင် ရှုံးမည်ဟု သတိရ၏။ ယခုလောက်ဆိုလျှင် မိမိအနောက်သို့ သဲလွန်စ ရှာပြီး လိုက်နေသော အစိုးရ စုံထောက်များ မျက်ခြေ ပြတ်သွားမည် ထင်၏။ သိဟသည် စံပယ်တောင် ဂန်းကျင်သို့ အလွမ်းပြေ သွားရောက် ကြည့်ရှု လိုသဖြင့် မြင်းတစ်ကောင်ကို ငှားရမ်းပြီး တစ်ကိုယ်တည်း ထွက်ခဲ့လေ၏။ ထိုသို့ ထွက်ခဲ့ရင်း ငယ်စဉ်က မိမိတို့ ဂါဆို ပန်းခူးခဲ့သော နေရာသို့ ရောက်ရှိပြီး မိခင်ဖြစ်သူနှင့်အတူ ဂါဆိုပန်းခူးထွက်ရင်း ပျော်ပါးခဲ့သည်များကို သတိရလေ၏။နယ်ခဲ့


www.burmeseclassic.com

www.burmeseclassic.com

စစ်ပုလိပ်များ၏ လက်ချက်ဖြင့် မိခင်ဖြစ်သူဦးစွာကျဆုံးသွားပြီး လူမမယ် ကလေးငယ် ဘဝဖြင့် မိတဆိုး ကြီးပြင်းခဲ့ရပုံကို သတိရ၏။ယခုလည်း မိခင်နည်းတူ ဖခင်ကိုယ်တိုင် နယ်ချဲ့ လက်ချက်ဖြင့် ကျဆုံးခဲ့ရ၏။ မိမိ၏ ဘဝတစ်ခုလုံး မပြည့်မစုံ နေထိုင်ရခြင်းမှာ နယ်ချဲ့များ၏ ပယောဂ ကြောင့်ဟူ တွေးကာ နယ်ချဲ့ကို နာကြည်း မုန်းတီးခြင်း ဖြစ်ရ၏။သိဟာသည် ဂါဆို ပန်းရူးထွက်သော စမ်းချောင်းလေးအနီးတွင် တစ်နေကုန် တစ်ယောက်တည်း ထိုင်ပြီး အငြိမ့်အဖွဲ့ ရှိရာသို့ ပြန်လာခဲ့လေ၏။ အငြိမ့်အဖွဲ့သို့ ပြန်ရောက်သောအခါ မနန်းမူက ငိုယိုပြီး ``ကိုသိဟာရယ်..လုပ်ပါဦး အစ်မပိုးတိ ပျောက်နေလို့၊ဘယ်မှာ အန္တရာယ်နဲ့ ကြုံနေသလဲ မသိဘူး``ဟုပြောလေရာ သိဟာက မျက်မှောင်ကြုတ်ပြီး``ဘယ်လို ပျောက်နေတာလဲ၊ ပြောပါဦး`` ဟုမေးမြန်းလိုက်လေ၏။ ထိုအခါ လူရွှင်တော်ကြီး ဦးပိတာက ဝင်ရောက်ပြီး``မနက်က ဆုတောင်းပြည့် ဘုရားမှာ ယတြာ လုပ်ရမယ် ဆိုပြီး ပန်းစည်းကြီး ကိုင်ပြီး တစ်ယောက်တည်း ထွက်သွားတာ၊ အခုထိ ပြန်မလာဘူး``ဟုပြောလေ၏။ သိဟာက


www.burmeseclassic.com

www.burmeseclassic.com

မျက်မှောင်ကြုတ်ပြီး ``ဒီအရပ်မှာ သူ့အသိအကျွမ်း တွေ ဘာတွေ ရှိလို့ သွားလည်နေတာလား`` ဟုမေးမြန်းလေရာ မနန်းမူက ငိုယိုပြီး ``မရှိပါဘူး၊ အစ်မ ဒီအရပ်မှာ တစ်ခါမှ မကာဖူးဘူးလို့ ပြောတယ်`` ဟုပြောလေရာ သီဟက နားမလည်ဟန်ဖြင့် မျက်မှောင်ကြုတ်လိုက်လေ၏။ ရွှေပိုးတိ ပျောက်ဆုံးသွားသော ကြောင့် အငြိမ့်အဖွဲ့ တစ်ခုလုံး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြ၏။ ရွှေပိုးတိအငြိမ့်သည် နောက်တစ်နေ့ည တိုင်တရာ ဘုရားပွဲ၌ ကပြ ရမည်ဖြစ်သဖြင့် ရွှေပိုးတိ မရှိလို့ မဖြစ်ဇချ။ အငြိမ့်အဖွဲ့သား အားလုံး ကြံရာမရ ဖြစ်နေကြပြီး လူရှင်တော်ကြီး သုံးယောက်သည် ပုလိပ်ကို သွားရောက် တိုင်ကြားရန် ကြံစည် ကြလေ၏။


www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက်မှာပင် အငြိမ့်ရှုထဲသို့ လူငယ်လေးတစ်ဦး ဝင်ရောက်လာပြီး ``ကျွန်တော့်ကို လူကြီးတစ်ယောက်က မှန်ဖိုးပေးပြီး စာပေးခိုင်းလိုက်လို့ပါ``ဟုဆိုလိုက်ရာ သီဟက ယူပြီး စာကိုဖတ်ကြည့်လိုက်ရာ

အငြိမ့်မင်းသမီး ရွှေပိုးတိကို သက်ရှိထင်ရှား ပြန်မြင်ချင်ရင် ငွေငါးထောင်ကို ယူပြီး စံပယ်တောင်ကို သုံးရက်အတွင်း ရောက်အောင်လာပေးပါ။ ပုလိပ်ကို တိုင်မယ်ဆိုရင်တော့ ရွှေပိုးတိရဲ့ အလောင်းကိုပဲ ပြန်ရမယ်


www.burmeseclassic.com

www.burmeseclassic.com

ဟုရေးသားထားလေ၏။ စာကို ဆုံးအောင် ဖတ်ပြီးနောက်

သိပ္ပာသည် လူဆိုးများ၏ လုပ်ရပ်ကို လွန်စွာ နာကျင်သွားလေ၏။

စံပယ်တောင်သည် နယ်ချဲ့ကို ခေတ်အဆက်ဆက် တော်လှန်

သူတို့၏ ဘူမိနက်သန် နေရာမှန် ဖြစ်၏။ ယခု လူဆိုးဓားပြများ၏

လုပ်ရပ်သည် စံပယ်တောင်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေ၏။

လူဆိုးဓားပြများကို မိမိကိုယ်တိုင် ခြေမှုန်းပြီး ပုလိပ်လက်အပ်မှ

ဖြစ်တော့မည်။ မနန်းမူက စာကို ဖတ်ပြီး စိုးရိမ်တကြီး ငိုယိုကာ

``အမလေး..လုပ်ကြပါဦး..မမကို လူဆိုးတွေ ဖမ်းသွားလို့တဲ့၊

ဘယ်လိုလုပ်ကြမလဲ သူတို့တောင်းတဲ့ ပိုက်ဆံ ငါးထောင်လဲ

ကျွန်မတို့အဖွဲ့မှာ မရှိဘူး၊ပုလိပ်တိုင်ရင်လဲ မမ အသတ်ခံရမယ်၊

ရန်ကုန်ပြန်ပြီး ငွေငါးထောင် ရှာရအောင်`` ဟုပြောလေ၏။

သိပ္ပာက ပူပင်သောက ရောက်နေသော မနန်းမူကို နှစ်သိမ့်

လိုက်ပြီး ``မပူပါနဲ့ နန်းမူ၊ မပိုးတိကို ကျုပ်ရအောင် ကယ်ပါ့မယ်၊

စံပယ်တောင်ဆိုတာ ကျုပ်ကြီးပြင်းခဲ့တဲ့ နေရာပါ၊ စံပယ်တောင်

တစ်ခုလုံး မျက်လုံးမှိတ်သွားရင် တောင်ကျုပ် သွားနိုင်တယ်၊

စံပယ်တောင်ကို ကျုပ်လောက် ဘယ်သူမှ မကျွမ်းကျင်ဘူး``

တစ်ကောင်ဘွား


www.burmeseclassic.com

www.burmeseclassic.com

ဟုပြောလေရာ မနန်းမူက ``ဖြစ်ပါ့မလားရှင်၊ သူတို့က မအေသက်ကို ရန်ရှာနေဦးမယ်၊ ပုလိပ်ကို တိုင်ရင် ကောင်းမလား`ဟုပြောလေ၏။ သီဟာက ခေါင်းခါယမ်းပြီး ``ပုလိပ်ကို တိုင်တာမှ အန္တရာယ် ရှိတယ်၊ဒီကောင်တွေ ကြောက်ကန်ကန်ပြီး မဟုတ်တာ လုပ်သွားမှာ စိုးရတယ်၊ ကျုပ် စံပယ်တောင်ပေါ် တက်ပြီး မပိုးတိကို ရအောင်ကြိုးစား ကြည့်မယ်``ဟုပြောလေရာ လူရွှင်တော် အဘိုးကြီးများက သီဟာ၏စကားကို ထောက်ခံပြီး မနန်းမူကို ဝိုင်းဝန်း နားချ ကြလေ၏။ သီဟာသည် မိမိ၏ လက်သုံးတော် ရှမ်းဓားမြှောင် လေးကို တိုက်ပွဲဝင်ရန် ခါးကြားထဲသို့ ထိုးပြီး စံပယ်တောင်သို့ တစ်ကိုယ်တည်း ထွက်ခဲ့လေ၏။မနန်းမူကမူ မိန်းမသားပီပီ မျက်ရည် လက်နက်ကိုသာ အဖော်ပြုရင်း ကျန်ရစ်ခဲ့လေ၏။


www.burmeseclassic.com

www.burmeseclassic.com

သိဟာသည် စံပယ်တောင်၏ ဓောလမ်းအတိုင်း စံပယ်တောင် အနောက်ဘက်သို့ ချည်းကပ်သွားလေ၏။ စံပယ်တောင်၏ အနောက်ပိုင်းသည် လွန်စွာ မက်စောက်သဖြင့် တောင်ပေါ်သို့ တက်ရာ လမ်းကြောင်း အဖြစ် မည်သူမျှသုံးလေ့မရှိချေ။

သိဟာသည် စံပယ်တောင်၏ တောလမ်းအတိုင်း စံပယ်တောင် အနောက်ဘက်သို့ ချည်းကပ်သွားလေ၏။ သိဟာသည် ငယ်စဉ် ကလေးဘဝကပင် စံပယ်တောင်၏ အနောက်ဘက်လမ်း၌ ပြေးလွှားဆော့ကစားလေ့ရှိရာ စံပယ်တောင်အနောက်ဘက်၌ လွန်စွာ


www.burmeseclassic.com

www.burmeseclassic.com

ကျဉ်းမြောင်းသော လမ်းငယ်လေး တစ်လမ်းရှိပြီး ထိုလမ်းအတိုင်း ခက်ခက်ခဲခဲ တက်လျှင် စံပယ်တောင် ပေါ်သို့ ရောက်နိုင် ကြောင်း သိထား၏။ စံပယ်တောင်ပေါ်တွင် သဘာဝ လိုဏ်ဂူကြီး ရှိလေရာ မပိုးတိကို လိုဏ်ဂူကြီး အတွင်း ဖမ်းဆီးချုပ်နှောင် ထားမည်ထင်၏။ သီဟသည် စံပယ်တောင်ခြေရှိ စမ်းချောင်းလေး အတိုင်း လျှောက်လှမ်းသွားပြီး လူတစ်ကိုယ်စာမျှ ရှိသော လျှို့ဝှက်လမ်းကို ရှာဖွေလေ၏။ သီဟ ရှာဖွေနေသော လျှို့ဝှက်လမ်းသည် နှစ်များစွာ ကြာမြင့်ပြီ ဖြစ်သဖြင့် ချုံနွယ် ပိတ်ပေါင်းများထူထပ်စွာ ပေါက်ရောက်နေလေ၏။ သီဟသည် လူတစ်ကိုယ်စာ လျှို့ဝှက်လမ်းလေးကို ခက်ခက်ခဲခဲ ရှာဖွေပြီး ထိုလမ်းကလေး အတိုင်း ခြုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းကာ တရွေ့ရွေ့ တက်ခဲ့လေ၏။ သူသည် နှစ်နာရီကျော်မျှ ချွေးတဒီးဒီး ကျအောင် တက်ပြီးနောက် စံပယ်တောင်ပေါ်ရှိ လိုဏ်ဂူ အနောက်သို့ ရောက်လေ၏။ သီဟသည် လိုဏ်ဂူ အရှေ့သို့ မသွားဘဲ လိုဏ်ဂူ၏ အပေါ်ပိုင်းသို့ အနောက်မှ ခက်ခက်ခဲခဲ တက်ခဲ့၏။ လိုဏ်ဂူ အပေါ်သို့ ရောက်သောအခါ အရှေ့ဘက်


www.burmeseclassic.com

www.burmeseclassic.com

မြင်ကွင်းများကို မြင်တွေ့ရပြီး လှိုဏ်ဂူ နှင့် ခပ်လှမ်းလှမ်းတွင် ထိုင်ပြီး အရက်ဝိုင်းဖွဲ့နေသော လူဆိုးအဖွဲ့ကို တွေ့ရ၏။ လူဆိုးအဖွဲ့၏ အင်အားကို ရေတွက်ကြည့်ရာ အရက်ဝိုင်းနှင့် ကင်းစောင့်နေသူပေါင်း ၇ ယောက်ရှိကြောင်းတွေ့ရပြီး သေနတ်ကိုယ်စီ ကိုင်ထားသဖြင့် လက်နက်အင်အား တောင့်တင်းသော အဖွဲ့ဖြစ်ပုံရ၏။ ထိုသူများသည် တော်လှန်ရေး အဖွဲ့မှ လူဆိုးဓားမြ အဖြစ်သို့ ပြောင်းလဲသွားသော အဖွဲ့အစည်း ဖြစ်ပုံရ၏။ သိဟာသည် လှိုဏ်ဂူ၏ အမြင့်ဆုံး အပိုင်းသို့ ပြန်တက်ပြီး မိမိငယ်စဉ်က တူတူပုန်းတန်း ကစားစဉ် တက်ပုန်းခဲ့သော ချောင်ကလေးကို ရအောင်ရှာ၏။ ထိုနေရာသို့ ရှာဖွေနေစဉ် ကျောက်တုံးကြီး တစ်တုံး လှိုဏ်ဂူပေါ်မှ ပြုတ်ကျသွားသဖြင့် အရက်ဝိုင်းဖွဲ့နေသူများ လှိုဏ်ဂူကို လှည့်ကြည့်ပြီး စူးစမ်းကြ၏။ သိဟာသည် အသံ မထွက်အောင် တခဏမျှ ငြိမ်နေလိုက်၏။ပြီးမှ ဆက်ပြီး လှုပ်ရှားပြန်ရာ လှိုဏ်ဂူကြီး အတွင်းသို့ ဝင်သော လူတစ်ကိုယ်စာ အပေါက်ငယ်ကို တွေ့ရပြီး ထိုအပေါက်မှ ခန္ဓာကိုယ်ကို

တစ်ကောင်သွား

www.burmeseclassic.com

www.burmeseclassic.com

တရွေ့ရွေ့ တိုးဝင်လိုက်၏။ သိဟာ၏ တစ်ကိုယ်လုံး ဖုံမှုန့်များ ပေကျံသွားပြီး ဂူထဲသို့ ရောက်သွားလေ၏။ သိဟာသည် ဂူ၏ အပေါ်စီးမှ အောက်သို့ ချောင်းကြည့်လိုက်ရာ ကောက်ရိုးပုံ ပေါ်တွင် မျက်နှာ ညှိုးငယ်စွာဖြင့် ထိုင်နေသော အငြိမ့်မင်းသမီး ရွှေပိုးတိကို တွေ့ရလေ၏။ ရွှေပိုးတိ၏ မလှမ်းမကမ်းတွင် ဂူပေါက်ဝကို ကျောပေးပြီးရပ်နေသော လူဆိုးတစ်ယောက်ကို တွေ့ရ၏။ သိဟာသည် ကျောက်ခဲငယ်လေး တစ်လုံးကို ပစ်ပေါက်ပြီး အချက်ပေးလိုက်ရာ ရွှေပိုးတိသည် လိုဏ်ဂူအပေါ်သို့ မော့ကြည့်ပြီး သိဟာကို မမျှော်လင့်ဘဲ မြင်တွေ့ရသဖြင့် အလွန် အင်အားတက်သွားဟန် ရှိ၏။ သိဟာအတွက်လည်း စိုးရိမ် သွားဟန် ရှိ၏။ ရွှေပိုးတိက သိဟာကို လက်ဟန် ခြေဟန်ဖြင့် သတိထားရန် ပြောလေ၏။


www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် လျှိုက်ဂူပေါက်ကို ကျောပေးစောင့်နေသော လူဆိုးသည် ရွှေပိုးတိ၏ အနီးသို့ လျှောက်လှမ်းလာပြီး ရွှေပိုးတိ၏ ဖွံ့ထွါးသော ရင်နှစ်မြွာကို ကြည့်ရင်း ``လှလိုက်တဲ့ မင်းသမီး၊ ဒီလို မင်းသမီးမျိုးနဲ့ တစ်ခါလောက် အိပ်လိုက်ရရင် ဘယ်လောက် ကောင်းမလဲ`` ဟုဆိုကာ ရွှေပိုးတိ၏ ပခုံးကို ဖက်ပြီး ကောက်ရိုးပုံပေါ်သို့ ဆွဲလှဲရန် ကြံလိုက်၏။ ရွှေပိုးတိသည် အရှက်နှင့် ဒေါသ ပေါင်းကာ ``ခွေးမျိုး..ခွေးကျင့် ခွေးကြံ မကြံနဲ့``ဟု အော်ဟစ် ဆဲဆိုပြီး လူဆိုး၏ ပါးကို ရိုက်လိုက်၏။


www.burmeseclassic.com

www.burmeseclassic.com

သိဟာသည် တကျာရှူးကို လိုက်ပိုက်ကြည့်ရန် မဖြစ်နိုင်တော့သဖြင့် မြေပေါ်သို့ ခုန်ချပြီး တကျာရှူး၏ မျက်နှာကို ဒူးဖြင့် တိုက်လိုက်ရာ လဲကျ မေ့မြော သွားလေ၏။ ရွှေပိုးတိက သိဟာကို အံ့သြဟန်ဖြင့် ကြည့်ပြီး ``ရှင် ဘယ်လို လိုက်ဝှထဲ ရောက်လာတာလဲ``ဟုမေးမြန်းလိုက်ရာ သိဟာက လက်ကာပြပြီး ``ဘာမှ မအံ့သြနဲ့၊ စံပယ်တောင်က ကျုပ်ရဲ့ မွေးရပ်မြေ စံပယ်တောင်မှာ မျက်လုံးမှိတ်ပြီးတောင် သွားလို့ရတယ်၊ မပိုးတိကို ကျုပ်မရရအောင် ကယ်တင်မယ်`` ဟုအားပေးလိုက်ရာ ရွှေပိုးတိက စိုးထိတ်ဟန်ဖြင့် ``ဖြစ်ပါ့မလား၊ သူတို့ မှာလက်နက် တွေနဲ့``ဟုပြောလေရာ သိဟာက ရယ်မောလိုက်ပြီး ``ကျုပ်က ဓသေနတ်ပီးတယ် ၊ကြောက်စရာ မလိုဘူး``ဟုဆိုလိုက်ရာ ရွှေပိုးတိက စိုးရိမ်ဟန်ဖြင့် နောက်မနေနဲ့ကွယ်``ဟုပြောလေ၏။ သိဟာက သက်ပြင်းချပြီး ``သူတို့ဟာ တော်ဝန်ရဲ့ လူဆိုးဓားပြတွေ မဟုတ်ဘူး၊ တော်လှန်ရေးအဖွဲ့ကနေ ဓားပြ ဖြစ်လာပုံရတယ်၊ ကျုပ်တို့ စံပယ်တောင်ကို အရုပ်ဆိုးအောင် လုပ်တဲ့ လူတွေ ဒီလူတွေကို


www.burmeseclassic.com

www.burmeseclassic.com

ပုလိပ်လက် အပ်မှ ဖြစ်မယ် ၊ဒါ ကျုပ်အတွက် သမိုင်းပေး

တာဝန်ပဲ`` ဟုပြောလိုက်လေ၏။ထိုအခိုက်မှာပင်

အရက်ဝိုင်းဖွဲ့နေသော ဓားပြ တစ်ဦးက ဂူဘက်သို့

လှည့်ကြည့်ပြီး ``ဟင်..ဗွေးဦး ဂူပေါက်ဝ မှာမရှိတော့ဘူး၊

ဒီကောင် မင်းသမီးကို သွားကြံနေပြီ ဒီလို တစ်ယောက်တည်း

စားလို့ ဘယ်ရမလဲကွာ``ဟုဆိုကာ ဂူဘက်သို့ လျှောက်လှမ်း

လာလေ၏။ ထိုမြင်ကွင်းကို ကြည့်ပြီး သိဟက ရွှေပိုးတီကို ပခုံးကို

ကိုင်ပြီး`` ကောက်ရိုးပုံပေါ်မှာ ပြန်လှဲလိုက်`` ဟုစေခိုင်းလိုက်ရာ

ရွှေပိုးတီက သိဟ ခိုင်းသည့်အတိုင်း လှဲလိုက်လေ၏။ ထိုနောက်

တဏှာရူး အား ကောက်ရိုးပုံအနီးတွင် လဲလျောင်းနေဟန် ဖန်တီး

လိုက်ပြီး သူကိုယ်တိုင် ဂူ အနောက်ဘက် အမှောင်ထဲတွင်

ပုန်းအောင်းနေ၏။ ထိုအခိုက်မှာပင် ဂူပေါက်ဝသို့ လူဆိုး ရောက်ရှိ

လာပြီး ရွှေပိုးတီနှင့် ကောက်ရိုးပုံ ပေါ်တွင် အိပ်ပျော်နေဟန်

ရှိသော တဏှာရူး ဗွေးဦးကို မြင်သောအခါ

``ဟိုက်..လက်စသတ်တော့ ဗွေးဦး ,,မင်းက ဒီမှာ အောင်သေ

အောင်သား လာစား နေတာကိုး၊ ငါတို့ကိုတော့ ထားခဲ့တယ်၊ ဒီကောင်

တစ်ကောင်သွား

www.burmeseclassic.com

ဘယ်ရမလဲ ကိုယ့်လူရယ်..ခင်ရီ ကွ..တစ်ရီ ထဲရှိတယ်``

ဟုဆိုကာ ရွှေပိုးတိ၏ အနီးသို့ ကပ်လာလေ၏။ သီဟာက

အမှောင်ထဲက ထွက်ပြီး ခင်ရီဆိုသော လူဆိုးအား မေ့မြော‌အောင်

တိုက်ခိုက် လိုက်ပြန်၏။ ခင်ရီ မေ့မြော သွားသောအခါ သီဟာက

ရယ်မောပြီး``ဒီအကြံ မဆိုးဘူး၊ ဒီနည်းကို ဆက်သုံးရမယ်``

ဟုဆိုကာ ရွှေပိုးတိ အနီးတွင် ခင်ရီနှင့် ငွေးဦးကို ဆက်ပြီး

ထားလေရာ ရွှေပိုးတိက မကျေနပ်ဟန်ဖြင့် ``ရှင်လုပ်တာနဲ့

လူဆိုးတွေကြားမှာ ကျွန်မ သိက္ခာ ရစရာ မရှိတော့ဘူး``

ဟုပြေလေ၏။ သီဟာက ရယ်မောပြီး``တကယ်မှ မဟုတ်တာ

မပိုးတိရယ်..ခဏလောက်သည်းခံပါ``ဟုပြောလေ၏။


www.burmeseclassic.com

www.burmeseclassic.com

ခဏကြာသောအခါ ဓားပြနှစ်ယောက် ဂူပေါက်ဝသို့ ရောက်လာပြန်ရာ သိဟက ရှေးနည်းအတိုင်း ဓားပြနှစ်ယောက်ကို အသံတိတ် တိုက်ခိုက်ပြီး ကောက်ရိုးပုံ အနီးတွင် လှဲအိပ်စေလိုက်ရာ ရွှေပိုးတီက ``ရှင်..ဘယ်လိုလုပ်တာလဲ၊ လေးယောက်တောင် ရှိနေပြီ``ဟုညည်းညူလေ၏။ သိဟက ရယ်မောပြီး ``တကယ်မှ မဟုတ်တာ မပိုးတီရယ့်.သည်းခံပါဗျာ`` ဟုပြောလေ၏။ ထိုအခိုက်မှာပင် ဓားပြတစ်ဦးသည် အရက်ပုလင်းဆွဲပြီး ဒယိုးဒယိုင်ဖြင့် ဂူပေါက်ဝသို့ ရောက်လာလေ၏။ သိဟသည် ရှောင်တိမ်းရန် အချိန် မမီတော့သဖြင့်


www.burmeseclassic.com

www.burmeseclassic.com

ကျောခိုင်းပြီး လှူဆိုးများ အနီးတွင် ဆက်နေလိုက်၏။ ထိုသူသည် ရွှေပိုးတိနှင့် လှူဆိုး တစ်သိုက်၏ မြင်ကွင်းကို နားမလည်ဟန်ဖြင့် ကြည့်ပြီး ``ဟိုက်..ဘယ်လိုဖြစ်တာလဲ``ဟု ရေရွတ်ရင်း လျှောက်လှမ်း လာလေ၏။ အနီးသို့ ရောက်သောအခါ ကျောခိုင်း ထိုင်နေသော သီဟာ၏ ပခုံးပေါ်သို့ လက်တင်ပြီး``ဒီကောင်တွေ ဘယ်လိုဖြစ်ပြီး လဲနေကြတာလဲ``ဟုမေးမြန်းလိုက်၏။ သီဟာက ထိုင်နေရာမှ ထပြီး လှူဆိုး၏ ဖေါင်ကြားကို ဒူးဖြင့်တိုက်လိုက်ရာ လှူဆိုး လဲကျသွားပြန်၏။ သီဟာက ကြောင်အမ်းအမ်း ကြည့်နေသော ရွှေပိုးတိအား လက်ငါးချောင်း ထောင်ပြပြီး ``ငါးယောက် ရှိသွားပြီ`` ဟုပြောလိုက်ပြန်၏။ ထိုသို့ဖြင့် သီဟာသည် နောက်ဆုံးကျန်နေသော သုံးယောက်ကို ဆွဲဆောင်ရန် ရွှေပိုးတိကို အသံကုန်အော်ဟစ် ခိုင်းလိုက်၏။ သူမ၏ အော်သံ ကြောင့် အရက်ပိုင်းဖွဲ့နေသော လှသုံးယောက်သည် အထိတ်တလန့် ထထိုင်လိုက်ပြီး ``ဇိမ်ပျက်လိုက်တာကွာ၊ တဏှာရူးတွေကြောင့် ခက်ပါတယ်`` ဟုဆိုပြီး အရက်ပုလင်း ကိုယ်စီဆွဲပြီး လှိုဏ်ဂူထဲသို့


www.burmeseclassic.com

www.burmeseclassic.com

ဝင်ရောက်လာ၏။ လူဆိုးသုံးယောက်သည် လှိုဏ်ဂူထဲရှိ မြင်ကွင်းကို မျက်လုံးပြူး မျက်ဆန်ပြူး ကြည့်နေစဉ် သိဟာ၏ တိုက်ခိုက်မှုကို အလူးအလဲ ခံလိုက်ရ၏။ ထိုနောက်တွင်မှ သိဟာက လူဆိုးများ၏ လက်နက်များကို သိမ်းဆည်းလိုက်ပြီး ကြိုးဖြင့် ခိုင်မာစွာ တုတ်နှောင်လိုက်၏။ ပြီးနောက် ရွှေပိုးတိကို ခေါ်ကာ စံပယ်တောင်မှ ဆင်းခဲ့လေ၏။ ရွှေပိုးတိသည် စံပယ်တောင်ရှိ လှိုဏ်ဂူထဲတွင် ကြိုးများ တုတ်နှောင်ပြီး ကျန်ရစ်ခဲ့သော လူဆိုးများကို မယုံနိုင်ဟန်ဖြင့် ကြည့်ပြီးတော့ ``ပိုးတိ..လူယုတ်မာတွေ လက်မှာ ဘဝဆုံး တော့မယ်လို့ ထင်ထားတာ၊ ရှင့် ကျေးဇူးကြောင့် ပြန်လွတ်လာ ရတယ်၊ ကျေးဇူးကို တစ်သက် မမေ့ပါဘူးကွယ်`` ဟုပြောလိုက်လေ၏။ သိဟာတို့သည် မြို့ပေါ်သို့ ပြန်ရောက်သောအခါ စံပယ်တောင်ပေါ်တွင် လူဆိုးတစ်စုကို ကြိုးဖြင့် တုတ်နှောင် ဖမ်းဆီး ထားကြောင်း စာတစ်စောင် ရေးပြီး ကလေး တစ်ယောက်ကို မုန့်ဖိုးပေး စေခိုင်းကာ ပုလိပ်ဌာနသို့ ပို့ခိုင်းလိုက်လေ၏။ သိဟာသည် ရွှေပိုးတိကို ဘေးမသီရန်မခဘဲ

တစ်စောင်ဘွား


www.burmeseclassic.com

www.burmeseclassic.com

အငြိမ့်ပွဲ ရှိရာသို့ ခေါ်ဆောင်လာသဖြင့် အငြိမ့်အဖွဲ့ရှိ လူများ အားလုံး ဝိုင်းဝန်းချီးမွမ်းပြီး တစ်ယောက်တစ်ပေါက် ဆေးမြှောက်ကြလေ၏။ အကြောင်းစုံ သိရသောအခါ သီဟ၏ရဲရွှမ်းသတ္တိကို ဝိုင်းဝန်း ချီးမွမ်း ကြလေ၏။ သီဟကမူ ၎င်းတို့၏ စကားကို နားထဲမဝင်ဘဲ မိမိ၏ သမိုင်းပေး တာဝန်များကိုသာ တွေးတောနေမိ၏။ စံပယ်တောင်သို့ မမျှော်လင့်ဘဲ ပြန်ရောက်ပြီး ခင်နှင့် ပျိုးချစ်များ ကျဆုံးမှုကို မနေ့တစ်နေ့က ကဲ့သို့ ခံစားရ၏။


www.burmeseclassic.com

www.burmeseclassic.com

၆

ရွှေပိုးတိ အငြိမ့်သည် ရာသီချိန်ကုန်ဆုံးသောအခါ အငြိမ့်ထောင် အိမ်သို့ ပြန်လာပြီး ရပ်နားထားလေ၏။ ထိုအချိန်တွင် အငြိမ့် အဖွဲ့သားများ အားလပ်နေသဖြင့် ဇာတိရပ်မြေသို့ ပြန်လာခဲ့ လေ၏။ သီဟာသည် ရွှေပိုးတိ တို့ ညီအစ်မကို နှုတ်ဆက်ပြီး ထွက်ခွါရန် ပြင်သောအခါ ရွှေပိုးတိက ``ရှင် ကျွန်မညီမကို ထားပြီး သွားတော့ မှာလား``ဟုဆိုလိုက်ရာ သီဟာသည် ကြောင်အမ်းအမ်းကြည့်ပြီး မနန်းမှု၏ မျက်နှာကို ကြည့်လိုက် လေ၏။ မနန်းမှုက ရှက်ကိုးရှက်ကန်း အမူအယာဖြင့်

တစ်ကောင်သွား

www.burmeseclassic.com

www.burmeseclassic.com

အစ်မဖြစ်သူကို လှမ်းဟန့်လေ၏။ သီဟာက ရယ်မောပြီး

``မထားခဲ့ပါဘူး၊ ကျုပ်ပြန်လာခဲ့မှာပါ၊ လောလောဆယ်၊ ကျုပ်ရဲ့ ရန်သူတော်ကြီးကို ရှာဖွေရဦးမယ်`` ဟုပြောလေရာ ရွှေပိုးတိက သက်ပြင်းချပြီး``ရှင်နဲ့ ကျွန်မတို့ ညီအစ်မ ခင်မင်နေတာ ကြာပြီ၊ ရှင့်ရဲ့ ရန်သူတော်ကြီး အကြောင်းကို ကျွန်မတို့ကို ပြောပြပါ`` ဟုတောင်းဆိုလေ၏။ သီဟာက သက်ပြင်းချလိုက်ပြီး`` ဒီအကြောင်းတွေကို ပြန်တွေးမိရင် ကျုပ်ရင်ထဲမှာ နာနေတယ်ဗျ၊ ဒါပေမဲ့ ပြောပြပါ့မယ်``ဟုဆိုရင်း မိဘနစ်ပါးနှင့် မျိုးချစ်များအား စံပယ်တောင်တွင် ဂန်ထောက်သန်းရွှေ ခေါင်းဆောင်သော စစ်ပုလိပ်များ ဝိုင်းဝန်း ခြေမှုန်းခဲ့ပုံကို ရှင်းလင်းပြလေ၏။သီဟာ၏ စကားကို ဆုံးအောင် နားထောင်ပြီး ရွှေပိုးတိက သက်ပြင်းချလိုက်ပြီး``ကျွန်မတို့ အကူအညီ လိုရင်လဲ ပြောပါ`` ဟုပြောလေ၏။ သီဟာက သက်ပြင်းချပြီး``လိုအပ်ရင်တော့ ပြောပါ့မယ်ဗျာ၊ လောလောဆယ်တော့ ကျုပ်ကိုယ်တိုင် ရန်သူ တော်ကြီးကို ဘယ်လို လက်စားချေရမှန်း မသိသေးဘူး၊ အခက်တွေ့နေတယ်``ဟုပြောလေရာ ရွှေပိုးတိက ``ကျွန်မ

တစ်ကြောင်းဘွား


www.burmeseclassic.com

www.burmeseclassic.com

အဖေ ကိုယ်တိုင်လဲ နယ်ချဲ့လက်ချက်နဲ့ ကျဆုံးရတာပါ၊ ကိုသိဟ လိုအပ်တဲ့ အကူအညီကို ကျွန်မကိုတောင်းပါ``ဟုပြောလေ၏။

သိဟက ခေါင်းညိတ်ပြီး လိုက်ပြီး``လောလောဆယ်၊ မလိုအပ်သေးပါဘူး၊ လိုအပ်ရင် ပြောပါမယ်၊ ကျုပ်ရဲ့ ရန်သူတော်ကြီးကို ရှာဖွေ ရဦးမယ်``ဟုပြောပြီ ရွှေပိုးတိ တို့ညီအစ်မကိုနှုတ်ဆက်ပြီး ထွက်ခွါခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

သိဟာသည် ရန်ကုန်မြို့သို့ သိုသိုသိပ်သိပ် ပြန်သွားပြီး ဂန်ထောက်သန်းရွှေ အကြောင်းကို မသိမသာ စုံစမ်းလေ၏။ သူသည် ခြောက်လ နီးပါး ရန်ကုန်မြို့မှ ပျောက်ကွယ်နေသဖြင့် ဂန်ထောက် သန်းရွှေနှင့် စီအိုင်ဒီ စုံထောက်များ မေ့မေ့လျော့လျော့ ဖြစ်နေမည်ထင်၏။ ဂန်ထောက်သန်းရွှေ၏ သတင်းကို စုံစမ်းကြည့်ရာ ဂန်ထောက်သန်းရွှေသည် ရာထူးတက်ပြီး ဘုရင်ခံအိမ်တော် လုံခြုံရေး တာဝန်ကို ထမ်းဆောင်ရသဖြင့် ဘုရင်ခံ၏ အိမ်တော်ဝန်း အတွင်းသို့


www.burmeseclassic.com

www.burmeseclassic.com

ပြောင်းရွှေ့နေထိုင်ကြောင်း သိရလေ၏။ ဂန်ထောက်သန်းရွှေ ဘုရင်ခံ အိမ်တော်ဂန်း အတွင်း ပြောင်းရွှေ့နေထိုင်သဖြင့် မိမိအတွက် လက်စားချေရန် ခဲယဉ်းသွားလေ၏။

မည်သို့ပင်ဖြစ်စေ မိဘနှစ်ပါးနှင့် မျိုးချစ်များ၏ ကိုယ်စား နယ်ချဲ့ အလိုတော်ရိ သန်းရွှေကို မရရသည့်နည်းဖြင့် လက်စတုံး စီရင်ရန် ဆုံးဖြတ်ထားလေ၏။ သီဟသည် ဦးစွာ ပထမ ဘုရင်ခံ အိမ်တော်အနောက်ဘက် အပေါက်ရှိ လူဝင်လူထွက်များသော တံခါးပေါက်သို့ မသိမသာ သွားရောက် အကဲခတ်လေ၏။ထို ဝင်ပေါက်မှ အိမ်တော်၏ အောက်ခြေ ဂန်ထမ်းအများစု ဝင်ထွက်သွားလာကြ၏။ထိုအခါ အလုံဘက်တွင် နေထိုင်သော ဖိုးသမားတစ်ဦးကို သတိပြုမိလေ၏။ သီဟသည်ဖိုးသမားကို ချည်းကပ်ပြီး အိမ်တော်သို့ ဝင်ရောက်မည့် နည်းလမ်းကို ရှာကြံမည်ဟု စဉ်းစားမိ၏။ သီဟသည် ဖိုးသမား သွားလေ့ ရှိသော အလုံဘက်ရှိ အရက်ဆိုင်သို့ သွားပြီး ဖိုးသမားနှင့် ခင်မင်ခွင့် ရရန်ကြိုးပမ်းလေ၏။ ဖိုးသမားနှင့် ခင်မင်ပြီးနောက် ထိုသူ၏ အမည်မှာ သောင်းတင်ဟုသိရပြီး ဘုရင်ခံ ချုပ်၏


www.burmeseclassic.com

www.burmeseclassic.com

ဂန်ထမ်း တစ်ယောက်ဖြစ်ကြောင်း သိရ၏။ သီဟသည် သောင်းတင်ကို မကြာခဏ အရက်တိုက်ပြီး ခင်မင် ရင်းနှီးအောင် ပေါင်းသင်းထားလေ၏။ သောင်းတင်နှင့် တွေ့တိုင်း ဘုရင်ခံ အိမ်တော်၏ အကြောင်းများကို ရသလောက်မေးမြန်းလေ၏။ တစ်နေ့တွင် သောင်းတင်က ဘုရင်ခံ ဥယျာဉ်အတွက် ဂန်ထမ်း အသစ် လိုအပ်ကြောင်း ပြောလေရာ သီဟအတွက် ရေကန် အသင့် ကြာအသင့် ဖြစ်သွားပြီး ဥယျာဉ်ဂန်ထမ်းအဖြစ် ဝင်ရောက် လုပ်ကိုင် လေ၏။ သီဟသည် ဘုရင်ခံ ဥယျာဉ်၏ ဂန်ထမ်းဖြစ် သွားသောအခါ ဘုရင်ခံ အိမ်တော်၏ အနောက်ဘက် အဲပေါက်မှ နေ့စဉ် ဝင်ရလေ၏။ ဘုရင်ခံ အိမ်တော်သို့ ဝင်ခွင့် လက်မှတ် တစ်စောင်ကိုလည်း ရရှိလေ၏။


www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့်သိပ်ဟာသည် ဘုရင်ခံ၏ အိမ်တော်ဂန်းအတွင်းလျှို့ဝှက်စွာ လုပ်ကိုင်ရင်း ဂန်ထောက်သန်းရွှေ၏ နေမှုထိုင်မှု ဘဝကို တစေ့တစောင်း အကဲခတ်နေလေ၏။ ဂန်ထောက်သန်းရွှေကဲ့သို့ အိမ်တော်ဆိုင်ရာ အရာရှိကြီး သုံးယောက်၏ တိုက်များသည် အိမ်တော်အနောက်တွင် ရှိလေ၏။ သိပ်ဟာသည် မိမိကိုယ်မိမိ သိုသိပ်စွာ နေထိုင်ပြီး ဂန်ထောက်သန်းရွှေနှင့် မျက်နှာချင်းဆိုင်ရန် မကြိုးစားခဲ့ချေ။ ဘုရင်ခံ၏ အိမ်တော်ဂန်း အတွင်း၌လည်း ဂန်ထောက်သန်းရွှေကို လုပ်ကြံရန်

တစ်ကောင်ဘွား


www.burmeseclassic.com

www.burmeseclassic.com


အခွင့်မသာလှချေ။ အိမ်တော်၌ အစောင့်အကြပ် ထူပြောလှ၏။ ဂန်ထောက်သန်းရွှေကို လုပ်ကြံပြီးလျှင် အိမ်တော်မှ အလွယ်တကူ ထွက်ပြေး လွတ်မြောက်ရန် မဖြစ်နိုင်ကြောင်း သိရ၏။ ဂန်ထောက်သန်းရွှေ ထံသို့ အင်စပက်တော်လှမိုး မကြာခဏ လာရောက်တွေ့ဆုံကြောင်းတွေ့ရ၏။ တစ်နေ့တွင် ဂန်ထောက် သန်းရွှေနှင့် အင်စပက်တော်လှမိုးတို့ ဥယျာဉ်အတွင်းရှိ ခုံတန်းလျားတွင် တွေ့ဆုံ စကားပြောလေ၏။ သိဟသည် ၎င်းတို့နှစ်ဦး၏ အနီးသို့ အမှိုက်လှဲဟန်ဖြင့် မယောင်မလည် ကပ်ပြီး နားထောင်လေရာ အင်စပက်တော်လှမိုးက

``သတိထားပါ ဂန်ထောက်မင်း.. တစ်ကောင်ဘွား ပျောက်တာ ကြာပြီ ၊ အချိန်မရွေး သူပြန်ပေါ်လာနိုင်တယ်``ဟုဆိုလိုက်ရာ ဂန်ထောက်သန်းရွှေက ``ဒီလောက်လဲ ပူမနေပါနဲ့ အင်စပက်တော်ရာ၊ ဒီကောင် ကျုပ် အနားကို ကပ်လို့ မရလို့ လက်လျော့ သွားပါပြီ၊ ဘုရင်ခံ အိမ်တော်ဂန်းဗျူ၊ လုံခြုံရေးကို ခင်ဗျား မြင်တဲ့အတိုင်းပဲ၊ ဒီနေရာကို အတောင်ပေါက်မှပဲ လာလို့ရမယ်၊ အင်စပက်တော် အစိုးရိမ် လွန်နေပြီ``ဟုဆိုလေ၏။

www.burmeseclassic.com

အင်စပက်တော်လှမိုးက သက်ပြင်း ချပြီး``ဘာပဲဖြစ်ဖြစ် ဒါဘာပွဲ ကျရင်တော့ ဂန်ထောက်မင်းကို ကျုပ်အနိုးကပ် စောင့်ရှောက်မှ ဖြစ်မယ်``ဟုပြောလေ၏။ ဂန်ထောက်သန်းရွှေက ရယ်မောပြီး ``အခုလို ကျုပ်ကို ဂရုစိုက်တာ ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမဲ့ အင်စပက်တော်က ကျုပ်အသက်ကို ကျုပ်ထက်တောင် အစိုးရိမ် လွန်နေသလိုပဲ``ဟုပြောလေရာ အင်စပက်တော်လှမိုးက မည်သည့် စကားမျှ မဆိုဘဲ ငြိမ်သက် သွားလေ၏။ သိဟသည် သူတို့ နှစ်ဦး အနိုးမှ အမိုက်ကြုံးဟန်ဖြင့် မယောင်မလည် ထွက်ခဲ့ လေ၏။ အင်စပက်တော်လှမိုးသည် သိဟ၏ နောက်ကျောကို ကြည့်ပြီး`` ဘုရင်ခံ အိမ်တော်ကို ဒီလို အောက်ခြေသိမ်း အလုပ်သမားမျိုး အနေနဲ့ တစ်ကောင်ဘွါး ဝင်ရောက် လာ နိုင်တာပဲ`` ဟုတွေးလိုက်သော်လည်း သူ၏ အတွေးကို ဂန်ထောက်သန်းရွှေကို မပြောရန် ဆုံးဖြတ်လိုက်၏။


www.burmeseclassic.com

www.burmeseclassic.com

သိဟာသည် ဘုရင်ခံ အိမ်တော်၌ မကြာမီ ဒါဘာပွဲကြီး ကျင်းပမည် ဖြစ်ကြောင်း သိရလေ၏။ အဆိုပါ ဒါဘာပွဲကျင်းပမည့် အချိန်၌ ဘုရင်ခံ၏ အိမ်တော်အတွင်းသို့ လူဝင်လူထွက် အလွန် များပြားပြီး ဖိတ်ကြားထားသည့် ဧည့်သည်များ၊ ဒါဘာပွဲတွင် ဆုယူမည့် သူများ၊ ဖြေဖျော်ပွဲတွင်ပါဝင်မည့် သူများ စသည်ဖြင့် ဘုရင်ခံ၏ အိမ်တော် အတွင်းသို့ လူစုံ ဝင်ရောက်သော အချိန်ဖြစ်လေ၏။ သိဟာသည် ဒါဘာပွဲ ကျင်းပသည့် အချိန်တွင် အခွင့်အရေး သာပါက ဂန်ထောက်သန်းရွှေကို လုပ်ကြံရန် ဆုံးဖြတ်လိုက်၏။


www.burmeseclassic.com

www.burmeseclassic.com

ထိုကြောင့် အခွင့်သာမည့် အချိန်ကို နီးနီးကြားကြားဖြင့် စောင့်မျှော်နေလေ၏။ ထိုရက်ပိုင်းအတွင်း သိဟသည် ဖိုးသမားသောင်းတင်ထံမှ သတင်း တစ်ခုကို ရလေ၏။ ထိုသတင်းအရ ဘုရင်ခံ၏ ဒါဘာပွဲတွင် နံမည်ကျော် ရွှေပိုးတိ အငြိမ့်အဖွဲ့ကို ငှါးရမ်းထားသည် ဆိုသော သတင်းပင် ဖြစ်၏။ သိဟသည် ထိုသတင်း သေချာစေရန် ရွှေပိုးတိထံသို့ သွားရောက်မေးမြန်းရန် ဆုံးဖြတ်လိုက်၏။

ရွှေပိုးတိ ထံသို့ သိဟ ရောက်သောအခါ ရွှေပိုးတိက အိမ်ရှေ့ဂရန်တာတွင် လက်ဖက်၊ရေနွေးကြမ်း စသည်တို့ဖြင့် ဧည့်ခံပြီး ``မတွေ့တာကြာပြီ..ရှင် ဘာလုပ်နေလဲ`` ဟုမေးမြန်းလေ၏။ သိဟက သူမ၏ အမေးကို မဖြေဘဲ ဒါဘာပွဲတွင် ရွှေပိုးတိ အငြိမ့်ကပြမည့် အကြောင်းကို မေးမြန်းလေရာ ရွှေပိုးတိက ဟုတ်မှန်ကြောင်း ပြောလေ၏။ ရွှေပိုးတိက သိဟ၏ မျက်နှာကို စူးစမ်းဟန်ဖြင့် ကြည့်ပြီး ``ရှင် ဘာသဘောနဲ့ ဒီအကြောင်း လာမေးတာလဲ`` ဟုမေးမြန်းလေ၏။ မနန်းမူကလည်း ``ပြောပါဦး..ရှင့်မှာ


www.burmeseclassic.com

www.burmeseclassic.com

ဘာအကြံ ရှိသလဲ၊ ဒါဘာပွဲကို ရှင့်ရန်သူတော်ကြီး လာမှာမို့လား`` ဟုမေးမြန်းလေ၏။ သီဟာသည် ညီအစ်မ နှစ်ယောက်၏ အမေးကို မဖြေသေးဘဲ တခဏ မျှ စဉ်းစားပြီး အကြံထုတ်နေလေ၏။ ညီအစ်မနှစ်ယောက်သည် သီဟာ၏ အဖြေကို စိတ်ရှည်လက်ရှည် စောင့်၍ နေလေ၏။

အတန်ကြာသောအခါ သီဟာ၏ ခေါင်းထဲသို့ အကြံတစ်ခု ဝင်လာပြီး လက်ဖျစ်တီးကာ``ဟုတ်ပြီ၊ အကြံရပြီ၊ ခင်ဗျားတို့ ညီအစ်မ ကျုပ်ကို ကူညီဖို့ အခွင့်အရေး ကြုံပြီ`` ဟုဆိုလိုက်ရာ ရွှေပိုးတိက စိတ်အားထက်သန်စွာဖြင့် ``ဘယ်လို ကူညီရမလဲ`` ဟုမေးမြန်းလေ၏။ သီဟာက သက်ပြင်းချပြီး ``ကူညီပေမဲ့ ကျုပ်ကိစ္စက ခင်ဗျားတို့ညီအစ်မနဲ့ မသက်ဆိုင် စေရဘူး`` ဟုပြောလေ၏။ မနန်းမူက ခေါင်းညိတ်ပြီး``ပြောပါ ရှင့်အတွက်ဆိုရင် ကျွန်မတို့ အစွမ်းကုန် ကူညီပါ့မယ်`` ဟုပြောလေ၏။ သီဟာက သူ၏ အစီအစဉ်များကို ညီအစ်မ နှစ်ယောက်အား စိတ်ရှည်လက်ရှည် ရှင်းလင်း ပြလိုက်၏။ သီဟာ၏ စကား ဆုံးသောအခါ ရွှေပိုးတိက ``ရှင်တောင်းတဲ့ အကူအညီက

www.burmeseclassic.com

အဆန်းပဲ၊ ရပါတယ်၊ ဒီအတွက် ကျွန်မ ကိုယ်တိုင် ကကွက်ဆန်း တစ်ခုကို ထွင်မှ ဖြစ်မယ်``ဟုပြောလေ၏။ သို့ဟာက ခေါင်းညိတ်ပြီး ``ဒီအချိန်ကစပြီး ခင်ဗျားတို့ ညီအစ်မနဲ့ ကျူပ် ဝေးဝေးမှာ နေမှဖြစ်မယ်၊ ကျူပ်ကြောင့် ရွှေပိုးတိ တို့ကို မနစ်နာစေချင်ဘူး``ဟုပြောလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com

သီဟာသည် ဒါဘာပွဲနေ့ မတိုင်မီ အလွန် စိတ်ဇောနေလေ၏။ ဒါဘာပွဲ၌ သူ၏ ရန်သူတော်ကြီးကို မဖြစ်ဖြစ်အောင် လုပ်ကြံမည်ဟု ဆုံးဖြတ်ထားလေ၏။ ရွှေပိုးတီတို့ ညီအစ်မ မိမိကို ကူညီမည် ဆိုသဖြင့် မိမိအကြံအစည် အောင်မြင်ပါက ရန်သူတော်ကြီးကို ဖခင်နှင့် မျိုးချစ်များ၏ ကိုယ်စားငရဲ ပြည်သို့ ပို့ဆောင်နိုင်မည် ထင်၏။ ဒါဘာပွဲ မတိုင်မီ သီဟာတို့ အလုပ်သမားများသည် အလွန် ပင်ပန်းပြီး အထက်လူကြီးများ၏ ဆူပူကြိမ်းမောင်းမှု အမျိုးမျိုးကို ခံရလေ၏။ ဒါဘာပွဲ နီးလာသဖြင့်


www.burmeseclassic.com

www.burmeseclassic.com

ပန်းဥယျာဉ်ကို လှသည်ထက် လှအောင် မွမ်းမံရ၏။ သစ်ပင်များတွင် မီးလုံးတွဲများဆင်ခြင်း ၊ဧည့်သည်တော်များ လာရောက်သည့်အခါ နားခိုရန် ထိုင်ခုံများ နေရာချထားခြင်း၊ အကျွေးအမွေး ကိစ္စများအတွက် ပြင်ဆင်ခြင်း စသည့် အလုပ်များနှင့် အလုပ်ရှုပ်နေလေ၏။သိဟာသည် ဒါဘာပွဲနေ့သို့ ရောက်သောအခါ နံနက်စောစောထပြီး မိဘ နှစ်ပါး၏ ခြေတော်ကို ရှိခိုး ကန်တော့လိုက်၏။ ပြီးနောက် အဖေတို့ကိုယ်စား နယ်ချဲ့ သစ္စာဖောက်ကို မရရအောင် ရှင်းလင်းမည်ဟု ဂန္ဓိ ကတိ ပြုလိုက်၏။ပြီးနောက် သူ၏ လက်စွဲတော် မှုတ်ပြောင်းလက်နက် နှင့် ရှမ်းဓားမြှောင်ကို တိုက်ပွဲဝင်ရန် အသင့်ပြင်ထားလေ၏။


www.burmeseclassic.com

www.burmeseclassic.com

အင်စပက်တော်လှမိုးသည် ဒါဘာပွဲနေ့၌ ရန်သူ၏ လှုပ်ရှားမှု ပြန်လည် စတင်နိုင်သဖြင့် ဘုရင်ခံ၏ အိမ်တော်သို့ နံနက်စောစော ရောက်အောင်လာပြီး ဝန်ထောက်သန်းရွှေကို အသင့်စောင့် နေလေ၏။ ပြီးနောက် တစ်နေကုန် ဝန်ထောက်သန်းရွှေ၏ အနီး၌သာ နေထိုင်ပြီး အန္တရယ်ကို အစွမ်းကုန် ဂရုစိုက်လေ၏။ ဝန်ထောက် သန်းရွှေ မှာမူအန္တရယ်ကို ပေါ့ပေါ့တန်တန် သဘောထားကာနေထိုင် သွားလာနေလေ၏။

အင်စပက်တော်လှမိုးသာ တာဝန်အရ ဝန်ထောက်သန်းရွှေကို အရိပ်တကြည့်ကြည့် ကြည့်နေရ၏။ ဤသို့ဖြင့် ဒါဘာပွဲ


www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်စွာ ပြီးဆုံးသွားသဖြင့် ညဦးပိုင်း ရွှေပိုးတိ အငြိမ့် ဖြေဖျော်မည့် အချိန်သို့ ရောက်ရှိလာလေ၏။

ဂန့်ထောက်သန်းရွှေက အင်စပက်တော်လှမိုး အစိုးရိမ်ကြီးပုံကို လှောင်ပြောင်ဟန်ဖြင့် ရယ်မောလိုက်ပြီး ``ညလဲရောက်နေပြီ၊ ပြန်ပါတော့ အင်စပက်တော်မင်းရယ်..ခင်ဗျားကောင် တစ်ကောင်ဘွါး ဘုရင်ခံ ဒါဘာပွဲကို မလာရဲပါဘူး၊သူ့ သေတွင်းကို သူသိပါတယ်`` ဟုဆိုလိုက်ရာ အင်စပက်တော်လှမိုးက သက်ပြင်းချပြီး ``ပို့မဲ့ပို့ ကုတို့ ရောက်အောင် ပို့ပါမယ်၊ အငြိမ့် ပြီးမှ ပြန်တော့မယ်၊ရွှေပိုးတိ ဆိုတာ အခုနောက်ပိုင်း တော်တော်နံမည် ထွက်လာတယ်၊ တစ်ခါမှ မကြည့်ဖူးသေးဘူး``ဟုပြောလေ၏။

ဂန့်ထောက်သန်းရွှေသည် အင်စပက်တော်လှမိုးကို တားဆီးလို့ ရဟန်မတူသဖြင့် အငြိမ့်ပွဲကြည့်ရန် ရှေ့ဆုံးတန်းရှိ ဗီအိုင်ပီ ထိုင်ခုံသို့ ထွက်ခဲ့လေ၏။ ဘုရင်ခံကြီးမှာ အငြိမ့်ပွဲ မကြည့်နိုင် တော့ဘဲ ပင်ပန်းပြီး အနားယူနေလေ၏။ မကြာမီ ရွှေပိုးတိ အငြိမ့်ပွဲ စတင်ကပြလေရာ ရွှေပိုးတိသည် အလွန်ချောမောသူပြီး အကကောင်း အဆိုကောင်း ဖြစ်သဖြင့် နံမည်ကြီးလည်း


www.burmeseclassic.com

www.burmeseclassic.com

ကြီးထိုက်ပါပေသည်ဟု သူတို့ နှစ်ယောက်စလုံး မှတ်ချက် ချမိလေ၏။ အုဝ်စပက်တော်လှမိုးသည် အငြိမ်ပွဲ ကြည့်နေသော်လည်း သူ၏ တာဝန်အရ ပတ်ဝန်းကျင်ကို သတိကပ်ပြီး မျက်ခြေမပြတ် နေထိုင်လေ၏။

အတန်ကြာသောအခါ ရွှေပိုးတိ အငြိမ့်အဖွဲ့၏ အထူးအစီအစဉ် အနေနှင့် ရွှေပိုးတိကိုယ်တိုင် တီထွင်ထားသော ပုလွေရှင် အကနှင့် ဖြေဖျော်မည်ဟုကြေငြာလေ၏။ ကပြမည့်သူကို ကြေငြာခြင်း မရှိချေ။ခဏကြာလျှင် မီးအားလုံး မှိတ်သွားပြီး စင်တစ်ခုလုံး ငြိမ်သက်သွားလေ၏။


www.burmeseclassic.com

www.burmeseclassic.com

အင်စပက်တော်လှမိုးသည် ပွဲခင်းတစ်ခုလုံး အမှောင်ဖုံးသွားသဖြင့် တာဝန်အရ တကောင်ဘွါး၏ အနွံရယ်ကို ဂရုပြုရပြန်၏။

ဂန်ထောက်သန်းရွှေက အင်စပက်တော်လှမိုး၏ အပြုအမူကို တီးတိုး ရယ်မောလိုက်ပြီး ``အေးအေးဆေးဆေး နေစမ်းပါဗျာ၊ တကောင်ဘွါး မလာတော့ပါဘူး``ဟုပြောလေ၏။ ခဏကြာလျှင် စင်ပေါ်သို့ ပင်နီအကျီ၊ ရှမ်းဘောင်းဘီ နှင့် ဂါးခမောက်ဆောင်း ထားသော လူငယ်တစ်ဦး တက်လာပြီး လက်ထဲရှိ နှစ်ပေခန့် ရှည်သော ပုလွေ တစ်လက်ကို မှုတ်ယမ်းပြီး ထူးဆန်းသော


www.burmeseclassic.com

www.burmeseclassic.com



ကကွက်ဆန်းကို ကပြလေ၏ ။လူငယ်သည် လက်ထဲရှိ ပုလွေကို မှုတ်ယမ်းလိုက် မှုတ်ပြန်ပြလိုက်နှင့် ထူးဆန်းသော ကကွက် ဆန်းနှင့် တင်ဆက်ကပြလေ၏။ထိုသို့ ကပြရင်း ပုလွေရှင် လူငယ်သည် အင်စပက်တော်လှမိုးတို့၏ ဗိအိုင်ပီ ထိုင်ခုံများအနီးသို့ တဖြည်းဖြည်း နီးကပ်လာ၏။ အင်စပက်တော်လှမိုးသည် လူငယ်၏ ကကွက်ဆန်း၌ နှစ်မျောပါနေရာမှ တစ်စုံတစ်ရာကို ရုတ်တရက် သတိရပြီး အထိတ်တလန့် ဖြင့်``ဂန်ထောက်မင်း ဒီနေရာက အမြန်ပြေးပေတော့၊ တစ်ကောင်ဘွါး ရောက်နေပြီ``ဟုပြောကာ အိတ်ထဲရှိ သေနတ်ကို ထုတ်ယူလိုက်၏။အင်စပက်တော်လှမိုး၏ အမူအယာကြောင့် ဂန်ထောက်သန်းရွှေ ထိတ်လန့်သွားပြီး ``ဟင့်ဘယ်မှာလဲ တစ်ကောင်ဘွါး``ဟု ကမန်းကတန်း မေးမြန်း လေရာ အင်စပက်တော်လှမိုးက အလောတကြီးဖြင့် ``စင်ပေါ်ကကောင်ဟာ တစ်ကောင်ဘွါးပေါ့ဗျ၊ သူ့လက်ထဲက ပုလွေက မှုတ်ပြောင်း လက်နက်ဗျ၊ အန္တရာယ် ရှိတယ်၊ ဂန်ထောက်မင်းအိမ်ကို အမြန်ဆုံး ပြေးပေတော့``ဟုဆိုလိုက်ရာ ဂန်ထောက်သန်းရွှေသည် မိမိဘက်သို့ ပြောင်းလှည့်ပြီး ပုလွေ

www.burmeseclassic.com


မှတ်ဟန် ပြင်ဆင်နေသော လူငယ်ကို ကြည့်ပြီး တုန်လှုပ်ချောက်ချားကာ ပွဲခင်းထဲမှ တချိုးတည်း လွတ်ပြေးလေ၏။ အင်စပက်တော်လှမိုးသည် ပုလွေရှင် လူငယ်ကို မျက်တောင်မခတ်တမ်း ကြည့်ကာ သေနတ်ဖြင့် ပစ်ရန် အသင့်ပြင်ထားလိုက်၏။ ကံကောင်းထောက်မပြီး ဂန်ထောက်သန်းရွှေသည် ပွဲခင်းထဲမှ လွတ်မြောက်သွားလေ၏။ အင်စပက်တော်လှမိုးသည် ထိုအခါမှ သက်မကို ချပြီး တစ်ကောင်ဘွါးကို ဖမ်းဆီးရန် အငြိမ့်စင် အနောက်သို့ ထွက်ခဲ့လေ၏။ ပုလွေရှင် အမည်ခံ တစ်ကောင်ဘွါးကို မိမိ လက်ရ ဖမ်းဆီး ရပေတော့မည်။ အင်စပက်တော်လှမိုးသည် စိတ်လှုပ်ရှားလွန်းသဖြင့် မိမိကိုယ်မိမိ တည်ငြိမ်အောင် မနည်းကြိုးစားရလေ၏။


www.burmeseclassic.com

www.burmeseclassic.com

ဂန့်ထောက်သန်းရွှေသည် တုန်လှုပ်ချောက်ချားစွာဖြင့် အိမ်တော်အနောက်ခြမ်းရှိ အိမ်သို့ ပြန်ခဲ့၏။ သူ၏တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များ မြင်မကောင်းအောင် ကျနေ၏။ တစ်ကောင်ဘွါးဆိုသည့် ကောင်သည် ဘုရင်ခံအိမ်တော်ဝန်း အတွင်းသို့ပင် ကျူးကျော်စော်ကားပြီး မိမိအသက်ကို လုပ်ကြံရန် ကြံစည်နေလေ၏။ တစ်ကောင်ဘွါး၏ ခြေလှမ်းကို ကြိုတင် သိမြင်နိုင်သော အင်စပက်တော်လှမိုး၏ အစွမ်းကိုပင် ချီးမွမ်းမိ၏။ ဂန့်ထောက်သန်းရွှေသည် အိမ်သို့ ချောချောမောမော


www.burmeseclassic.com

www.burmeseclassic.com

ပြန်ရောက်သောအခါမှပင် သက်မကိုချနိုင်၏။ သူသည် တုန်ယင်သော လက်များဖြင့် အိမ်တံခါးမကြီးကို ဖွင့်ပြီး လုံခြုံအောင်ပြန်ပိတ်လိုက်၏။ အင်စပက်တော်လှမိုး တစ်ယောက် တစ်ကောင်ဘွါးကို လက်ရဖမ်းဆီးနိုင်ပါ့မလား မသိ။

ဂန်ထောက်သန်းရွှေသည် စိတ်မောလူမောဖြင့်အိမ်ပေါ်ထပ် လှေခါးထစ်များ အတိုင်း တက်သွားလိုက်၏။ ထိုအခိုက်မှာပင် အိမ်ပေါ်ထပ်မှ ``ကျုပ်ဆိုပါတယ် ဂန်ထောက်မင်း အသက်လုပြီး ပြေးလာရလို့ အတော် ပင်ပန်းသွားတယ် မှတ်တယ်`` ဟူသော အသံကို ကြားရသဖြင့် အထိတ်တလန့် လှမ်းကြည့်လိုက်ရာ ဧည့်ခန်းဆိုဖါပေါ်တွင် အကျအန ထိုင်နေသော တစ်ကောင်ဘွါးကို တွေ့လိုက်ရ၏။ ဂန်ထောက်သန်းရွှေက တုန်လှုပ်ချောက်ချားဟန်ဖြင့် ``မင်း..မင်း ဘယ်လိုလုပ် ငါ့အိမ်ပေါ် ရောက်နေတာလဲ၊ ဒီနေရာက ဘုရင်ခံ အိမ်တော်ဝန်းနော်၊ ရာဇဝတ်သင့် သွားမယ်`` ဟု ခြိမ်းခြောက်လိုက်ရာ တစ်ကောင်ဘွါးက ရယ်မောလိုက်ပြီး

``ဟာ.ဟား..ဟား.ဘုရင်ခံအိမ်တော်တွေ ဘာတွေ ဂရု မစိုက်ဘူး ကျုပ် သွားချင်ရင် ဘယ်နေရာမဆို သွားလို့ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



တားလို့မရဘူး၊ ခင်ဗျားရဲ့ အသက်ကို ယူမလို ရောက်လာတာ၊ မှတ်မိတယ် မဟုတ်လား၊ စံပယ်တောင်က မျိုးချစ်တွေရဲ့ အကြွေးလေ`` ဟုဆိုလိုက်ရာ ဂန်ထောက် သန်းရွှေသည် အွန္တရာယ်ကို ရှောင်ကွင်းလို့ မရတော့မှန်း ရိပ်စားမိလိုက်၏။ ထိုကြောင့် လက်ဦးမှု ရယူပြီး တိုက်ခိုက်ရန် ကြံစည်လိုက်၏။ ဂန်ထောက်သန်းရွှေသည် ခါးကြားက သေနတ်ကို အမြန်ထုတ်ပြီး တစ်ကောင်ဘွါးကို ပစ်ရန်ကြံလိုက်၏။ သို့သော် တစ်ကောင်ဘွါးက မှုတ်ပြောင်းကို ဆတ်ခနဲ ထုတ်ပြီး မှုတ်လိုက်ရာ မှုတ်ပြောင်းထဲရှိ မြားသည် ဂန်ထောက်မင်း၏ လည်တိုင်တွင် စိုက်ပြီး အောက်သို့လဲကျသွားလေ၏။ တစ်ကောင်ဘွါးခေါ် သီဟသည် သေအံ့မူးမူး ဖြစ်နေသော သန်းရွှေကို ကြည့်ပြီး မိဘနှစ်ပါးနှင့် မျိုးချစ်များအတွက် မိမိတာဝန် ကျေပြီဟုတွေးကာ ရင်ထဲတွင် လွတ်လပ် ပေါ့ပါး သွားလေ၏။ ပြီးနောက် ဂန်ထောက်သန်းရွှေ၏ အိမ်အနောက်မှ လှာခြေရာ ထွက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

အင်စပက်တော်လှမိုးသည် စင်အောက်သို့ ဆင်းလာမည့် တစ်ကောင်ဘွါးကို ခြောက်လုံးပြူး သေနတ်ချိန်ပြီး အသင့်စောင့်နေလေ၏။ တစ်ကောင်ဘွါးသည် ပုလွေရှင် သီချင်းပြီးဆုံးသောအခါ စင်အောက်သို့ ပြန်ဆင်းလာလေ၏။

အင်စပက်တော်လှမိုးသည် သေနတ်ဖြင့်ချိန်ပြီး တစ်ကောင်ဘွါးကို ဖမ်းဆီးရန် ကြံပြီးမှစင်အောက်သို့ ဆင်းလာသော တစ်ကောင်ဘွါး၏ အပြုအမူကြောင့် အံ့သြသွားလေ၏။ တစ်ကောင်ဘွါးသည် ခေါင်းပေါင်းကို ဖြုတ်ပြီး ရှည်လျားသော ဆံနွယ်များကို


www.burmeseclassic.com

www.burmeseclassic.com

ဖြေချလိုက်၏။ ပြီးနောက် ``ယောကျ်ားလို ဂုဏ်ဆင်ရတာ အိုက်လိုက်တာ``ဟုညည်းညူပြီး တပ်ဆင်ထားသော နှုတ်ခမ်းမွှေးအတုကို ဖြုတ်လိုက်၏။ အင်စပက်တော်လှမိုးသည် တစ်စုံတစ်ရာ မှားယွင်းနေပြီဟု သိလိုက်ပြီး မိန်းမပျိုလက်ထဲတွင် ကိုင်ထားသော ပုလွေကို လှ၍ ဖင်ပြန်ခေါင်းပြန် ကြည့်လိုက်ရာ မှတ်ပြောင်း လက်နက် မဟုတ်ဘဲ သာမာန် ပုလွေတစ်လက်သာ ဖြစ်ကြောင်း တွေ့ရ၏။ မိန်းမပျိုက အင်စပက်တော်လှမိုးကို ပြုံးတုံ့တုံ့ ကြည့်ရင်း ``ကျွန်မရဲ့ ပုလွေရှင် အကာကို နှစ်သက်လို့ အားပေးတာလား အရာရှိကြီး၊ ကျွန်မက ရွှေပိုးတီရဲ့ ညီမ မနန်းမူပါ``ဟုဆိုလိုက်ရာ အင်စပက်တော်လှမိုးသည် မနန်းမူကို စကားမတုန့်ပြန်တော့ဘဲ အထိတ်တလန့်ဖြင့်

``ဟိုက်..သွားပြီ..ငါခံလိုက်ရပြီ..ဂန်ထောက်မင်းတော့ သေပြီ``ဟုရေရွတ်ပြီး ဂန်ထောက်မင်း၏ အိမ်သို့ တရှိန်ထိုး ပြေးလွှားသွားလေ၏။ အိမ်ရှေ့သို့ ရောက်သောအခါ တံခါးကြီး ပိတ်ထားသဖြင့် သော့ကို သေနတ်ဖြင့် ပစ်ချိုးပြီး ဝင်လိုက်ရာ အိမ်ပေါ်ထပ်တွင် မရှုမလှ သေဆုံးနေသော


www.burmeseclassic.com

www.burmeseclassic.com

ဂန်ထောက်သန်းရွှေကို တွေ့ရလေ၏။ အင်စပက်တော်လှမိုးသည် ဂန်ထောက်မင်း၏ အလောင်းအနီးတွင် ခြေပစ်လက်ပစ် လှဲချလိုက်ပြီး ``တကောင်ဘွါး..တကောင်ဘွါး မင်းတော်ပါပေတယ်`` ဟုရှိုးမွမ်းလိုက်လေ၏။ အင်စပက်တော်လှမိုး၏ နောက်ဆက်တွဲ စုံစမ်းချက်များအရ များမကြာမီကမှ အသစ်ဝင်လာသော ဉယျာဉ်ခြံ အလုပ်သမား တစ်ယောက် ပျောက်ဆုံးနေသည်ဟု သိရ၏။ ထိုသူကို ခေါ်ဆောင်လာသူမှာ ဖိုးသမားသောင်းတင် ဆိုသူဖြစ်ပြီး သောင်းတင် ကိုယ်တိုင်လည်း ပျောက်ဆုံးနေသော အလုပ်သမား၏ အကြောင်းကို သေချာမသိချေ။

အင်စပက်တော်လှမိုးက သိဟာ၏ ဓါတ်ပုံကို ဖိုးသမား သောင်းတင်အား ပြလိုက်ရာ ဖိုးသမားက အံ့သြဟန်ဖြင့်

``ဟာ..သူလေ..ကျုပ် အလုပ်သွင်းပေးတာ သူပေါ့``

ဟုပြောလေ၏။ အင်စပက်တော်လှမိုးက သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး အခြေအနေ အရပ်ရပ်ကို နားလည်လိုက်လေတော့၏။ ရွှေပိုးတိ အငြိမ့်အဖွဲ့က ပုလွေရှင် အကကို ကပြခြင်းမှာ တိုက်ဆိုင်ခြင်းလော.. သိဟာ၏ အစီအမံ ပေလော ဆိုသည်ကိုမူ


www.burmeseclassic.com

www.burmeseclassic.com

ပဟောင်ဍိ ပုဏ္ဏ တစ်ပုဒ်ဖြစ်ခဲ့၏။ ရွှေပိုးတိ အငြိမ့်အဖွဲ့သို့ သွားရောက်ပြီး တစ်ကောင်ဘွါးနှင့် ပတ်သက်မှုကို မေးမြန်းစုံစမ်းရန် မကြိုးစားတော့ချေ။ ဂန်ထောက်သန်းရွှေ ကဲ့သို့ အမျိုးသား သစ္စါဖောက်တစ်ယောက် သေဆုံးသွားခြင်းသည် တိုင်းပြည် အတွက် ကောင်းသည်ဟု တွေးမိလေ၏။


www.burmeseclassic.com

www.burmeseclassic.com

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွါးပြီးနောက် ငါးနှစ်ခန့် အကြာတွင် အင်စပက်တော်လှမိုးသည် ဇနီးဖြစ်သူနှင့်အတူ သံလျင်ရှိ ကျိုက်မော်ဂန်း စေတီသို့ သွားရောက် ဖူးမျှော်လေ၏။ ထိုသို့ ဖူးမျှော်ရင်း ဇနီးဖြစ်သူက ရေလယ်ဘုရား အရှေ့ရှိ ငါးခြောက်ဆိုင်များတွင် ငါးခြောက် ဝယ်ဦးမည် ဆိုသဖြင့် ချောင်းရေပြင်ကို တစ်ကိုယ်တည်း ငေးမောကြည့်ရှုနေမိ၏။ ထိုသို့ ကြည့်ရှုနေစဉ် သူ၏ မြင်ကွင်းထဲသို့ လေ့ပေါ်မှ ဆင်းလာသော စုံတွဲ တစ်တွဲကို ဝင်ရောက်လာ၏။ ထိုစုံတွဲသည် လွန်စွာ လိုက်ဖက် ညီလှသည့် အပြင် နှစ်ယောက်စလုံးကို ရင်းရင်းနှီးနှီး မြင်ဖူးသလို ရှိသဖြင့် စဉ်းစား ဆင်ခြင်ကြည့်၏။ ထိုစုံတွဲသည်


www.burmeseclassic.com

www.burmeseclassic.com

အော်စတင် ကားနက်လေးပေါ်သို့ တက်ပြီး ရန်ကုန်ဘက်သို့ ပြန်လည် ထွက်ခွါသွားလေ၏။ အင်စပက်တော်လှမိုးသည် ထိုစုံတွဲ ထွက်ခွါသွားပြီးမှ ၎င်းတို့၏ အမည်ကို စဉ်းစားမိလေ၏။ စုံတွဲ နှစ်ယောက်အနက် ယောကျ်ား ဖြစ်သူမှာ တစ်ကောင်ဘွါး အမည်ခံ သီဟာဖြစ်ပြီး မိန်းမမှာ အငြိမ့်မင်းသမီး ရွှေပိုးတီ ဖြစ်၍ နေလေ၏။ သူတို့ စုံတွဲ မြင်မိပြီးနောက် အင်စပက်တော်လှမိုး ရင်ထဲတွင် မရှင်းလင်းသော ပုစ္ဆာတစ်ပုဒ်၏ အဖြေကို သိရှိ လိုက်လေ၏။ ထိုပုစ္ဆာမှာ ရွှေပိုးတီ အငြိမ့်အဖွဲ့၏ ပွဲလွှရင် အကမှာ တိုက်ဆိုင်မှု မဟုတ်ဘဲ ဉာဏ်နီဉာဏ်နက် များလှသော တကောင်ဘွါး၏ အစီအမံပင် ဖြစ်သည်ဟူသော အတွေးပင်ဖြစ်၏။ သီဟာနှင့် ရွှေပိုးတီသည် အော်စတင်ကားလေးနှင့် ရန်ကုန် ဘက်သို့ ပြန်လာခဲ့လေ၏။ ထိုစဉ် အနောက်ဘက် ထိုင်ခုံတွင် ရှိနေသော မနန်းမူက ``ကျွန်မ မှာ ကိုယ်လေးလက်ဝန် ဖြစ်နေလို့ ရေလယ်ဘုရားကို လိုက်မလာခဲ့တာ၊ ရှင်တို့ ဘုရားမှာ မှတ်ပြောင်း လက်နက်ကို လှူခဲ့ရဲ့လား`` ဟုမေးမြန်းလေရာ သီဟာက ကားမောင်းနေရာမှ ``မပူပါနဲ့ မိန်းမရယ်၊ ဘုရားမှာ


www.burmeseclassic.com

www.burmeseclassic.com

သေသေချာချာ လှူခဲ့ပါတယ် ``ဟုပြောလေ၏။ မနန်းမူက သက်ပြင်းချပြီး``ရှင့်လက်ထဲမှာ ဒီလူသတ် လက်နက်ကြီးကို ဆောင်မထားစေချင်လို့ ဘုရားမှာ လှူခိုင်းလိုက်တာ၊ အခုမှ နန်းမူ ရင်ထဲမှာ လွတ်လပ်ပေါ့ပါး သွားတယ်``ဟုဆိုလိုက်ရာ သီဟာ၏ အနီးတွင် ယှဉ်တွဲ ထိုင်နေသော ရွှေပိုးတိက``ငါလဲ နင်လိုပဲ ခံစားနေရတယ်၊ တို့ မိသားစု ဒီနေ့ကစပြီး စိတ်သစ်လူသစ်နဲ့ ဘဝသစ်ကို ရင်ဆိုင်ကြတာပေါ့``ဟုပြောလိုက်ရာ သီဟာက ညီအစ်မနှစ်ယောက်၏ စကားကြောင့် လည်မှာဆွဲထားသော တစ်ကောင်ဘွါး အဆောင်ကြေးပြား လေးများကို လက်ဖြင့် ဆုပ်ကိုင်လိုက်မိ၏။ ပြီးနောက်ကြေးပြား အဆောင်လေးကို စွန့်ကြရမည့် တာဝန် တစ်ခု ကျန်သေးသည်ဟု တွေးမိရင်း သက်ပြင်းရှည် ကြီးကို ချလိုက်လေ၏။

အခရာ အားလုံး ပြီးဆုံးသွားချေပြီ။

သိမ်းပိုက်ခြင်းကင်းသော

မင်းမြတ်သူ


www.burmeseclassic.com